# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## သတိရှိစွာကျင့်ရာ၏

ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော် (ပညာရှိ) အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကို နှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာ ကျင့်ရာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၃၂၈)**


၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၈၇)


# နိုင်ငံတော်သမ္မတဦးထင်ကျော် အူလန်ဘာတာမြို့ရှိ ဂျင်ဂစ်ခန်ရုပ်တုအဆောက်အအုံကို ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၇**

(၁၁)ကြိမ်မြောက် အာရှ - ဥရောပ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ရှိ ဂျင်ဂစ်ခန်ရုပ်တုအဆောက်အအုံကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဂျင်ဂစ်ခန်ရုပ်တုကို မွန်ဂိုလီးယားနိုင်ငံမြို့တော် အူလန်ဘာတာ၏ အရှေ့ဘက် ၅၄ ကီလိုမီတာအကွာရှိ တုလ်လွန်မြစ်ကမ်းနံဘေးတွင် မြင်း၏ ကျောကုန်းပေါ်တွင် ဂျင်ဂစ်ခန် ထိုင်နေသောပုံစံဖြင့် အရှည်မီတာ ၄၀ ရှိ ရုပ်တုထုလုပ်ထားခြင်းဖြစ်သည်။ ဒဏ္ဍာရီသမိုင်းများအရ ဂျင်ဂစ်ခန်သည် ရွှေကြာပွတ်ကို ရှာဖွေတွေ့ရှိခဲ့သော နေရာဖြစ်ကြောင်းကိုလည်း သိရသည်။

အဆိုပါရုပ်တုကို ဂျင်ဂစ်ခန်၏ မွေးရပ်ဇာတိရှိရာ အရှေ့အရပ်ဆီသို့ ညွှန်ပြသည့် အနေအထားဖြင့် တည်ဆောက်ထားပြီး ရုပ်တုအောက်ခြေတွင် ဂျင်ဂစ်ခန်မှ လစ်ဒန်ခန် အထိ ခေတ်ပေါင်း ၃၆ ခေတ်ကို ကိုယ်စားပြုသည့် ၁၀ မီတာအမြင့်ရှိ စာတိုင်ပေါင်း ၃၆ တိုင်ဖြင့် ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါရုပ်တု၏ မြင်းဦးခေါင်းပိုင်းမှစတင်ကာ လည်ပင်းနှင့် ရင်ဘတ်ပိုင်းတစ်လျှောက်မှနေ၍ မွန်ဂိုလီးယားဒေသ၏ ရေမြေရှုမျှော်ခင်းအလှကို မြင်ကွင်းကျယ် ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။ ရုပ်တုတည်ရှိရာ ဧရိယာအနောက်ဘက် မြေကွက် ၅၂ ပေါ်တွင် ကမ္ဘာလှည့်ခရီးသွားများ အနားယူအပန်းဖြေနိုင်ရန်


*စာမျက်နှာ ၄ ကော်လံ ၁* ✻




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျင်ဂစ်ခန်ရုပ်တုအဆောက်အအုံရှိ ပြခန်းနှင့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

# နိုင်ငံတွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်ထိထားရှိသည့် ရည်မှန်းချက်များကို အချိန်မီအကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

**အူလန်ဘာတာ ဇူလိုင် ၁၇**

(၁၁) ကြိမ်မြောက် ASEM ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ က ဇူလိုင် ၁၆ ရက်တွင် ASEM ထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် 20 Years of ASEM: Partnership for the Future through Connectivity ဟူသော နှစ်(၂၀)မြောက် အေဆမ်၏ ရည်မှန်းချက်နှင့်အညီ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ၁၆ ရက် အထိ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့၌ (၁၁) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီး အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

အေဆမ်သည် လွန်ခဲ့သောနှစ် ၂၀ အတွင်း အချိန်ကာလ၏ စမ်းသပ်မှုကို အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည့်အတွက် ခေါင်းဆောင်များအနေဖြင့် ကျေနပ်အားရမှုရှိခဲ့ပါသည်။ အာရှနှင့် ဥရောပပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသနှစ်ခုကြားရှိ နယ်ပယ်အသီးသီးတွင် စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းစသည်တို့မှာ အဖွဲ့၏တက်ကြွမှုနှင့် ဆက်စပ်မှုကို သက်သေပြလျက်ရှိသည်ဟု နိုင်ငံ့ခေါင်းဆောင်များက မှတ်ချက်ချခဲ့ပါသည်။ အေဆမ်လုပ်ငန်းစဉ်များတွင် အကျိုးစီးပွားကို ခွဲဝေခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်း၊ တန်းတူညီမျှရှိခြင်း စသည်ဖြင့် ဒေသနှစ်ခုအတွင်း မိတ်ဖက်မှုကို အလေးအနက်ထားရန် ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

ကမ္ဘာမြေနှင့် လူသားများ၏ အကျိုးဖြစ်ထွန်းစေမည့် အနာဂတ်တည်ဆောက်ရန် ရည်ရွယ်ထားသော သမိုင်းမှတ်တိုင်ဖြစ်သည့် ပါရီသဘောတူညီမှုနှင့် ဒုက္ခသည်လျှော့ချရေးအတွက် ပြုလုပ်ခဲ့သော ၂၀၃၀ လုပ်ငန်းစဉ်ဖြစ်သည့် Addis Ababa Action Agenda, the Sendai Framework ကို ၂၀၁၅ ခုနှစ်တွင် လက်ခံခဲ့သည့်အတွက်လည်း နိုင်ငံ့ခေါင်းဆောင်များက ဝမ်းမြောက်ဝမ်းသာရှိကြပါသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ❐


## နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်နှင့် အမျိုးသား ပြတိုက်သို့ သွားရောက် ကြည့်ရှု


စာမျက်နှာ-၃





မြန်မာ့အလင်း

# စည်းလုံးညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့

လာမည့်ဩဂုတ်လနောက်ဆုံးပတ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစု ပင်လုံကိုကျင်းပမည်ဖြစ်ရာ ညီလာခံတွင် ပါဝင်သင့် ပါဝင်ထိုက်သူများပါဝင်နိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအင်ဘန်လ ဦးဆောင်သည့် အဖွဲ့တို့ ရင်းနှီးသော မိသားစုဝင်များအဖြစ် ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ကြပြီဖြစ်သည်။

အဆိုပါတွေ့ဆုံမှုသည် တစ်ဖက်နှင့်တစ်ဖက်လိုလားချက်များ၊ ဆုံးဖြတ်ချက်များ၊ ပြင်ဆင်ချက်များပြုလုပ်သည့် ဆွေးနွေးညှိနှိုင်းပွဲမျိုးမဟုတ်ဘဲ မိသားစုဝင်များ အမြင်ချင်းဖလှယ်သည့် တွေ့ဆုံဆွေးနွေးမှုမျိုးဖြစ်သည်။ (၂၁)ရာစုပင်လုံတွင် ပါဝင်သင့်ပါဝင်ထိုက်သူအဓိကကျသည့်ပုဂ္ဂိုလ်များ ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ကြရာတွင် နိုင်ငံတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သင့်မြတ်အောင်ဆောင်ရွက်ကြရုံသာမက တိုင်းရင်းသားများ အချင်းချင်းအကြား ပြန်လည်သင့်မြတ်ရေးအတွက်ပါ ဆောင်ရွက်ပေးကြရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင် ၅ ရက်တွင်ကျင်းပသည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေး ကော်မတီနှင့်တွေ့ဆုံဆွေးနွေးသည့်အစည်းအဝေးတွင်ပြောကြားခဲ့ပြီး အရေးကြီးသည့်ဆုံးဖြတ်ချက်ကိုလည်းချပေးနိုင်ခဲ့ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ အရှိန်မှန်မှန်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် သွားနေခြင်းဖြစ်သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် အလိုအပ်ဆုံးသောအရာမှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်သည့်အလျောက် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေးကို အစိုးရသစ်၏ မူဝါဒတစ်ရပ်အဖြစ် အထူးဦးစားပေးဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ ''နောင်မျိုးဆက်သစ်များအတွက် ထားခဲ့ရမည့် အကောင်းဆုံးအမွေအနှစ်သည် ငြိမ်းချမ်းရေးပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး မရှိလျှင်ဖွံ့ဖြိုးတိုးတက်မှုကိုမရရှိနိုင်ပါကြောင်း၊ ထို့ပြင် စည်းလုံးညီညွတ်မှုရှိမှသာ ငြိမ်းချမ်းနိုင်မည်ဖြစ်သည့်အတွက် ညီညွတ်ရေးကိုအခြေခံသည့် ငြိမ်းချမ်းရေးကိုဖန်တီးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမှတစ်ဆင့် မိမိတို့လိုလားသည့် ချမ်းသာကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မျိုးဆက်သစ်များကိုတစ်ဆင့်ပြီးတစ်ဆင့်ကောင်းမွန်သည့် အမွေနှင့်အတူတာဝန်များကိုလည်း လက်ဆင့်ကမ်းပေးသွားရမည် ဖြစ်ပါကြောင်း'' နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်မှာလည်း မှတ်သားဖွယ်ပင်ဖြစ်သည်။

အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးကြိုးပမ်းမှုကာလ ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်းက ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ညီညွတ်ရေးအဆိုကို ရှင်းလင်းတင်သွင်းခဲ့သည်။ မြန်မာပြည်လွတ်လပ်ရေးအတွက် အလိုအပ်ဆုံးသောအရာမှာ တစ်မျိုးသားလုံး ညီညွတ်ရေးပင်ဖြစ်ကြောင်း ဗိုလ်ချုပ်က မြွက်ကြားခဲ့ရာတွင် ''ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ် ဒါတွေကိုရအောင် အဲဒီလို တူညီတဲ့အကျိုး တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ပြောရုံနဲ့ မပြီးဘူး၊ ပါးစပ်ကညီညွတ်ချင်ပါတယ်ပြောလို့ မဖြစ်ဘူး၊ အလုပ်မှာလည်း တူရမယ်၊ အကျိုးမှာလည်း တူရမယ်၊ ရည်ရွယ်ချက်မှာလည်း တူရမယ်၊ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ခေါ်ထိုက်တယ်'' ဟု ဆိုခဲ့သည်။

ရာဇဝင်သမိုင်းနောက်ခံတို့မည်သို့ပင်ပြောင်းလဲသွားစေကာမူ တိုင်းရင်းသားလူမျိုးများစုပေါင်းနေထိုင်ကြသည့် မြန်မာနိုင်ငံတွင် စည်းလုံးညီညွတ်မှုဟူသည် ခေတ်တိုင်းအတွက် မရှိမဖြစ်လိုအပ်သော အမျိုးသားရေးဆိုင်ရာလိုအပ်ချက်၊ ပြည်ထောင်စု၏ အသက်ပင်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံလွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်ခဲ့ကြသလို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံထူထောင်ရေးကာလတွင်လည်း နိုင်ငံဖွံ့ဖြိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းသွားကြပါရန် ဆန္ဒပြုအပ်ပါကြောင်း။ ။




## အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(မြိတ်)တွင် ဇူလိုင် ၁၅ ရက်က (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကွန်ပျူတာတက္ကသိုလ်(မြိတ်)ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသန္တာဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာမ ဒေါ်နွေးနွေးထိုက်က အာဇာနည်နေ့တို့မမေ့ ခေါင်းစဉ်ဖြင့် ဟောပြောကြပြီး စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

**ဇီးကုန်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စံပြမူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများ၏ (၆၉) နှစ်မြောက် အာဇာနည်နေ့အကြိုအထိမ်းအမှတ် စုပေါင်းကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၄ ရက် နံနက်က ဇီးကုန်းမြို့အေးမြသာယာမြို့သစ်(၁)လမ်းရှိ စံပြမူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ပပဝင်းက အမှာစကားပြောကြားပြီးနောက် အစုအဖွဲ့အလိုက် စုပေါင်းကဗျာရွတ်ဆိုကြသော မူကြိုရင်သွေးငယ်လေးများအား ပြည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းငွေနှင့် စံပြမူကြိုကျောင်း မိဘဆရာအသင်းဝင်များက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြခန်းပြသမည်

**ပုသိမ်  ဇူလိုင်  ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် (၆၉) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ပြခန်းကို ယနေ့မှစ၍ မြို့တော်ခန်းမတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြခန်းတွင် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ ဓာတ်ပုံများနှင့်အတ္ထုပ္ပတ္တိများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုပုံများ၊ နတ်မောက်နှင့် ရန်ကုန်မြို့ တာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်နေခဲ့သော အိမ်များနှင့် အသုံးအဆောင်ပစ္စည်းများ၏ ပုံများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရမှု သရုပ်ဖော်ပန်းချီကားများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ မူလတန်း၊ အလယ်တန်း၊ အထက် တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရစာမူများကို ပြသထားသည်။



ယင်းပြခန်းကို ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ဆယ်ကျော်သက်အရွယ် ကျန်းမာရေး အသိပညာပေး သင်တန်းဖွင့်

**ကျိုက်ထို  ဇူလိုင်  ၁၇**

ကျိုက်ထိုမြို့နယ်တွင် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးအသိပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၅ ရက် နံနက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဒုတိယပညာရေးမှူး ဦးလှထွန်းက အမှာစကားပြောကြားပြီး လူမှုဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းထင်က ဆယ်ကျော်သက်အရွယ် ကျောင်းသား ကျောင်းသူများ အခြေခံကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာများတိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ထို့နောက် ကျောင်းသား ကျောင်းသူလေးများအား ကျန်းမာရေးနှင့်သက်ဆိုင်သည့် မေးခွန်းများကို အုပ်စုအဖွဲ့ဖွဲ့၍ ဖြေကြားစေပြီး အသင်းဥက္ကဋ္ဌက မေးခွန်းအဖြေများကို ပြန်လည်ရှင်းပြခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း  ၁၇-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၅.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃.၂၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၄၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၄၉ |
| တရုတ် | တစ်ယွမ် | ၁၇၅.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၂၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# အမျိုးသားအကျိုးစီးပွား

ပါတီတွေ တည်ရှိတာ မရှိတာ အဓိကမဟုတ်ဘူး။ ၎င်းတို့ဟာ အမျိုးသားရေးအကျိုးစီးပွားများကို ဘေးဥပဒ်ဖြစ်စေမယ့် ပါတီစွဲ လုပ်ဆောင်မှုတွေကို မလုပ်မိဖို့ အရေးကြီးတယ်။ အမျိုးသား အကျိုးစီးပွားအတွက်ဆိုရင် ပါတီတွေဟာ အဲဒီအရေးကိစ္စမှာ ဂိုဏ်းဂဏစွဲ မထားဘဲ အတူတကွပူးပေါင်းပြီး အတူတကွလုပ်ဆောင်ကြရမှာဖြစ်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသော ဖဆပလအဖွဲ့ကြီး၏ ပထမအကြိမ် ကွန်ဂရက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှု

**ရန်ကုန် ဇူလိုင် ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ရောက်ရှိပြီး ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအတွက် ပြတိုက်အတွင်း ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပြတိုက်အတွင်း အကြီးစား ပြုပြင်မွမ်းမံ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တု ပြသထားရှိမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများပြသရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးတို့နှင့်အတူ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပန်းချီ ဦးမာလာ၏ ခေတ်စုံအလှစုံ ပန်းချီပြပွဲကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပန်းချီဆရာကြီး ဦးမာလာက ၎င်းကိုယ်တိုင် လွန်ခဲ့သော ဆယ်နှစ်ကျော်က ရေးဆွဲထားသည့် ရေဆေးပန်းချီကားကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ပန်းချီဦးမာလာ၏ ခေတ်စုံအလှစုံ ပန်းချီပြပွဲကို ဇူလိုင် ၁၇ ရက် မှ ၁၉ ရက်အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ပြသသွားမည်ဖြစ်ပြီး ပန်းချီဆရာကြီး ဦးမာလာ၏ ပန်းချီကားပေါင်း ၃၀ ကို ပြသထားသည်။

**(သတင်းစဉ်)**





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဇာနည်နေ့အခမ်းအနားအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်း ပြင်ဆင်ထားမှုကို ကြည့်ရှုစဉ်

# အာဇာနည်နေ့တွင် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ လာရောက်လေ့လာသူများ အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ထား

မကွေး ဇူလိုင် ၁၇

**လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ ဗိုလ်ချုပ် အောင်ဆန်းနေအိမ်ပြတိုက်၌ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ယင်းနေ့တွင် ဓာတ်ပုံနှင့် ပန်းချီပြခန်းများ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ လာရောက်လေ့လာသူအရေအတွက်မှာ ပုံမှန်ရက်များတွင် ပျမ်းမျှ ၅၀ မှ ၇၀ ကြားရှိသော်လည်း ဗိုလ်ချုပ်မွေးနေ့(ဖေဖော်ဝါရီ ၁၃ ရက်)နှင့် အာဇာနည်နေ့(ဇူလိုင် ၁၉ ရက်)တို့တွင် လာရောက်သူဦးရေ ပိုမိုများပြားလေ့ရှိကြောင်း၊ ယခု အာဇာနည်နေ့တွင် လာရောက်သူများ အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း ဗိုလ်ချုပ်နေအိမ်ပြတိုက်မှ ပြတိုက်အမြဲတမ်းတာဝန်ခံက ပြောသည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၌ အာဇာနည်နေ့မတိုင်မီရက်များကတည်းကပင် လာရောက်ကြည့်ရှုသူများ တဖွဲဖွဲရောက်ရှိနေသည်ကို တွေ့ခဲ့ရသည်။

ယခုနှစ် အာဇာနည်နေ့တွင် ဓာတ်ပုံနှင့် ပန်းချီပြခန်းများ ပြသသွားရန်ရှိသည့်အနက် ဓာတ်ပုံပြခန်းတွင် ဓာတ်ပုံ ၁၇၀ ခန့် ပြသသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ပြသရာတွင် ရှားပါးဓာတ်ပုံများကို အဓိကပြသသွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ပြသထားသည့် ဓာတ်ပုံများနှင့် မတူညီသည်များကို ပြသသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးစီးမှူး ဦးသက်ဝင်းအောင်က ပြောသည်။

အဆိုပါဓာတ်ပုံများအနက် အလှူရှင်များကလှူဒါန်းသည့် ဓာတ်ပုံများ ပါဝင်သကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ရှာဖွေစုဆောင်းထားသည်များလည်း ပါဝင်ကြောင်း၊ ပြခန်းအဆောက်အအုံကို ယာယီသဘောမျိုးသာ လုပ်ဆောင်သွားမည်ဖြစ်ပြီး အာဇာနည်နေ့အထိမ်းအမှတ်အဖြစ်ပြသသွားမည်ဖြစ်ကာ ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း၊ ဓာတ်ပုံပြခန်းနှင့် ပန်းချီပြခန်းများကို ဗိုလ်ချုပ်နေအိမ်ပြတိုက်ဝင်းအတွင်း၌ (၁၀×၅၀)ပေ အခန်း ငါးခန်းဖြင့် ပြသမည်ဖြစ်ပြီး လွမ်းသူ့ပန်းခွေချခြင်းကို ဗိုလ်ချုပ်ကြေးရုပ် တည်ရှိရာ ကြေးရုပ်ကွင်းအတွင်း ပြုလုပ်သွားမည်ဟု သိရသည်။

နတ်မောက်မြို့တွင် အာဇာနည်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချခြင်းကို ပါတီအလိုက်၊ အဖွဲ့အစည်းအလိုက် စနစ်တကျရှိစေရန်နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ပြသမည့် ဓာတ်ပုံနှင့် ပန်းချီပြခန်းများအား လာရောက်လေ့လာမည့် ပြည်သူများ စနစ်တကျကြည့်ရှုနိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက စီစဉ်ထားကြောင်း၊ အာဇာနည်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥသြဆွဲကာ လမ်းပေါ်၌ မောင်းနှင်သွားလာနေသော ယာဉ်များမှအစ ပြည်သူများအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ငြိမ်သက်စွာ အလေးပြုနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်းနှင့် ဓာတ်ပုံ- နိုင်လင်းကြည်၊ ရာမည**

✱ ရှေ့ဖုံးမှ

မွန်ဂိုလီးယား ရွက်ဖျင်တဲစခန်း ၂၀၀ ပါဝင်သည့် အပန်းဖြေစခန်းတစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။

ထို့ပြင် ဂျင်ဂစ်ခန်ရုပ်တုနှင့် တွဲဖက်၍ ရှေးဟောင်းသုတေသနဆိုင်ရာ မွန်ဂိုလီးယားလူမျိုးတို့၏ ယဉ်ကျေးမှုလက်ရာများဖြစ်သည့် နေ့စဉ်အသုံးအဆောင်ပစ္စည်းများပြခန်းနှင့် ကြီးမြတ်သောခန် ခေတ်ဖြစ်သည့် ၁၃ နှင့် ၁၄ ရာစုကာလများအတွင်း အသုံးပြုခဲ့သည့် ရှေးဟောင်းရွှေထည်လက်ရာ ပစ္စည်းများကိုလည်း ပြသထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဂျင်ဂစ်ခန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာပြီး ရန်ကုန်မြို့သို့ ညပိုင်းတွင် ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ ဂျင်ဂစ်ခန်ရုပ်တုရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

# ကန်ထရိုက်လယ်ယာစနစ်ဖြင့် စက်ရုံနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအခွင့်အလမ်းတစ်ရပ် ပေါ်ပေါက်လာ

**နေပြည်တော် ဇူလိုင် ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တောင်သူ လယ်သမားများအတွက် အကျိုးရှိစေမည့် လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ တိုးချဲ့တည်ထောင်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ မိမိတို့အစိုးရအနေဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေး လုပ်ငန်းများအပေါ် ထိရောက်စွာ အကျိုးပြုစေမည်ဟု ယုံကြည်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍအနေဖြင့်လည်း ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအပိုင်းကို ပိုမိုအားထည့် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဇူလိုင် ၁၄ ရက် ညနေပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ကျီအင်းကျေးရွာရှိ Myanmar Agri Foods Co.,LTD. က တည်ဆောက်ထားသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများအား ပြုပြင်အေးခဲ၍ နှစ်စဉ် တန် ၅၀၀၀ ထုတ်လုပ်မည့် စားသောက်ကုန် အအေးခန်းစက်ရုံဖွင့်ပွဲ၌ ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက အဆိုပါ စက်ရုံဖွင့်လှစ်နိုင်ခြင်းသည် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ စက်ရုံအတွက် သီးနှံကုန်ကြမ်းများရရှိရေးအတွက် ခန့်မှန်းစိုက်ပျိုးဧက ၁၂၀၀၀ ခန့် မျှော်မှန်း၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စက်ရုံနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ တောင်သူများ၏ ဝင်ငွေတိုးတက်ရေး အခွင့်အလမ်းတစ်ရပ် ပေါ်ပေါက်လာခြင်းအပေါ် များစွာဝမ်းမြောက်မိပါကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် စက်ရုံကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ စားသောက်ကုန်နှင့် ကုန်ထုတ်လုပ်ငန်းဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တာဝန်ရှိသူများက စက်ရုံဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ဒေသခံတောင်သူများ ရရှိလာနိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းနှင့် အခွင့်အရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရရှိနိုင်မည့် ရလဒ်ကောင်းများအပေါ် အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

(သတင်းစဉ်)

# ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် ငါးနိုင်ငံ ဂီတနှင့်အကပွဲတော်တွင် ဖျော်ဖြေရန်ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးအောင်ဆန်းဦး ဦးဆောင်၍ အဖွဲ့ဝင် ၁၉ ဦး ပါဝင်သော မြန်မာနိုင်ငံ ယဉ်ကျေးမှုကိုယ်စားလှယ် အနုပညာရှင်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ Quang Tri ခရိုင်တွင် ဇူလိုင် ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် Cambodia-Laos-Myanmar-Thailand-Vietnam Festival of Song, Dance and Music 2016 သို့ တက်ရောက်ဖျော်ဖြေရန်နှင့် ပြည်ပနိုင်ငံများနှင့် ယဉ်ကျေးမှု ဖလှယ်ရန်အတွက် ဇူလိုင် ၁၆ ရက်က ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်မှ ဗီယက်နမ်လေကြောင်းလိုင်း VN 0956 ဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။



(သတင်းစဉ်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မှတ်သုံလေအားနည်းနေမည်။ (မိုး/ဇလ)

# အမေရိကန်သံအမတ်ကြီးအဖြစ် ဦးအောင်လင်းအား ခန့်အပ်

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းအား အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

# လှိုင်းအားနိမ့် တာတိုလှိုင်းဖမ်းစက်များအတွက် နည်းပညာဆိုင်ရာသတ်မှတ်ချက်များ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသည် လှိုင်းအားနိမ့်တာတိုလှိုင်းဖမ်းစက် (Short Range Device)များအတွက် နည်းပညာဆိုင်ရာသတ်မှတ်ချက်များ (Technical Specifications) အား ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ယင်း သတ်မှတ်ချက်နှင့် အကျုံးဝင်သော ဆက်သွယ်ရေးပစ္စည်းများ အသုံးပြုခြင်း၊ တင်သွင်းခြင်းများနှင့် စပ်လျဉ်း၍ ဤဦးစီးဌာန၏ ထောက်ခံခွင့်ပြုချက်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်းနှင့် အဆိုပါသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များအား ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.motc.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❋ ကျောဖုံးမှ

ကုန်စိမ်းရော ကုန်ခြောက်ပါတင်ထားတဲ့ မော်တော်စင်းရေက များတဲ့အတွက် ဒီနေ့မနက်မှာ အားလုံးကို အသိပေးမှာကြားစရာရှိတာတွေ၊ သတိထားသွားဖို့အကြောင်းတွေမှာကြားပြီး ထွက်ခွာခွင့်ပြုလိုက်တာ ဖြစ်ပါတယ်”ဟု ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီဝင် ဦးသောင်းညွန့်က ပြောသည်။

မုံရွာမြို့အခြေပြု၍ ချင်းတွင်းမြစ်အထက်ပိုင်း ကနီ-မင်းကင်း-မော်လိုက်-ကလေးဝ-ဟုမ္မလင်း-ဟောင်ပါး-တာမခန် စသည့်ဒေသများသို့ သွားရောက်ကြမည့် ကုန်တင် နှင့် ခရီးသည်တင်ရေယာဉ် ၆၅ စင်းကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီမညီစစ်ဆေးကာ မြစ်ရေသည်စိုးရိမ်ရေမှတ်အောက် ရောက်သော်လည်း ရေစီးအားသန်သေးသောကြောင့် မြစ်အတွင်းရှိ စုပ်ဝဲများနှင့် မှုတ်ဝဲများကို သတိပြုထိန်းကျောင်းမောင်းနှင်ရန်နှင့် မြစ်အတွင်းသို့ အညာပိုင်းဒေသနှင့် ချင်းပြည်နယ်ဘက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှု မကြာခဏရှိသေးသောကြောင့် ခါးဖြတ်ဝင်လာသော ယမားချောင်းရေအန္တရာယ်ကိုလည်း သတိပြုမောင်းနှင်ကြရန်တို့ကို မှာကြားကာ ရေယာဉ်များကို ထွက်ခွာခွင့်ပေးလိုက်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ကြေညာချက်တို့နှင့်အညီ လူ့အခွင့်အရေးများကိုတိုးမြှင့်ရန်နှင့် ကာကွယ်ပေးရန် ခေါင်းဆောင်များက ၎င်းတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြ

❒ ရှေ့ဖုံးမှ

အဆောတလျင်ဆုံးဖြတ်မှုများကို သည်းခံကာ လက်တွေ့ကျသော ဆောင်ရွက်မှုများအဖြစ် အကောင်အထည်ဖော်ခြင်းဖြင့် လက်တွေ့ကျသော ကွဲပြားခြားနားမှုများကို လုပ်ဆောင်လာနိုင်သည့်အပြင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကို အစိမ်းရောင်ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှုအဖြစ် ပြောင်းလဲပေးပြီး ရာသီဥတုဒဏ်ခံ ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်လိမ့်မည်ဖြစ်ပါသည်။ ထို့အပြင် ခေါင်းဆောင် များသည် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်ထိထားရှိသည့် ရည်မှန်းချက်များကို ပြည့်ဝစွာ အချိန်မီအကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။

ရေရှည်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန် မဟာဗျူဟာများဖန်တီးရေး၏ အရေးပါမှုကို ၎င်းတို့က အသိအမှတ်ပြုခဲ့ကြပြီး မြင့်တက်လာသော ကမ္ဘာ့ပျမ်းမျှအပူချိန်ကို စက်မှုလုပ်ငန်းသုံးအဆင့် အထက် ၂ ဒီဂရီ စင်တီဂရိတ်အောက် ရောက်ရှိရန်နှင့် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ကန့်သတ်ရန်၊ ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်ရန်နှင့် ရာသီဥတုပြောင်းလဲမှု၏ ဘေးဖြစ်စေတတ်သော အကျိုးသက်ရောက်မှုများကို လိုက်ဖက်အောင်ပြင်ဆင်သည့်စွမ်းရည် မြင့်တက်လာစေရန် ပါရီသဘောတူညီချက်၏ လိုအပ်ချက်များ ဖြေရှင်းရာတွင် ဟန်ချက်ညီသော ချဉ်းကပ်မှုတစ်ခု ဖြစ်ပေါ်စေခဲ့ပါသည်။ Nationally Determined Contributions (NDCs) အကောင်အထည်ဖော်ဆောင်မှုနှင့် သဘောတူညီချက်အရ ပိုမိုရည်မှန်းချက်ကြီးမားသော လုပ်ဆောင်ချက်နှင့်ပံ့ပိုးမှုကို အဆင့်ဆင့်ရယူနိုင်မှုမှ တစ်ဆင့် အသေးစိတ် စည်းမျဉ်းစည်းကမ်းများ ဖြစ်ပေါ်လာခြင်းအပါအဝင် သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရာတွင် အပြည့်အဝ ထိထိရောက်ရောက်ပါဝင်ရန် ခေါင်းဆောင်များက ASEM မိတ်ဖက်နိုင်ငံများအား တိုက်တွန်းခဲ့ပါသည်။

ရေရှည်ထိန်းထားနိုင်ခြင်းမရှိသော စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် သစ်တောဆိုင်ရာ လုပ်ငန်းများအပါအဝင် မတူညီသောအရင်းအမြစ်များမှ ဖန်လုံအိမ်ဓာတ်ငွေ့များလျှော့ချရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ ဘဏ္ဍာရေး၊ နည်းပညာလွှဲပြောင်းမှုနှင့် သင့်လျော်အောင်စီစဉ်ရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ကဲ့သို့သော တိုးမြှင့်ပံ့ပိုးမှုနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲတိုင်းပြည်များအထိ ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုကိစ္စရပ်များမှာ ထိုသဘောတူညီချက်အကောင်အထည်ဖော်ဆောင်မှုမြှင့်တင်ရာတွင် အရေးပါသည်ဟုလည်း ၎င်းတို့က အလေးထားခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုက အာတိတ်ဒေသတွင် ကြီးစွာသော အကျိုးသက်ရောက်မှုတစ်ရပ် ဖြစ်စေခဲ့ကြောင်း ခေါင်းဆောင်များက သဘောတူခဲ့ကြပြီး ထိုနယ်မြေအတွင်း နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ပန်ကြားလိုက်ပါသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက ပါရီမြို့တော်တွင် စတင်ဖွဲ့စည်းခဲ့သော နေရောင်ခြည်စွမ်းအင် ပေါကြွယ်ဝသော နိုင်ငံ ၁၂၂ နိုင်ငံပါဝင်သည့် အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင် မဟာမိတ်နိုင်ငံများအုပ်စု (ISA)ကို ထိုနယ်ပယ်အတွင်း နိုင်ငံတကာ အသိုင်းအဝိုင်း၏ သိသာထင်ရှားသော ဆောင်ရွက်မှုတစ်ရပ်အဖြစ် ခေါင်းဆောင်များက ကြိုဆိုခဲ့ပါသည်။

ကုန်းမြေ၊ ရေပြင်ရှိ သဘာဝအရင်းအမြစ်များကို မူဝါဒများဖြင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြင့် ပေါင်းစည်းရန် လိုအပ်မှုကို ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ပါသည်။ သမုဒ္ဒရာများ အခြေအနေကောင်းမွန်ရန်၊ သန့်ရှင်းစေရန်နှင့် ဘေးကင်းစေမှုကို ထိန်းသိမ်းရန် ရေရှည်နည်းလမ်းတစ်ရပ်အဖြစ် ပင်လယ်ရေကြောင်းဆိုင်ရာ လှုပ်ရှားမှုများကို စီမံခန့်ခွဲရန်နှင့် အနာဂတ်မျိုးဆက်များအတွက် ၎င်းတို့ကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်ချက်ကို ခေါင်းဆောင်များက မီးမောင်းထိုးပြခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးတွင် ASEM မိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ယခုထက် ပိုမိုတိုးတက်လာစေရေးကို ခေါင်းဆောင်များက အားပေးခဲ့ပါသည်။ ဗဟုသုတမျှဝေခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ သဘာဝ ဘေးအန္တရာယ်လျှော့ချခြင်း၊ သင့်လျော်အောင်စီစဉ်ခြင်း၊ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များ၊ ကြိုတင်အချက်ပေးစနစ်များ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများ၊ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာအသုံးချမှုကဲ့သို့သော ကျယ်ပြောသော ပြည်သူဗဟိုပြု ချဉ်းကပ်မှုအပေါ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းမှတစ်ဆင့် ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်မှု ခိုင်မာအားကောင်းလာစေရေး၏ အရေးပါမှုကို ခေါင်းဆောင်များက မီးမောင်းထိုးပြခဲ့ပါသည်။

ထို့အပြင် အဓိကကျသော သဘာဝဘေးအန္တရာယ်ဖြစ်ရပ်များတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် နိုင်ငံသားကာကွယ်စောင့်ရှောက်ရေး အကူအညီမှတစ်ဆင့် နိုင်ငံတကာစည်းလုံးညီညွတ်မှု၏ အရေးပါမှုကိုလည်း ၎င်းတို့က အသိအမှတ်ပြုခဲ့ပါသည်။

ခေါင်းဆောင်များအနေဖြင့် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး၊ လုံခြုံရေး စည်းမျဉ်းများနှင့်စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာ လုပ်သားစံချိန်စံညွှန်းနှင့် ပြည်တွင်း ဥပဒေများအား မြှင့်တင်ပေးကြပြီး ကုန်ထုတ်လုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးကိုလည်း ထည့်သွင်းစဉ်းစားကြပါသည်။ ယခုပြုလုပ်သော ဆောင်ရွက်ချက်အရ ခေါင်းဆောင်များအနေဖြင့် ရွှေ့ပြောင်းလုပ်သားများ အပါအဝင် လုပ်သားများအားလုံးအတွက် လုပ်သားအခွင့်အရေး မြှင့်တင်ပေးရန်နှင့် လုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးပေးရန် လိုအပ်မှုကို အလေးထားခဲ့ကြပါသည်။ အမျိုးသမီးရွှေ့ပြောင်းလုပ်သားများနှင့် အဆင့်အတန်းမမီ နိမ့်ကျသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေကြရသည့် လုပ်သားများအား အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ရန် အသိပညာပေးခြင်းနှင့် သုတေသနပြုခြင်း၏ အရေးပါမှုကို အလေးထားခဲ့ကြပါသည်။

ခေါင်းဆောင်များအနေဖြင့် တရုတ်နိုင်ငံတွင် ၂၀၁၅ ခုနှစ် မေလကကျင်းပသော အေဆမ်ဆက်သွယ်မှုဆိုင်ရာ စက်မှုလုပ်ငန်းဆွေးနွေးပွဲ၏ ရလဒ်များအား ကြိုဆိုကြပြီး ဆက်သွယ်မှုဆိုင်ရာ လမ်းသစ်ရှာဖွေရေးအဖွဲ့အား နှစ်နှစ်သက်တမ်းဖြင့် ဖွဲ့စည်းရန် သဘောတူခဲ့ကြပါသည်။

ခေါင်းဆောင်များအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ တံဆိပ်ခတ်နှိပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ တီထွင်ဖန်တီးခြင်း၊ တီထွင်ဆန်းသစ်ခြင်း၊ ဖန်တီးမှုဆိုင်ရာလုပ်ငန်းများ၏ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုနှင့် အလားအလာများကို အသိမှတ်ပြုခဲ့ကြပါသည်။ ကျွမ်းကျင်သူများနှင့် အဖွဲ့အစည်းများအကြား ပညာရပ်နှင့် အတွေ့အကြုံများဖလှယ်ခြင်း၊ ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်မှု အစီအစဉ်နှင့် ကွန်ရက်များ ခိုင်မာစေခြင်းတို့ကို ခေါင်းဆောင်များက အားပေးခဲ့ကြပါသည်။

တိုးတက်လျက်ရှိသောကမ္ဘာကြီးတွင် ဖန်တီးမှုဆိုင်ရာလုပ်ငန်းများ တိုးတက်စေရန် ယဉ်ကျေးမှုဆိုင်ရာ မူဝါဒများဖြင့် ထောက်ပံ့သင့်ကြောင်း ခေါင်းဆောင်များက မီးမောင်းထိုးပြခဲ့ကြပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးထောက်ပံ့မှု၊ ဆုကြေးများ၊ စီးပွားရေးလုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးများဆိုင်ရာကိစ္စရပ်များတွင် နည်းပညာအသုံးပြုမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များတွင် စုပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်များ ခိုင်မာစေခြင်းတို့ကိုလည်း အားပေးခဲ့ပါသည်။

ခေါင်းဆောင်များသည် နိုင်ငံတကာ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု စသည်တို့ကို အပြင်းအထန် ခြိမ်းခြောက်နေသည့် အကြမ်းဖက်ဝါဒကို ဆန့်ကျင်တုံ့ပြန်ရန်၊ အမျိုးမျိုးသော အစွန်းရောက်အကြမ်းဖက်မှုများကို ကာကွယ်ရန်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ နိုင်ငံတကာဥပဒေနှင့်အညီ သိသာထင်ရှားစေရန်၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ ဒုက္ခသည်ဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးဥပဒေဆိုင်ရာကိစ္စရပ်ကို ထပ်လောင်းပြောကြားခဲ့ပါသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ ဖျက်ဆီးခံရမှုအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများကို ပြင်းထန်စွာဝေဖန်ခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၁၇၈ တွင် ဖော်ပြထားသည့် တိုင်းတစ်ပါးအကြမ်းဖက်တိုက်ခိုက်ရေးသမားများ မြင့်တက်လာသောဖြစ်စဉ်နှင့်အတူ လူ့ဘောင်အဖွဲ့အစည်းအတွင်း လူမျိုးရေးခွဲခြားမှုနှင့် အစွန်းရောက်အကြမ်းဖက်မှုများ ပျံ့နှံ့လာမှု၊ အကြမ်းဖက်မှုများ ကြီးထွားလာစေနိုင်သော အခြေအနေများကို ဖယ်ရှားရှင်းလင်းရန်နှင့် တုံ့ပြန်ရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။

ထို့ပြင် လူသားမျိုးနွယ်စု၊ ဘာသာရေးစသည်တို့နှင့် နီးနွယ်ခြင်းမရှိသော အစွန်းရောက်အကြမ်းဖက်မှုများကို တုံ့ပြန်နိုင်သည့် ပြည့်စုံသောနည်းလမ်းကောင်းတစ်ခု လိုအပ်ကြောင်းလည်း အရေးပေးပြောကြားခဲ့ပါသည်။ အကြမ်းဖက်ဝါဒ ငွေကြေးထောက်ပံ့မှုများနှင့် အင်တာနက်အလွဲသုံးစားပြုနေမှုများ လုပ်ဆောင်နေသည့် အကြမ်းဖက်အုပ်စုကိုချေမှုန်းရန် ထပ်လောင်းပြောကြားခဲ့ပါသည်။ ဓာတုဗေဒ၊ ဇီဝဗေဒနှင့် နျူကလီးယားအကြမ်းဖက်မှုများကို ကာကွယ်ရန်နှင့် လက်နက်များ ကုန်သွယ်စီးဆင်းမှုကို ထိန်းချုပ်ရန်လည်းအရေးကြီးကြောင်း ဆွေးနွေးခဲ့ပါသည်။

ခေါင်းဆောင်များအနေဖြင့် နိုင်ငံခြားသားများအား မုန်းတီးမှု၊ ဘာသာရေးကိုအခြေခံသော အမုန်းပွားမှုနှင့် အကြမ်းဖက်မှုများအား ရှုတ်ချပါသည်။ ပူးပေါင်းဆောင်ရွက်ရေး၊ ဘာသာအချင်းချင်း ဆွေးနွေးပွဲများ၊ ယဉ်ကျေးမှုပေါင်းစည်းရေး၊ အပြန်အလှန်လေးစားရေး၊ ဘုံဝါဒ၊ ခန္တီစတရားတိုးမြှင့်ရေး ယဉ်ကျေးမှုနှင့် ဘာသာရေးမတူကွဲပြားမှုအား လေးစားရေးနှင့်နားလည်ရေးတို့၏ အရေးပါမှုကို အလေးထားကြပါသည်။ အလယ်အလတ်လမ်းစဉ်အား ကျင့်သုံးခြင်းဖြင့် ကွဲပြားမှုများအား ပေါင်းစည်းစေပြီး အစွန်းရောက်မှုအား ကိုင်တွယ်နိုင်ကြောင်း ခေါင်းဆောင်များက အသိအမှတ်ပြုကြပါသည်။

တစ်ကမ္ဘာလုံးက အသိမှတ်ပြုထားသည့် နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူဝါဒများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ကမ္ဘာကြီး၏ အစိတ်အပိုင်းအသီးသီးတွင် ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် ပဋိပက္ခပြေငြိမ်းမှုကို လွယ်ကူချောမွေ့စေခြင်းတို့ကို ဦးတည်ချက်ထားမှုနှင့်အတူ မြောက်ကိုရီးယားနှင့်ပတ်သက်သည့် လူ့အခွင့်အရေးများအခြေအနေ၊ ကိုရီးယားကျွန်းဆွယ်အခြေအနေ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ ယူကရိန်းတို့တွင် ဖြစ်ပေါ်နေသော စိုးရိမ်ပူပန်မှုများနှင့် ဘုံအကျိုးစီးပွားများနှင့် ပတ်သက်သော နိုင်ငံတကာနှင့် ဒေသတွင်းအရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နည်းလမ်းများနှင့် ပတ်သက်၍ ခေါင်းဆောင်များက အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

ဒေသတွင်းနှင့် ဒေသအချင်းချင်းပေါင်းစည်းခြင်းဆီသို့ သိသာထင်ရှားသည့် ခြေလှမ်းတစ်ရပ်အဖြစ် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်မှုကို ခေါင်းဆောင်များက ကြိုဆိုခဲ့ကြပါသည်။ ခေါင်းဆောင်များက ၂၀၂၅ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်အတွက် ၎င်းတို့၏ထောက်ပံ့မှုကို ထပ်လောင်းပြောကြားခဲ့ကြပြီး အာရှ-ပစိဖိတ်ဒေသတွင်းနှင့် ပြင်ပတို့တွင် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် စည်ပင်သာယာဝပြောရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အပြန်အလှန်ဆွေးနွေးမှု တိုးမြှင့်ခြင်းတို့တွင် အာဆီယံ၏ အခန်းကဏ္ဍကို တန်ဖိုးထားကြောင်း ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ကြေညာချက်တို့နှင့်အညီ လူ့အခွင့်အရေးများကိုတိုးမြှင့်ရန်နှင့် ကာကွယ်ပေးရန် ခေါင်းဆောင်များက ၎င်းတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ အတွေ့အကြုံနှင့် အကောင်းဆုံး လက်တွေ့ဆောင်ရွက်ချက်များကို မျှဝေခြင်းဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်ရန် ၎င်းတို့၏ဆန္ဒကို ထပ်လောင်းပြောကြားခဲ့ကြပါသည်။

နယ်ပယ်အသီးသီးတွင် အမျိုးသမီးများ အပြည့်အဝ တန်းတူညီမျှပါဝင်မှု၏ အရေးပါမှုကို ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြပြီး အမျိုးသမီးများနှင့် မိန်းကလေးငယ်များ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်တွင် အပြည့်အဝ တန်းတူညီမျှပါဝင်မှုကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများကို ဖြေရှင်းရန် ကတိပြုခဲ့ကြပါသည်။

နေပြည်တော်၌ ၂၀၁၇ ခုနှစ် နှစ်လယ်တွင် (၁၃) ကြိမ်မြောက် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (ASEM FMM13)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် မြန်မာနိုင်ငံ၏ ဖိတ်ခေါ်မှုကို ခေါင်းဆောင်များက ကြိုဆိုခဲ့ကြပါသည်။

အူလန်ဘာတာတွင်ကျင်းပသော (၁၁)ကြိမ်မြောက် ASEM ထိပ်သီးအစည်းအဝေး၏ အောင်မြင်သောရလဒ်နှင့် အစည်းအဝေးသို့တက်ရောက်လာကြသူအားလုံးတို့အပေါ် နွေးထွေးပျူငှာသော ဧည့်ဝတ်ကျေပွန်မှုတို့အတွက် ဥက္ကဋ္ဌနှင့် အိမ်ရှင်အဖြစ်ဆောင်ရွက်သော မွန်ဂိုလီးယားနိုင်ငံကို ခေါင်းဆောင်များက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။




ဇူလိုင် ၁၅ ရက်က (၁၁) ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး ကျင်းပနေမှုကို တွေ့ရစဉ်

# ထာဝရရှင်သန်နေသော အာဇာနည်ပုဂ္ဂိုလ်များ

မောင်သောင်းဝင်း(တမန်ဟောင်း)

**ဇူလိုင်မိုးသည် တဖွဲဖွဲဖြင့်စွေလျက်ရှိသည်။ လွန်ခဲ့သော ၆၉ နှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင်လည်း ထိုကဲ့သို့မိုးတဖွဲဖွဲရွာသွန်းခဲ့သည်။ ထိုနေ့ ၁၀ နာရီ ၃၇ မိနစ်ခန့်တွင် နယ်ချဲ့လက်ပါးစေ အကြံပက်စက်သူလူတစ်စု၏ လက်ချက်ကြောင့် မြန်မာနိုင်ငံ၏အာဇာနည်ကြယ်ပွင့်များ ကြွေလွင့်ခဲ့ရသည်။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသူ အာဇာနည်ခေါင်းဆောင်ကြီးများလည်း ကျဆုံးခဲ့ရသဖြင့် တိုင်းပြည်တစ်ခုလုံး အုတ်အုတ်ကျက်ကျက်ဖြစ်ခဲ့ရသည်။ ပြည်သူတို့၏ မျှော်လင့်ချက်မှေးမှိန်ခဲ့ရသည်။ သို့သော် ထိုအာဇာနည်ခေါင်းဆောင်ကြီးများ၏လမ်းစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။**

ငယ်စဉ်ကလေးဘဝက ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရေဒီယိုမှ ဥသြဆွဲသည့်အခါ စာရေးသူတို့မျက်ရည်ဝဲခဲ့ရသည်။ ဗိုလ်ချုပ်နှင့်အာဇာနည်ပုဂ္ဂိုလ်များကျဆုံးခဲ့ရမှုအပေါ် မချိတင်ကဲဖြစ်ခဲ့ရပါသည်။ ဗိုလ်ချုပ်သာလုပ်ကြံမခံရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်မှုကို ယခုထက်ပိုမိုကျစ်လျစ်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ စည်းလုံးညီညွတ်သောတိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ယခုထက် ခံစားရမည်ဖြစ်သည်။ ဗိုလ်ချုပ်ကျဆုံးသွားသည်မှာ ၆၉ နှစ်ပြည့်ပြီ ဖြစ်သော်လည်း တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးမတည်ဆောက်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ ဗိုလ်ချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တဖွဖွပြောဆိုခဲ့သည်။

ထိုအာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ စိတ်နေစိတ်ထားနှင့် သဘောသဘာဝ၊ မျိုးချစ်စိတ်ဓာတ်နှင့် စွန့်လွှတ်စွန့်စားအနစ်နာခံမှုများကို မျိုးဆက်သစ်လူငယ်များ အားကျအတုယူနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများအား အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အကျဉ်းမျှတင်ပြသွားလိုပါသည်။ ထိုသို့တင်ပြရာတွင် လက်လှမ်းမီသမျှ လေ့လာတင်ပြခြင်းဖြစ်သဖြင့် လိုအပ်ချက်ရှိနေလျှင် စာရေးသူ၏ လေ့လာအားထုတ်မှု အားနည်းသောကြောင့်သာ ဖြစ်ပါသည်။

**အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅-၁၉၄၇)**

ဗိုလ်ချုပ်အောင်ဆန်းအား ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နတ်မောက်မြို့၌ အဘ ရှေ့နေဦးဖာနှင့် အမိ ဒေါ်စုတို့မှ မွေးဖွားခဲ့သည်။ အငယ်ဆုံးသားဖြစ်သည်။ အစ်ကိုဖြစ်သူ "အောင်သန်း" အမည်နှင့်လိုက်ဖက်စေရန် "အောင်ဆန်း" ဟု အမည်ပေးခဲ့သည်။ ၁၉၂၂ ခုနှစ် အသက် ၇ နှစ်အရွယ်တွင် နတ်မောက်မြို့ရှိ ဆရာတော် ဦးသောဘိတကျောင်း၌ စတင်ပညာဆည်းပူးခဲ့သည်။ ၁၉၂၈ ခုနှစ် အသက် ၁၃ နှစ်အရွယ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်း၍ ဆက်လက်ပညာသင်ယူခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ထိုကျောင်းမှပင် ၁၀ တန်း စာမေးပွဲအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ယူခဲ့သည်။ ၁၉၃၅-၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖွဲ့ဝင်နှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၇-၃၈ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက်တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၃၈ ခုနှစ်တွင် တက္ကသိုလ်ကောင်စီဝင်အဖြစ် ရွေးချယ်ခံခဲ့ရသည့်အပြင် ဒို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ပြီး ၁၃၀၀ ပြည့်အရေးတော်ပုံကို အားပေးကူညီခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဟင်္သာတခရိုင်ဝန်က ဆုတော်ငွေ ၅ ကျပ်ဖြင့် သခင်အောင်ဆန်းအား ဖမ်းဝရမ်းထုတ်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးအတွက် ပြည်ပအကူညီရှာရန် သခင်မြတို့နှင့်အတူ ပြည်သူ့အရေးတော်ပုံပါတီကို ဖွဲ့စည်းခဲ့သည်။ ပြည်ပတော်လှန်ရေးခေါင်းဆောင်အဖြစ် သခင်အောင်ဆန်းက တာဝန်ယူပြီး ပြည်တွင်းတော်လှန်ရေးခေါင်းဆောင်အဖြစ် သခင်မြက တာဝန်ယူခဲ့သည်။ ထိုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဟိုင်လီသင်္ဘောဖြင့် ဂျပန်နိုင်ငံသို့ လျှို့ဝှက်စွာ ထွက်ခွာခဲ့သည်။

၁၉၄၁ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် စီမံကိန်းကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေးဆွဲခဲ့ပြီး ထိုနှစ် မတ်လ ၃ ရက်နေ့တွင် ရုပ်ဖျက်ကာမြန်မာနိုင်ငံသို့ ခေတ္တပြန်ခဲ့သည်။ မျိုးချစ်လူငယ်များကို စည်းရုံးစုဆောင်းပြီး ဂျပန်သို့ခေါ်ဆောင်ခဲ့သည်။ ထိုလူငယ်များသည် နောင်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်လာကြသည်။ ဟိုင်နန်ကျွန်းတွင် ပင်ပန်းကြီးစွာဖြင့် စစ်ပညာသင်ယူခဲ့ကြသည်။ သခင်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်၌ လက်မောင်းသွေးဖောက် သစ္စာဆိုသောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ချီတက်ခဲ့ပြီး ထိုနှစ်မတ်လ ၈ ရက်နေ့ တွင် ရန်ကုန်ကို သိမ်းပိုက်ခဲ့သည်။ ထိုနှစ် ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့တပ်မတော် စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ စက်တင်ဘာလ ၆ ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်ထိမ်းမြားခဲ့ပါသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော်အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး(ဖဆပလ)ကို လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်သူကိုတိုက်ခိုက်ရန်အတွက် တပ်မတော်ကို ဦးဆောင်၍ စစ်မြေပြင်သို့ ထွက်ခွာခဲ့သည်။ ထိုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို တရားဝင်စစ်ကြေညာကာ တော်လှန်တိုက်ခိုက်ခဲ့သည်။ ထို့နောက် ဩဂုတ်လ ၁၉ ရက်နေ့တွင်ပြုလုပ်သော နေသူရိန်အစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဆောင်ရွက်၍ ဗမာ့လွတ်လပ်ရေးကို တောင်းဆိုခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ရွှေတိဂုံဘုရားအလယ်ပစ္စယံ၌ ကျင်းပသော ပြည်လုံးကျွတ်(ဖဆပလ)ညီလာခံက အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ ထိုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗြိတိန်ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဒုတိယသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် အင်္ဂလန် လန်ဒန်မြို့၌ အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ဇွန်လ ၁၆ ရက်နေ့တွင် ပြုလုပ်သော ပထမဆုံးအကြိမ်တိုင်းပြုပြည်ပြုလွှတ်တော်၌ အချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းရန် အဆိုတင်ခဲ့သည်။ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမ၌ တိုင်းပြည်အတွက် အရေးကြီးဆုံးသောမိန့်ခွန်း မြွက်ကြားခဲ့သည်။ ထိုမိန့်ခွန်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် (စနေနေ့) ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် နယ်ချဲ့လက်ပါးစေများ၏လက်ချက်ဖြင့် ကျဆုံးခဲ့ရပါသည်။ ဗိုလ်ချုပ်ကျဆုံးစဉ်က ဇနီးဒေါ်ခင်ကြည်နှင့်အတူ သား ဦးအောင်ဆန်းဦး၊ ဦးအောင်ဆန်းလင်း (ကွယ်လွန်)နှင့် သမီး ဒေါ်အောင်ဆန်းစုကြည်တို့ ကျန်ရစ်ခဲ့ပါသည်။

**သခင်မြ (၁၈၉၇-၁၉၄၇)**

သခင်မြအား ၁၈၉၇ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ထုံးဘိုမြို့ ပြည်ခရိုင်၌ အဘ ဦးဘိုးချွန်နှင့် အမိ ဒေါ်သက်လယ်တို့မှ မွေးဖွားခဲ့ပါသည်။ ငယ်စဉ်က သာယာဝတီ အေဘီအမ်ကျောင်း၌ ပညာဆည်းပူးခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ကာလကတ္တားတက္ကသိုလ်တို့မှ အိုင်အက်(စ်)စီ (ဓာတုဗေဒ)ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဘီအက်(စ်)စီ (ဓာတုဗေဒ)ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့် လက်ထပ်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် သခင်တစ်ယောက်ဖြစ်လာပြီး ၁၉၃၇ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးအဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီးတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ဂျပန်ကို တော်လှန်ခဲ့ရာတွင် ပြည်သူ့အရေးတော်ပုံပါတီမှ သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။ ၁၉၄၆ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အစိုးရအဖွဲ့၌ ပြည်ထဲရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အခြားအာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ပါသည်။

**ဦးဘချို (၁၈၉၃-၁၉၄၇)**

ဦးဘချိုအား ၁၈၉၃ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် မြောင်းမြမြို့၌ ဖခင် ဆေးဆရာကြီး ဦးဘိုးစာနှင့် မိခင်ဒေါ်မြစ်တို့မှ မွေးဖွားခဲ့ပါသည်။ ရန်ကုန် စိန့်ပေါကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။ တက္ကသိုလ်ပညာ ဆက်လက်သင်ယူနေစဉ် မျက်စိရောဂါကြောင့် ကျောင်းမှထွက်ခဲ့ပါသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဒေါ်လှမေနှင့် လက်ထပ်ခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် ဒီးဒုတ်ဂျာနယ် ထုတ်ဝေခဲ့သည်။ ဂျပန်ခေတ် အစိုးရလက်ထက်တွင် အတိုင်

> **အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုတောင်းလှသော သက်တမ်းကာလအတွင်း တိုင်းပြည်နှင့်လူမျိုးအတွက် မတူညီသောတာဝန်အမျိုးမျိုးကို အသက်ပေးထမ်းဆောင်ခဲ့ကြသည်။ မျိုးဆက်သစ်တို့သည် နှစ်စဉ်အာဇာနည်နေ့ရောက်ရှိမှသာ အာဇာနည်ပုဂ္ဂိုလ်ကြီးများကို သတိရတမ်းတနေခြင်းမျိုးလုပ်မနေဘဲ ထိုပုဂ္ဂိုလ်ကြီးများ၏ မျှော်မှန်းချက်များကို ရုပ်လုံးပေါ်အောင် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ထာဝရသတိရနေသည့် သဘောဆောင်နေမည်ဖြစ်**

ပင်ခံလွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တိုင်းပြုပြည်ပြု လွှတ်တော်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော လွတ်လပ်ရေးအကြိုခေတ် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်လှမေနှင့် သမီးများဖြစ်ကြသည့် မခင်နု၊ မခင်ပု၊ မမေမေခင်၊ မခင်ခင်ဦး တို့ ကျန်ရစ်ခဲ့ပါသည်။

**ဦးရာဇတ် (၁၈၉၈-၁၉၄၇)**

ဦးရာဇတ်အား ၁၈၉၈ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မိတ္ထီလာမြို့၌ ဖခင် အငြိမ်းစားတိုက်ပိုင်အင်စပက်တော် မစ္စတာအေရာမန်နှင့် မိခင်ဒေါ်ငြိမ်းလှတို့မှ မွေးဖွားခဲ့ပါသည်။ ၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့ ဝှက်စလီယောကျ်ားကလေးကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၂၂ မှ ၁၉၄၁ ခုနှစ်အထိ ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့် လက်ထပ်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် စစ်အတွင်းက ပိတ်ထားခဲ့ရသော အမျိုးသားကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ခင်၊ သား မောင်တင်မြင့်၊ သမီး မခင်ခင်စိန်၊ သား မောင်လှကြည်တို့ ကျန်ခဲ့သည်။

**ဦးဘဝင်း (၁၉၀၁-၁၉၄၇)**

ဦးဘဝင်းအား ၁၉၀၁ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် နတ်မောက်မြို့၌ အဘ ရှေ့နေဦးဖာနှင့် အမိ ဒေါ်စုတို့မှ မွေးဖွားခဲ့သည်။ သား၊ သမီး ၉ ယောက်အနက် အကြီးဆုံးသားဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကိုကြီး ဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင် ဘီအက်(စ်)စီ (သင်္ချာ)ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ရေနံချောင်းမြို့အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရေနံချောင်းမြို့ ဖဆပလ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုများတွင်လည်း များစွာပါဝင်ပံ့ပိုး ကူညီဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီဝင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်စော၊ သမီး မတင်လှဝင်း၊ သား မောင်စောဝင်း၊ မောင်အေး ဝင်း၊ သမီး မခင်မြဝင်း၊ သား မောင်စိန်ဝင်းနှင့် မောင်ထွေးဝင်းတို့ ကျန်ရစ်ခဲ့သည်။

**မန်းဘခိုင် (၁၉၀၃-၁၉၄၇)**

မန်းဘခိုင်အား ၁၉၀၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ယုန်တလင်းရွာ၊ ဟင်္သာတခရိုင်၌ အဘ ယုန်တလင်းရွာသူကြီး မန်းပေကုန်းနှင့် အမိ ဒေါ်ပုတို့မှ မွေးဖွားခဲ့သည်။ ငယ်စဉ်က ဟင်္သာတမြို့ အေဘီအမ်ကျောင်းတွင် ပညာသင်ကြားခဲ့ပါသည်။ ၁၉၃၇ ခုနှစ်တွင် ပုသိမ်မြောက်ပိုင်းမှ အမတ်အဖြစ်အရွေးခံခဲ့ရသည်။ ကရင်-ဗမာချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သည်။ ဖဆပလအဖွဲ့ကြီး၏ ဗဟိုအမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ကရင်လူငယ်များအစည်းအရုံးဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အစိုးရအဖွဲ့တွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အခြားအာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ရသည်။

**မိုင်းပွန်စော်ဘွားစဝ်စံထွန်း (၁၉၀၇-၁၉၄၇)**

မိုင်းပွန်စော်ဘွား စဝ်စံထွန်းအား ၁၉၀၇ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အဘ မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးနှင့် မြောက်နန်းဆောင် မဟာဒေဝီနန်းစိန်ဥတို့မှ မွေးဖွားခဲ့သည်။ တောင်ကြီးမြို့ရှိ ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်သည်။ ၁၉၂၈ ခုနှစ်တွင် စော်ဘွားအဖြစ် ဆက်ခံခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီး၏သမီး စဝ်ခင်သောင်းနှင့် လက်ထပ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်မှု ကြိုးပမ်းမှုတွင် တောင်တန်း-မြန်မာ ပူးပေါင်းရေးအောင်မြင်စေရန်အတွက် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာဆပ်ကော်မတီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည့် အာဇာနည်ခေါင်းဆောင်ကြီးများထဲတွင် ပါဝင်ခဲ့ပြီး ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ကျဆုံးသွားခဲ့သည်။ ကွယ်လွန်ချိန်တွင် သမီး စဝ်သုနန္ဒာ၊ သား စဝ်ဆေဟုန်၊ စဝ်ကိုင်ဖနှင့် သမီး စဝ်မြင့်ကြည်တို့ ကျန်ရစ်ခဲ့သည်။

**ဦးအုန်းမောင် (၁၉၁၃-၁၉၄၇)**

ဦးအုန်းမောင်အား ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မင်းဘူးမြို့၌ အဘ မစ္စတာအိပ်ချ်ဒဗလျူတရပ်(တ်)ဝိန်းနှင့် အမိ ဒေါ်ရွှေမြင့်တို့မှ မွေးဖွားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် မန္တလေးမြို့အရှေ့နယ်ပိုင်ဝန်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနားအရေးပိုင်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့တွင် လမ်းပန်းဆက်သွယ်ရေးအတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သိန်းကြွယ်နှင့် သား ကိုတင်မောင်သိန်း၊ ကိုကိုလှ၊ မောင်မင်းမြင့်တို့ ကျန်ရစ်ခဲ့သည်။

**ရဲဘော်ကိုထွေး (၁၉၂၉-၁၉၄၇)**

ရဲဘော်ကိုထွေးအား အဘ ပင်စင်စားလယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးကိုကိုလေးနှင့် ဒေါ်မင်းရီတို့မှ မန္တလေးမြို့ တောင်မြင့်သိပ္ပံရပ်၌ မွေးဖွားခဲ့သည်။ နဝမတန်းအထိပညာသင်ကြားခဲ့သည်။ အသက် ၁၈ နှစ်အရွယ်တွင် ပညာရေးဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏လက်ချက်ဖြင့်ပင် ကျဆုံးခဲ့ရပါသည်။

အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုတောင်းလှသော သက်တမ်းကာလအတွင်း တိုင်းပြည်နှင့်လူမျိုးအတွက် မတူညီသောတာဝန်အမျိုးမျိုးကို အသက်ပေးထမ်းဆောင်ခဲ့ကြသည်။ မျိုးဆက်သစ်တို့သည် နှစ်စဉ်အာဇာနည်နေ့ရောက်ရှိမှသာ အာဇာနည်ပုဂ္ဂိုလ်ကြီးများကို သတိရတမ်းတနေခြင်းမျိုး လုပ်မနေဘဲ ထိုပုဂ္ဂိုလ်ကြီးများ၏ မျှော်မှန်းချက်များကို ရုပ်လုံးပေါ်အောင် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ထာဝရသတိရနေသည့် သဘောဆောင်နေမည်ဖြစ်သည်။ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ကူးအိပ်မက်သည် တိုင်းပြည်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်သွားရန် ဖြစ်သည်။

ထိုစိတ်ကူးအိပ်မက်ကို လက်ရှိအချိန်တွင် ဗိုလ်ချုပ်၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူအားလုံးသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေမည့် လုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ တတ်အားသရွေ့ပါဝင်ဆောင်ရွက်သွားသင့်ပေသည်။ အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကို အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေသည်ထက် အလုပ်နှင့်သက်သေပြသွားရန်လည်း လိုအပ်ပါသည်။ လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ နီးပါးရှိနေပြီ ဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု မရရှိသေးသဖြင့် တိုင်းပြည်သည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေရပါသည်။ ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ စွမ်းဆောင်နိုင်စွမ်း မရှိသည့်တိုင်အောင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်သည်ဟု ယူဆနိုင်မည်ဖြစ်ပါသည်။

ခြုံ၍တင်ပြရလျှင် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၆၉)နှစ်မြောက်အာဇာနည်နေ့သို့ ရောက်ရှိတော့မည် ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်စွန့်လျက် တာဝန်ထမ်းဆောင်သွားကြသည်။ နှစ်ကာလ မည်မျှပင် ကြာညောင်းသော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများသည် မြန်မာပြည်သူအားလုံး၏ ရင်ထဲအသည်းထဲတွင် ထာဝရအောက်မေ့သတိရရှင်သန်နေဆဲပင် ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ စိတ်နေသဘောထားနှင့် စွန့်လွှတ်အနစ်နာခံမှုများကို အတုယူကာ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ထမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း





**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနော်ရထာခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော်များ၊ ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီး၊ ပင့်ဖိတ်ထားသည့် ဒေသခံဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားမစတင်မီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အနော်ရထာခန်းမရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းများကပ်လှူပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးအမှူးပြုသော ဗညီ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ဆရာတော်ကြီးထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများထံသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့က လည်းကောင်း၊ တက်ရောက်လာကြသူများက လည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ မဟာထေရ်မြတ်က အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(မြဝတီ)**

# အာဇာနည်နေ့အကြို အထိမ်းအမှတ်ပွဲများကျင်းပ

**ဟားခါး**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဟားခါးခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၁၆ ရက်က အာဇာနည်နေ့အထိမ်းအမှတ် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများကို ကျင်းပသည်။ အဆိုပါကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်ကလည်းကောင်း၊ ပုံပြောပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးကလည်းကောင်း ဆုငွေများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ဂန့်ဂေါ**

(၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၄ ရက်က ဂန့်ဂေါမြို့နယ် ရှုံးရှီရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။ အဆိုပါဆုချီးမြှင့်ပွဲတွင် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆုပေးပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၀၀ ကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၁၀၁)**

**သီပေါ**

အထက်မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲကို ဇူလိုင် ၁၅ ရက်က သီပေါမြို့ အထကခွဲအလက(၂)ခန်းမဆောင်၌ကျင်းပရာ အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အာဇာနည်နေ့အကြိုဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးဦးစိုင်းထွန်းသိန်းနှင့် စာရေးဆရာဇာဏီဟိန်း(သီပေါ)တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ၏ စံပြအတုယူဖွယ်ရာများကို ရှင်းလင်းဟောပြောကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဗိုလ်ချုပ်တို့ ရှေးရှုရာကို

(အစိဌာန်တေးထပ်)

* ပြည့်ဇာနည် ပန်းလှတို့
မြန်းကြွခဲ့ ကြာပြီ။
လွမ်းရတဲ့ ရာသီတွေ
တာရှည်ရှည် ခိုင်မြဲ ။
ဖြေလည်းခု ပြေခဲနိုင်သည်
ရွေသည်းစိုင် ကျွမ်းရသည်ပဲ ။

* ပြည်အလုံးက မမေ့သာသည်
စွမ်းဂုဏ်ရည် လွန်ကဲ။
တိုင်းပြည်ကို နွံထဲက
အလွတ်ဆွဲလို့ ထုတ်ဆောင်။
ပြည်ဘောင်ကို ညီအောင်ပြုလို့
ပြည်ထောင်စု ဖြစ်မှုတည်ထောင်။

* ဗိုလ်အောင်ဆန်း ရှေ့ဦးဆောင်တယ်
မေ့ဘူးနောင် ဇာနည်မျိုးတွေက
ပြည်ကျိုးတွက် အသက်စွန့်ကာ
ပေးဆပ်ခဲ့ရှာ။
ဗိုလ်ချုပ်တို့ ရှေးရှုရာကို
အလေးပြုကာ ဆောင်ထမ်းစို့လေး။ ။

**လူမွန်(ပခုက္ကူ)**

# ကမ်းပြို၍ ပြောင်းရွှေ့နေအိမ်များအား တပ်မတော်သားများ ကူညီရွှေ့ပြောင်းပေး

**ရေစကြို ဇူလိုင် ၁၇**

ရေစကြိုမြို့ နယ်မြေခံတပ်ရင်းသုံးရင်းမှ တပ်ရင်းမှူးများဦးဆောင်မှုဖြင့် အရာရှိ၊ အကြပ်၊ စစ်သည်များသည် ဇရပ်နီကျေးရွာမှ ကမ်းပြို၍ ရွှေ့ပြောင်းလာသော လူနေအိမ်အဆောက်အအုံ ပစ္စည်းများကို ရေစကြိုဆိပ်ကမ်းမှတစ်ဆင့် အမှတ် (၇)ရပ်ကွက်သို့ ရွှေ့ပြောင်းရာတွင် ကားများဖြင့် သယ်ယူရွှေ့ပြောင်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**



"ကျွန်တော်တို့ ရေစကြိုတပ်နယ်မှ တပ်မတော်သားတွေက ချင်းတွင်းမြစ်ရေဝင်ရောက်တိုက်စားမှုကြောင့် ကမ်းပြိုနေတဲ့ ဇရပ်နီကျေးရွာက လူနေအိမ်အဆောက်အအုံပစ္စည်းများကို စက်လှေပေါ်ချပြီး တပ်ရင်းကကားပေါ်တင်ကာ ၄င်းတို့နေထိုင်မယ့်အမှတ် (၇)ရပ်ကွက်ကို ကူညီရွှေ့ပြောင်းနေတာဖြစ်ပါတယ်" ဟု နယ်မြေခံတပ်မှ ဗိုလ်မှူး မျိုးမင်းသိန်းက ပြောသည်။

"ကျွန်တော်တို့ ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာမှာ ချင်းတွင်းမြစ်ရေဝင်ရောက်တိုက်စားမှုကြောင့် စိုးရိမ်ဖွယ်အခြေအနေရှိတဲ့ လူနေအိမ်တွေ၊ နွားစာတိုက်တွေ၊ မီးဖိုဆောင်တွေကို ဖျက်သိမ်းရွှေ့ပြောင်းနေကြရပါတယ်။ အဲဒီလို အဆောက်အအုံများဖျက်သိမ်းရွှေ့ပြောင်းရာမှာ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နဲ့ကြက်ခြေနီတပ်ဖွဲ့ဝင်တွေက ၁၀ ရက် မှ ၁၆ ရက် အထိ အဆောက်အအုံ ၃၁ လုံးကို ဖျက်သိမ်းရွှေ့ပြောင်းရာမှာ ကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။ အဲဒီအထဲက ဒေါ်မော်စီကတော့ ရေစကြိုမြို့ကို ရွှေ့ပြောင်းနေထိုင်လိုကြောင်း ပြောကြားတဲ့အတွက် သူ့ရဲ့အဆောက်အအုံတွေကို စက်လှေနဲ့ရေစကြိုမြို့ကို သယ်ယူလာပြီး ၄င်းတို့နေထိုင်မယ့်အမှတ်(၇) ငါးရာပြည့်ရပ်ကွက်ကို ရွှေ့ပြောင်းရာမှာ ရေစကြိုတပ်နယ်ကို အကူအညီတောင်းခံရွှေ့ပြောင်းပေးတာဖြစ်ပါတယ်"ဟု ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရှင်ကပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) ကိုယ်စားလှယ်အဖွဲ့တို့ ဇူလိုင် ၂၀ တွင် ထိုင်းနိုင်ငံ ချင်းမိုင်၌ ဆက်လက်တွေ့ဆုံမည်

**သတင်း - ရဲခေါင်ညွန့်၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ - ဖိုးထောင်**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) ကိုယ်စားလှယ်အဖွဲ့တို့ ဇူလိုင် ၂၀ တွင် ထိုင်းနိုင်ငံ ချင်းမိုင်၌ ဆက်လက်တွေ့ဆုံမည်ဖြစ်ပြီး ဩဂုတ်လဆန်းပိုင်းတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်း ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation - DPN) တို့သည် ရန်ကုန်မြို့၌ တွေ့ဆုံနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**



ဦးလှမောင်ရွှေ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအင်ဘန်လတို့ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ တွေ့ဆုံအပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဦးလှမောင်ရွှေက "Political Framework နိုင်ငံရေးဆိုင်ရာမူဘောင် ပြန်လည်ပြင်ဆင်တဲ့နေရာမှာ သူတို့တွေပါဝင်လာဖို့ အတွက်လည်း ကျွန်တော်တို့ ဖိတ်ခေါ်ခဲ့ပြီးပါပြီ။ ဒါကြောင့်သူတို့တွေအနေနဲ့ ပြန်လည်စုဖွဲ့ပြီး ဆွေးနွေးဖို့ရှိသလို ကျွန်တော်တို့ဘက်က ကိုယ်စားလှယ်တွေကလည်း သူတို့ဆီကို ဒီရက်ပိုင်းမှာ သွားရောက်တွေ့ဆုံပြီးတော့ ဆက်တိုက်ညှိနှိုင်းနေမှာပါ။ ဇူလိုင် ၂၀ ရက်တွင် ကျွန်တော်တို့ ထိုင်းနိုင်ငံ ချင်းမိုင်၌တွေ့ဖို့ တစ်ကြိမ်ရှိတယ်။ ဒါပြီးသွားရင်တော့ လဆန်းမှာလည်း တွေ့ဖို့ရှိတဲ့အတွက် ဩဂုတ်လမကုန်ခင်မှာ ညီလာခံကျင်းပဖို့အတွက် ဆက်ပြီးပြင်ဆင်နေပါတယ်။ အခုအချိန်အထိတော့ အခြေအနေတွေအများကြီး ပိုကောင်းလာပါတယ်"ဟုပြောသည်။

ယနေ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် UNFC ခေါင်းဆောင်များ၏ နှစ်နာရီကြာ မိသားစုပုံစံ တွေ့ဆုံဆွေးနွေးမှုတွင် ယုံကြည်မှုများပိုမိုရရှိခဲ့ပြီး ပင်လုံဆိုသည့် စိတ်ဓာတ်မျိုးဖြင့် ရှေ့ဆက်သွားရန်၊ NCA စာချုပ်လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် UNFC အဖွဲ့ဝင်များ ပါဝင်လာနိုင်ရန်အတွက် မည်သည့်ကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရန် စသည့်အမြင်သဘောထားများ ဖလှယ်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးအတွက် လမ်းစသစ်များကို ရှာဖွေနိုင်ခဲ့ကြောင်းကို ဦးလှမောင်ရွှေက "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့လည်း ပြီးခဲ့တဲ့ကိစ္စတွေအပါအဝင် အခုဆောင်ရွက်သင့်တဲ့ ကိစ္စတွေကိုလည်း မိသားစုပုံစံ ဆွေးနွေးခဲ့တာရှိတဲ့အတွက် ကျွန်တော့်အမြင်ကတော့ ယုံကြည်မှုတွေအများကြီးပိုရလာတယ်။ အဓိကဆွေးနွေးတာကတော့ မကြာမီကျင်းပတော့မယ့် ပင်လုံညီလာခံကို ပါဝင်နိုင်ဖို့အတွက် မရှင်းလင်းတဲ့ကိစ္စတွေကို မေးမြန်းတယ်။ အပြန်အလှန် အမြင်ချင်းဖလှယ်တယ်။ အများကြီးတာသွားပါတယ်။ UNFC ဘက်ကလည်း အဆိုပြုချက်လေးတွေ ပြောတာတော့ရှိပါတယ်။ ဒါတွေကို ဆောင်ရွက်ပြီးရင်တော့ UNFC ဘက်ကလည်း လက်မှတ်ထိုးနိုင်တဲ့ အနေအထားကို ပြောတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ပြီးတိုးမြှင့်ဆောင်ရွက်ဖို့ရှိပါတယ်"ဟု ဆိုသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ UNFC ခေါင်းဆောင်များတွေ့ဆုံသည့် ယနေ့ဆွေးနွေးပွဲနှင့် ပတ်သက်၍ UNFC ဘက်မှ သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

# အင်းဝ(စစ်ကိုင်းတံတားဟောင်း)တွင် ရေကြောင်းဆိုင်ရာ အချက်အလက်တိုင်းတာရေး ရေဒါတပ်ဆင်



**မန္တလေး ဇူလိုင် ၁၇**

အင်းဝ(စစ်ကိုင်းတံတားဟောင်း)တွင် ရေစီးနှုန်းနှင့် ရေမျက်နှာပြင် ပြောင်းလဲမှုအချိန်နှင့်အမျှ တိုင်းတာမှတ်တမ်းတင်ပေးမည့် ရေကြောင်းဆိုင်ရာ တိုင်းတာရေး ရေဒါ(Sommer Rader)ကို ဇူလိုင် ၁၇ ရက်က တပ်ဆင်ခဲ့ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်း များ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။ (ဓါတ်ပုံ)

ယင်းရေဒါကို ဩစတြေးလျနိုင်ငံ PENTAIR Environment System က လှူဒါန်းခြင်းဖြစ်ပြီး ယင်းနိုင်ငံမှ ပညာရှင်နှစ်ဦးက ရေအရင်းအမြစ်ဌာန ဝန်ထမ်းများအား နည်းပညာနှင့် သက်ဆိုင်သည်များကို သင်ကြားပေးခဲ့သည်။

"ဧရာဝတီမြစ်ရေစီးနှုန်းနဲ့ ရေမျက်နှာပြင်ကိုတိုင်းတာပြီး မြစ်ရေအတက်အကျ ဘယ်လောက်ရှိလဲဆိုတာ အချိန်နဲ့အမျှ သိနိုင်မယ်။ တိုင်းတာရရှိတဲ့ အချက်အလက်မှတ်တမ်းတွေကို ရေဒါက တစ်ဆင့်အင်တာနက်ကနေ ဝက်ဘ်ဆိုက်ကို ပို့ပေးတယ်။ အချက်အလက်တွေအရ ဧရာဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနဲ့ မြစ်ကြောင်းထိန်းသိမ်းရေးမှာ အထောက်အကူဖြစ်စေမယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ရေဒါကို အင်းဝ(စစ်ကိုင်းတံတားဟောင်း) ပိုင်တိုင် နှစ်ခုကြား စင်္ကြံလမ်းသံပေါင်တွင် အမြဲတမ်း တပ်ဆင်ထားမှာဖြစ်ကြောင်း၊ ၂၄ နာရီ အလုပ်လုပ်နိုင်ရန် ဆိုလာစနစ်ဖြင့် ဓာတ်အားပေးထားပြီး GSM Sim Card ထည့်သွင်းထားကာ အင်တာနက်ချိတ်ဆက်၍ အချက်အလက်မှတ်တမ်းများကို ဝက်ဘ်ဆိုက်သို့ ပို့ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရေဒါကိုတပ်တဲ့နေရာက သင်္ဘောသွားရာလမ်းကြောင်းမှာ မတပ်ဘူး။ အဲဒီကတစ်ဆင့် Effect တွေကြောင့် Data အမှားတွေ ဖြစ်မှာစိုးလို့ ဘိုးပိုင်နှစ်ခုကြားက ရေအမြဲစီးဆင်းတဲ့နေရာမှာ ထားတယ်။ ဝက်ဘ်ဆိုက်ရေးဆွဲပြီးသွား ရင် ရေဒါကပို့ပေးတဲ့ အချက်အလက် တွေကို Down load လုပ်လို့ရတယ်"ဟု ယင်းဌာနComponent-3 ဒါရိုက်တာ ဦးအောင်မျိုးခိုင် ကပြောသည်။

ရေဒါသည် ၂၄ နာရီ တိုင်းတာမှုများ ပြုလုပ်နေမှာဖြစ်ပြီး ရေအမြင့်တိုင်းတာရာတွင် မိုး/ဇလမှ Manual စနစ်ဖြင့် နံနက်၊ နေ့လယ်၊ ညနေ သုံးကြိမ် တိုင်းတာနေခြင်းဖြစ်ရာ ယခုရေဒါကြောင့် အချိန်နှင့်အမျှ ရေအမြင့်ကို သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမျိုးသားအဆင့် သင်တန်းနည်းစနစ်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာကင်းထောက်အဖွဲ့ ခိုင်မာစွာ ဖွဲ့စည်းနိုင်ရေးအတွက် ယခုလုပ်ငန်းဆွေးနွေးပွဲသည် လွန်စွာအရေးကြီးကြောင်း၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ တိုးတက်မှုမှာ အားရဖွယ်ရှိသဖြင့် မကြာမီ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်းဖြင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. JR C Pangilinan က ဇူလိုင် ၁၆ ရက် နံနက်ပိုင်း၌ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်မြို့နယ်တွင်ကျင်းပသည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ပူးပေါင်းဖွင့်လှစ်သည့် မြန်မာ့ကင်းထောက်အတွက် အမျိုးသားအဆင့် သင်တန်းနည်းစနစ်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲဖွင့်ပွဲ၌ ပြောကြားသည်။




လုပ်ငန်းဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက သင်တန်းများ၊ လုပ်ငန်းဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် မြန်မာကင်းထောက်နှစ်တစ်ရာပြည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာမည်ကို ယုံကြည်ပါကြောင်း ပြောကြားပြီး ပညာရေးတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဒေါ်အေးအေးမြင့်၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ် ညွှန်ကြားရေးမှူး Mr. Thian Hiong Boon တို့က လုပ်ငန်းဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ လုပ်ငန်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ မြန်မာနိုင်ငံအမျိုးသား ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိ ဖိတ်ဒေသကင်းထောက်အဖွဲ့ချုပ်မှ နိုင်ငံတကာကင်းထောက် နည်းပညာရှင်များ၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လုပ်ငန်းဆွေးနွေးပွဲပါဝင်သူများ တက်ရောက်ကြသည်။

လုပ်ငန်းဆွေးနွေးပွဲ၌ မြန်မာကင်းထောက်များအတွက် သင်တန်းလိုအပ်ချက်များ ဆွေးနွေးခြင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ သင်ကြားပို့ချသည့် မြန်မာနိုင်ငံနှင့်သင့်လျော်မည့် သင်တန်းနည်းစနစ်များ ဆွေးနွေးခြင်း၊ လူငယ်အထောက်အကူပြုအခြေခံနှင့် အဆင့်မြင့်သင်တန်းများ သတ်မှတ်ခြင်းနှင့် မူကြမ်းပြုစုခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ဆွေးနွေးကြမည်ဖြစ်သည်။ မြန်မာ့ကင်းထောက်အတွက် အမျိုးသားအဆင့် သင်တန်း နည်းစနစ်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်မှ ၁၉ ရက်အထိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်မြို့နယ်တွင် ဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနအောက်ရှိ ကင်းထောက်နည်းပြ ဆရာ ဆရာမများတက်ရောက်ကြသည်။

**သတင်း- ကိုလတ်(သတင်းစဉ် )**
**ဓာတ်ပုံ- ရဲထွဋ်**

# အာရှဒေသဆိုင်ရာ နိုင်ငံအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဘဏ် ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၁၇**

ဇူလိုင် ၁၄ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်ဒေသ Island Shangri-La Hotel တွင် အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Euromoney အဖွဲ့အစည်းက ပေးအပ်ချီးမြှင့်သော ၂၀၁၆ ခုနှစ်အတွက် အာရှဒေသဆိုင်ရာ နိုင်ငံအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဘဏ်ဆု (Euromoney Awards for Excellence – 2016) ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်လီမိတက်က Best Bank in Myanmar 2016 ဆုကို တတိယအကြိမ်မြောက် သုံးနှစ်ဆက်ရရှိခဲ့သဖြင့် ကမ္ဘောဇဘဏ်လီမိတက်မှ အထွေထွေမန်နေဂျာများဖြစ်ကြသော ဒေါ်ခင်နှင်းယုနှင့် ဒေါ်ဝင်းဝင်းထိုက်တို့က ဆုကို လက်ခံယူခဲ့ကြသည်။




အခမ်းအနားသို့ မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်မှ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်နှင့် အကြီးတန်းအရာရှိကြီးများ၊ အာရှဒေသတွင်းရှိ နိုင်ငံ ၂၅ နိုင်ငံ၏ ကိုယ်စားပြုဘဏ်ပေါင်း ၄၈ ခုမှ ဘဏ်ဥက္ကဋ္ဌများ၊ CEO များ၊ အုပ်ချုပ်မှု ဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိကြီးများ ၁၈၀ ကျော် တက်ရောက်ခဲ့ကြသည်။

Euromoney အဖွဲ့အစည်းကြီးသည် ဘဏ်လုပ်ငန်းနှင့်စီးပွားရေး ဆိုင်ရာလုပ်ငန်းများတွင် သြဇာကြီးမားသော လန်ဒန်အခြေစိုက် အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများကို အမြဲစောင့်ကြည့် သုံးသပ်အကဲဖြတ်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဤအဖွဲ့အစည်းက ကမ္ဘာတစ်ဝန်းရှိ ဘဏ်လုပ်ငန်းများ၏ လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှုအပေါ် အခြေခံ၍ နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆုများကို နှစ်စဉ် ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ကမ္ဘောဇဘဏ် အား Best Bank in Myanmar 2016 ဆုကို ချီးမြှင့်ခံရခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ် အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာက ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခွင့်လိုင်စင်ရရှိထားသော ဘဏ်တစ်ဘဏ်ဖြစ်ကြောင်း၊ ၂၀၁၁-၂၀၁၂မှ ၂၀၁၄-၂၀၁၅ အထိလည်း နိုင်ငံတော်အတွက် ပထမနေရာမှ လေးနှစ်ဆက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ထားသော ဘဏ်တစ်ဘဏ် ဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်၏လူမှုအကျိုးပြု လုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင် ရွက်လျက်ရှိသော ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) သည်လည်း ယနေ့အထိ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၀၃ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်အား Best Bank in Myanmar 2016 ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကမ္ဘောဇဘဏ်အား အများပြည်သူက ယုံကြည်စွာဖြင့်အပ်နှံထားရှိသော အပ်ငွေ (deposit) ပမာဏနှင့် ဝန်ဆောင်မှုမှရရှိသော ဝင်ငွေနှင့်အမြတ်ငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံးဘဏ်ဖြစ်ခြင်း၊ ဘဏ်ခွဲ ၄၀၀ ကျော်အထိ တိုးချဲ့ဖွင့်လှစ်၍ နိုင်ငံတစ်ဝန်းရှိ ပြည်သူများအား အကောင်းဆုံးဘဏ်ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ နိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ချေးငွေအများဆုံး ထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်း၊ ခေတ်မီ Oracle Flexcube Centralized Core Banking System ဖြင့် ဘဏ်ခွဲများ တစ်ခုနှင့်တစ်ခုချိတ်ဆက်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို အချိန်တိုအတွင်း တိကျလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်၍ နိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ အကောင်းဆုံး ဆောင်ရွက်ပေးနိုင်ခြင်း၊ e-commerce နှင့် online ငွေပေးချေမှုများအတွက် မြန်မာနိုင်ငံတွင် ပထမဆုံး Electronic Payment Gateway ဝန်ဆောင်မှုကို စတင်နိုင်ခဲ့ပြီး Mobile Banking, Internet Banking ၊ Quick Pay ဝန်ဆောင်မှုများ၊ နိုင်ငံတစ်ဝန်းလုံး ATM စက်အများဆုံး ဖြန့်ကျက်ထားပြီး Debit Card များ၊ ပြည်တွင်း/ပြည်ပသုံး Prepaid Card များ၊ Credit Card များဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်း အပါအဝင် ခေတ်မီဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးဖြင့် ပြည်သူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ခြင်း၊ နှစ်စဉ် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုးထမ်းဆောင်နိုင်ခြင်းနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအတွက် အများဆုံး ပံ့ပိုးလှူဒါန်းခြင်း စသည်တို့ကြောင့် ဤဆုကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘောဇဘဏ်နှင့် အလားတူ Best Bank ဆုများရရှိသော နိုင်ငံများအနက် အမေရိကန်နိုင်ငံမှ JP Morgan Chase Bank၊ ဂျာမနီနိုင်ငံမှ Commerz Bank၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ China Construction Bank၊ ဂျပန်နိုင်ငံမှ MHFG Bank၊ စင်ကာပူနိုင်ငံမှ DBS Bank နှင့် ထိုင်းနိုင်ငံမှ Bangkok Bank တို့လည်း ပါဝင်ကြောင်း၊ ကမ္ဘာ့အကောင်းဆုံးဘဏ် Best Global Bank ဆုကို ပြင်သစ်နိုင်ငံမှ BNP Paribas က ရရှိကြောင်းလည်း သတင်းရရှိသည်။ **သဲနိုင်ဦး - မြန်မာစာ**

# သီလဝါ အထူးစီးပွားရေးဇုန်တွင် ဆူဇူကီးကားများ ထုတ်လုပ်တော့မည်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံကားဈေးကွက်၏ ကားသစ်လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်လျက် ဂျပန်နိုင်ငံ၏ ထိပ်တန်းကားထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဆူဇူကီးကားထုတ်လုပ်ရေးကုမ္ပဏီက ရန်ကုန်မြို့သီလဝါအထူးစီးပွားရေးဇုန်တွင် ကားသစ်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ စက်ရုံတည်ထောင်ပြီး ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်။ ဆူဇူကီးဟာ မြန်မာ့မော်တော်ကားဈေးကွက်ကို ဆက်လက်အာရုံစိုက်ပြီး မြန်မာ့ကားလုပ်ငန်းတိုးတက်ရေးကို ဆက်လက်ပံ့ပိုးပေးသွားဖို့ အပြည့်အဝ သန္နိဋ္ဌာန်ချထားပါတယ်။ အခုဆူဇူကီးက သီလဝါအထူးစီးပွားရေးဇုန်မှာ ဟက်တာ ၂၀ ကျယ်ဝန်းတဲ့မြေနေရာကို ဝယ်ယူထားပြီး စက်ရုံအသစ်ဆောက်လုပ်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ သန်း ၁၅၀ ကျော်ရှိတဲ့ မြန်မာပြည်သူပြည်သားများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ဖို့ အခုလို ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကားသစ်စီးတတ်တဲ့ ယဉ်ကျေးမှုကိုလည်း တွန်းအားပေးသွားမှာ ဖြစ်ပါတယ်။ မကြာမီကာလအတွင်း ခရီးသည်ယာဉ်တွေကိုပါ ဆူဇူကီးက ထုတ်လုပ်သွားမှာဖြစ်ပါတယ်"ဟု ဆူဇူကီး(မြန်မာ)မော်တာကုမ္ပဏီ ညွှန်ကြားရေးမှူး မစ္စတာ တာကာယူကီဆူဂျီယာမက ယနေ့နံနက်ပိုင်းတွင် မြန်မာပလာဇာ၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ဆူဇူကီးကားထုတ်လုပ်ရေးကုမ္ပဏီသည် ၁၉၉၉ ခုနှစ်မှစပြီး တောင်ဒဂုံစက်မှုဇုန်၌ မြန်မာအစိုးရနှင့် ပူးပေါင်း၍ ကားတပ်ဆင်ထုတ်လုပ်ရေးနှင့် ဆူဇူကီးဆိုင်ကယ်ထုတ်လုပ်ရေးကို ၁၂နှစ်ကြာလုပ်ကိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက် (Investment Permit) ကုန်ဆုံးခဲ့ကာ ထုတ်လုပ်မှုရပ်ဆိုင်းခဲ့ရကြောင်း၊ ၂၀၁၃ ခုနှစ် မေလမှစပြီး ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက် အသစ်ရယူပြီး ကားထုတ်လုပ်ရေးလုပ်ငန်းကို တစ်ဖန်စတင်လုပ်ကိုင်လျက်ရှိကြောင်း၊ ဆူဇူကီးမှနှစ်စဉ် မြန်မာနိုင်ငံကားဈေးကွက်အတွက် ကားစီးရေ ၁၂၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကားများကို ကယ်ရီထရပ်နှင့် ERTIGA ကားများကို ထုတ်လုပ် ပေးလျက်ရှိကြောင်း၊ ကယ်ရီထရပ်ကို ၇၂ သိန်းနဲ့ရောင်းချပြီး ဇိမ်ခံကား အမျိုးအစားဖြစ်သည့် ERTIGA ကားကို အဟောင်း ၁၉၉ သိန်းနှင့် အသစ်စက်စက် Brand New ကား ၂၀၉ သိန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ဆူဇူကီးအနေဖြင့် မြန်မာနိုင်ငံကားဈေးကွက်အတွင်း ကားဟောင်းဈေးကွက်ထက် ကားသစ်အသုံးပြုသော ယဉ်ကျေးမှုတစ်ရပ်ထွန်းကားလာအောင်လည်း တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိမြန်မာနိုင်ငံကားဈေးကွက်တွင် တစ်ပတ်ရစ်ကားဟောင်းများကိုသာ ပြည်ပမှတင်သွင်းအသုံးပြုမှုများပြားနေဆဲဖြစ်သည်။ **မြင့်မောင်စိုး**

# ပျဉ်းမနားမြို့ မှုခင်းကျဆင်းရေးအထူးဆောင်ရွက်

**ပျဉ်းမနား ဇူလိုင် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နှင့် အနီးဝန်းကျင်၌ လတ်တလောကာလများတွင် ညအချိန်မှုခင်းများဖြစ်ပွားမှုမရှိစေရေး နေပြည်တော်ကောင်စီ၏ ညွှန်ကြားမှုဖြင့် ဒုတိယရဲမှူး တင်ဌေးနှင့်အဖွဲ့၊ ရွာကောက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့်အဖွဲ့၊ ရွှေချီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြိုင်နှင့်အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်ခြင်း၊ အချက်အချာကျသည့်နေရာများတွင် စုရပ်အဖြစ်သတ်မှတ်ပြီး မော်တော်ယာဉ်နှင့်ဆိုင်ကယ်များကို စစ်ဆေးဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက် ညပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းနှင့် (၆)လမ်းတံတားထိပ်၊ မြို့သစ်နယ်မြေ၌ တစ်ဖွဲ့နှင့် ပျဉ်းမနားမြို့ရွှေချီရပ်ကွက် (၆)လမ်းတံတားထိပ်၌ တစ်ဖွဲ့တို့သည် မော်တော်ယာဉ်နှင့်ဆိုင်ကယ်များကို ရှောင်တခင်ပိတ်ဆို့စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ထိုသို့စစ်ဆေးရာဖွေစဉ် ဆိုင်ကယ်တစ်စီးအတွင်း ဓားမြှောင်သိုဝှက်ထားသူ တစ်ဦးအား စစ်ဆေးတွေ့ရှိခဲ့၍ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**ရဲရဲ (ပျဉ်းမနား)**



# သဲကုန်းကြီးချောင်း မြေသားတမံဖို့ လုပ်ငန်းများ ဆောင်ရွက်



**သဲကုန်း ဇူလိုင် ၁၇**

(၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဲကုန်းမြို့နယ် ရဲရဲ့ကန်ကျေးရွာအုပ်စုအတွင်းရှိ သဲကုန်းကြီးချောင်း တာပေါင်ကျိုးပေါက်သွားသည့်အတွက် အရှည် ပေ ၁၅၀၊ အမြင့် ရှစ်ပေ၊ အကျယ်ခြောက်ပေတို့ကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီက မြေသားတမံပိတ်ခြင်း၊ သဲအိတ်များဖို့ခြင်း စသည့်လုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါဆောင်ရွက်ပေးနိုင်မှုကြောင့် သဲကုန်းကြီးချောင်းပတ်ဝန်းကျင်ရှိ လယ်မြေဧက ၁၀၀၀ ကျော်ရေကြီးနစ်မြုပ်မှုမှကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်

**ဟိုပုံး ဇူလိုင် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ် သံဃနာယကဥက္ကဋ္ဌ တုံးခမ်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဉူးအာလောက ကြီးမှူး၍ ဇူလိုင် ၁၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ စခွီကျေးရွာမှ ဒေသခံပြည်သူများ ပူးပေါင်း၍ စခွီကျေးရွာမှ ဟိုပုံးမြို့တွင်းသို့ သောက်သုံးရေပေးဝေသည့် ရေကန်ပတ်ဝန်းကျင်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စိန်ပန်းပင် ၁၀၀၊ ချယ်ရီပင် ၅၀၊ ခရေပင် ၅၀ စုစုပေါင်း အပင် ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

# ဗြိတိန်နှင့် လွတ်လပ်စွာ ကုန်သွယ်မှုစာချုပ်ချုပ်ဆိုရန် သြစတြေးလျစိတ်အားထက်သန်

**ဆစ်ဒနီ ဇူလိုင် ၁၇**

သြစတြေးလျဝန်ကြီးချုပ် မယ်လ်ကွမ်တန်ဘူလ်သည် ဥရောပမှ ဗြိတိန်ခွဲထွက်ရန် မဲခွဲဆုံးဖြတ်မှုပြီးသည်နှင့် တစ်ပြိုင်နက် နှစ်နိုင်ငံလွတ်လပ်စွာကုန်သွယ်မှု စာချုပ်ချုပ်ဆိုခြင်းကိုမြင်တွေ့လိုပါကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေအား တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ဗုဒ္ဓဟူးနေ့က ဝန်ကြီးချုပ်မေ ရုံးထိုင်ခဲ့ပြီးသည့်နောက် ဦးစားပေးကိစ္စရပ်များကို ဆွေးနွေးရန် စနေနေ့က ပြောဆိုခဲ့ကြသည်။

တန်ဘူလ်သည် ပြီးခဲ့သည့် တစ်ပတ်အကြာက အမျိုးသားရွေးကောက်ပွဲတွင် အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ထရီဆာမေက "ဒီလိုကုန်သွယ်ရေးစာချုပ်ချုပ်ဆိုမှုကို ကျွန်မတို့ရဲ့အနီးကပ်ဆုံး နိုင်ငံတကာမိတ်ဖက်ဖြစ်တဲ့ သြစတြေးလျနိုင်ငံက စိတ်ဓာတ်အားထက်သန်စွာ ချုပ်ဆိုချင်တာဟာ အားတက်စရာပါပဲ"ဟု ပြောကြားခဲ့သည်။ တန်ဘူလ်သည် မေနှင့်လွတ်လပ်စွာကုန်သွယ်မှုစာချုပ်ချုပ်ဆိုမည်ဟု တနင်္လာနေ့က ဆစ်ဒနီ၌ အခိုင်အမာပြောဆိုခဲ့သည်။

**(ရိုက်တာ)**





# ဗင်နီဇွဲလား-ကိုလံဘီယာနယ်စပ်ကို ဒုတိယအကြိမ်ဖွင့်ပေးခဲ့

**ကရာကတ် ဇူလိုင် ၁၇**

ဗင်နီဇွဲလားသည် ယခုလ၌ ဒုတိယအကြိမ်မြောက်အဖြစ် ကိုလံဘီယာနယ်စပ်ဝင်ပေါက်ကို ဖွင့်ပေးလိုက်ပြီး ပြည်သူများအား နယ်စပ်ဖြတ်ကျော်ကာ အခြေခံ စားသောက်ကုန်နှင့် ဆေးဝါးများဝယ်ယူ ခွင့်ပေးခဲ့ကြောင်း သိရသည်။

နယ်စပ်တစ်လျှောက် ဖြစ်ပွားနေသည့် ရာဇဝတ်မှုများကို တိုက်ဖျက်ရန် သမ္မတနီကိုလပ်စ်မာဒူရိုက တစ်နှစ်ကြာ ပိတ်ထားခဲ့သည့်နယ်စပ်တံခါးကို ပြီးခဲ့သည့်လက ပထမတစ်ကြိမ်ဖွင့်ပေးခဲ့ရာ ဖြတ်ကျော်သူ ၃၅၀၀၀ ရှိခဲ့သည်။

ယခုတစ်ကြိမ်နယ်စပ်ဝင်ပေါက်ကို ဖွင့်ပေးခြင်းတွင် ဖြတ်ကျော်သူ အရေအတွက်ပိုများလိမ့်မည်ဟု ခန့်မှန်းထားကြောင်း အာဏာပိုင်များက ပြောသည်။ နိုင်ငံအတွင်း အကြီးအကျယ် စီးပွားရေးကျပ်တည်းနေမှုကြောင့် ဗင်နီဇွဲလားတွင် အခြေခံစားသောက်ကုန်များ ပြတ်တောက်လျက်ရှိသည်။ ဗင်နီဇွဲလားနိုင်ငံ တာချီရာနှင့်ကိုလံဘီယာရှိ ကူကူတာမြို့တို့ကို ဆက်သွယ်ပေးထားသည့် နယ်စပ်လျှောက်လမ်းတံတားကို နှစ်ဖက်သော အာဏာပိုင်များက တစ်ရက်အလိုတွင် ကြိုတင်ကြေညာပြီးနောက် ဖွင့်ပေးခဲ့ခြင်း ဖြစ်သည်။ လူအများအပြားစုပုံလာခြင်းကို မလိုလားဟု အာဏာပိုင်များက ပြောသည်။

ဗင်နီဇွဲလားနိုင်ငံသည် ရေနံဈေးကျဆင်းမှုကြောင့် စီးပွားပျက်ကပ်နှင့် ရင်ဆိုင်နေရသည်။

**(ဘီဘီစီ)**

# နီးစ်တိုက်ခိုက်မှုအပြီး လုံခြုံရေးတိုးမြှင့်ရန် အရန်အင်အားစု ၁၂၀၀၀ ကို ဆင့်ခေါ်

**နီးစ် ဇူလိုင် ၁၇**

ပြီးခဲ့သည့် ကြာသပတေးနေ့က နီးစ်တိုက်ခိုက်မှုအတွင်း လူ ၈၀ ကျော်အသက် ဆုံးရှုံးခဲ့ရပြီးနောက် လုံခြုံရေးတိုးမြှင့်သည့်အနေဖြင့် အရန်တပ်ဖွဲ့ဝင်အင်အားစု ၁၂၀၀၀ ကို ပြင်သစ်က ဆင့်ခေါ်ခဲ့သည်။

နိုင်ငံ၏နယ်နိမိတ်ကိုကာကွယ်ရေးအထောက်အကူဖြစ်စေရန် ကိုယ်တိုင်ပါဝင်ရန်ဆန္ဒရှိသည့် မျိုးချစ်ပုဂ္ဂိုလ်တိုင်းကို အရန်အင်အားစုအဖြစ် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဘားနက်ကာဇန်နျူဗ်က ထုတ်ဖော်ပြောကြားခဲ့သည်။ အကြမ်းဖက်မှု ကျူးလွန်သူမိုဟာမက် လာဟွိုဂျီဘောက်လဲသည် လော်ရီကားတစ်စီးကို လူအုပ်ကြားထဲမောင်းနှင်ကာ ဝင်တိုက်ခဲ့သည်။ အိုင်အက်စ်အစွန်းရောက်အဖွဲ့က ထိုသို့တိုက်ခိုက်မှုကို ၎င်းတို့၏နောက်လိုက်တစ်ဦးက လုပ်ဆောင်ခဲ့ကြောင်း ပြောခဲ့သည်။ အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်ထားသည့် အာမက်သတင်းအေဂျင်စီက ကားဖြင့်ဝင်တိုက်သူသည် အိုင်အက်စ်အဖွဲ့ကို ချေမှုန်းတိုက်ခိုက်သည့် စစ်ဆင်ရေးအဖွဲ့သားများကို ပစ်မှတ်ထားတုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ဘီဘီစီ)**




# တောင်ဆူဒန်ပဋိပက္ခအတွင်း တရုတ်သံရုံးဝန်ထမ်းများကို ကယ်ဆယ်နိုင်ခဲ့

**ဂျူဘား ဇူလိုင် ၁၇**

တောင်ဆူဒန်နိုင်ငံဂျူဘားမြို့တော်၌ ဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှုအတွင်း ပိတ်မိနေခဲ့သည့် သံရုံးဝန်ထမ်းများနှင့် ပြည်သူအချို့ကို တရုတ်က စနေနေ့တွင် ကယ်ဆယ်နိုင်ခဲ့သည်။

တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာရုံးချုပ်ဒါရိုက်တာဖြစ်သည့် ဗိုလ်ချုပ် ဇုဂွမ်ကျွိနှင့် ကိုယ်စားလှယ်အဖွဲ့သည် စနေနေ့ နံနက်က ဂျူဘားသို့ရောက်ရှိခဲ့ပြီး သံရုံးဝန်ထမ်း ၁၇ ဦး၊ တရုတ်ဆေးကုသရေးအဖွဲ့ဝင် ၁၂ ဦးနှင့် တရုတ်ကုမ္ပဏီများမှ လူ ၂၀ ကိုကယ်ဆယ်ခဲ့သည်။

အဆိုပါကယ်ဆယ်မှုသည် မကြာသေးမီက သမ္မတဆယ်လ်ဗာကီယာ၏တပ်ဖွဲ့ဝင်များနှင့် ဒုတိယသမ္မတ ရိခ်မာချာ၏ သစ္စာတော်ခံအဖွဲ့ဝင်များအကြား ဖြစ်ပွားသောတိုက်ပွဲများအတွင်းမှ ကာကွယ်လိုသောတရုတ်အစိုးရအဖွဲ့၏ အရေးပေါ် ဆောင်ရွက်မှုဖြစ်သည်။

ဥရောပသမဂ္ဂမစ်ရှင်အဖွဲ့အောက်ရှိ ငြိမ်းချမ်းရေးသံတမန်နှစ်ဦးတောင်ဆူဒန်ပဋိပက္ခအတွင်းသေဆုံးခဲ့ပြီး လေးဦးလည်း အဆိုပါပဋိပက္ခတိုက်ပွဲအတွင်း ဒဏ်ရာရရှိခဲ့သည်။

**(ဆင်ဟွာ)**

# အာဏာသိမ်းရန်ဦးဆောင်သူကို တူရကီသို့လွှဲပြောင်းပေးရန် အိုဘားမားအား သမ္မတအာဒိုဂန်တောင်းဆို



**အစ္စတန်ဘူလ် ဇူလိုင် ၁၇**

တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်သည် စနေနေ့ကတူရကီ၌ အာဏာသိမ်းရန်ကြိုးပမ်းခဲ့သည့် ပုန်ကန်ထကြွလှုပ်ရှားမှုအဖွဲ့နောက်ကွယ်မှ ခေါင်းဆောင်ကို တူရကီသို့ လွှဲပြောင်းပေးရန် ဆွေးနွေးဖက် အမေရိကန်နိုင်ငံသမ္မတ အိုဘားမားအား တောင်းဆိုခဲ့သည်။

"မိမိတို့သည် မဟာဗျူဟာမြောက်သည့် မိတ်ဖက်နိုင်ငံများဟု သတ်မှတ်ပါက တောင်းဆိုမှုကို လက်ခံရန်" ပြောကြားခဲ့သည်။

တူရကီသမ္မတသည် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်၌ နေထိုင်သည့် ဖက်တူလာဂူလန် ဦးဆောင်သော တူရကီနိုင်ငံသား အစ္စလာမ္မစ်တိုက်ခိုက်ရေးအဖွဲ့အား သောကြာနေ့ ညက အရေးနိမ့်ခဲ့သည့် အာဏာသိမ်းရန်ကြိုးပမ်းမှုအတွက် များစွာပြစ်တင်ရှုတ်ချခဲ့သည်။

၎င်းက ဖက်တူလာဂူလန်သည် တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းကြံစည်နေကြောင်း ယခင်ကပင် ပြောဆိုခဲ့သော်လည်း အိုဘားမားက နားမဝင်ခဲ့ကြောင်း၊ ၎င်းအား ပြည်နှင်ဒဏ်ပေးရန် သို့မဟုတ် တူရကီသို့ လက်နက်ချ အညံ့ခံစေရန် တောင်းဆိုကြောင်း"ဟု အိုဘားမားအား ရည်ညွှန်းလျက်ပြောဆိုခဲ့သည်။

ယခုအခါတူရကီသမ္မတအာဒိုဂန်ကို ထောက်ခံသူများက ဖက်တူလာဂူလန်ကို သေဒဏ်ပေးရန် တစ်ခဲနက်တောင်းဆိုနေကြသည်။ အာဒိုဂန်၏တောင်းဆိုမှုသည် အန်ကာရာနှင့်ဝါရှင်တန်အကြား တင်းမာမှုများ မြင့်တက်လာစေနိုင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဆီးရီးယားဒုက္ခသည်တွေ ဘာကြောင့် တူရကီမှာမနေချင်တာလဲ

**သက်မွန်ဦး**

ပြီးခဲ့သောနှစ်က ဥရောပသို့ ရောက်ရှိရန် မြေထဲပင်လယ်ကိုဖြတ်သန်းခဲ့သော သန်းချီဒုက္ခသည်များသည် လှေနစ်မြုပ်မှုနှင့်အတူ ဒုက္ခများစွာလည်း ကြုံတွေ့ခဲ့ရသည်။ ထွက်ပြေးလာသူအများစုမှာ ဆီးရီးယားပြည်တွင်းစစ်ဒဏ်ကို ခံစားနေရသူများပင်ဖြစ်သည်။ ဆီးရီးယားနယ်စပ်မှ တူရကီကိုဖြတ်ကျော်ပြီး ဥရောပသို့သွားရောက်ရန် အဘယ်ကြောင့် ၎င်းတို့စိတ်ဆန္ဒ ပြင်းပြကြသလဲဆိုသည်မှာ အောက်ဖော်ပြပါ အချက်များကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်-

**လုံခြုံစိတ်ချရတဲ့တူရကီမှာ သူတို့ဘာကြောင့် မနေချင်တာလဲ**

ဆီးရီးယားအများစုမှာ တူရကီနှင့်ဆီးရီးယား၏အိမ်နီးချင်း အခြားနိုင်ငံများတွင် နေထိုင်ကြပြီး ဥရောပသို့ သွားရောက်ရန်ကြိုးစားသူအရေအတွက်မှာ အနည်းငယ်သာရှိသည်။ ၂၀၁၁ ခုနှစ်က စတင်ခဲ့သောပဋိပက္ခကြောင့် ခန့်မှန်းခြေ ဆီးရီးယားနိုင်ငံသား ၄ ဒသမ ၉ သန်းသည် နေရပ်စွန့်ခွာပြီး နိုင်ငံခြားတိုင်းပြည်များသို့ နေထိုင်ခိုလှုံခွင့်ရရန် ကြိုးစားခဲ့ကြသည်။ ၂၀၁၅ ခုနှစ်ကုန်ပိုင်းအထိ တူရကီနိုင်ငံသည် ဆီးရီးယားအများစုအပါအဝင် ဒုက္ခသည်အရေအတွက် ၂ ဒသမ ၅ သန်းလက်ခံခဲ့သည်။ သို့သော် အချိန်ကြာသည်နှင့်အမျှ ဒုက္ခသည်များအတွက် အကောင်းထက်အဆိုးများသာ ပိုလာခဲ့သည်။ ငါးနှစ်ကြာပဋိပက္ခအတွင်း ဆင်းရဲတွင်း နက်သထက်နက်လာကြောင်း ကုလသမဂ္ဂဒုက္ခသည်များ အေဂျင်စီက ပြောသည်။

ကလေးငယ်အများစုမှာ ကျောင်းမနေနိုင်ကြပေ။ ဥပမာအနေဖြင့် တူရကီနိုင်ငံတွင် ဒုက္ခသည်များ၏ ၄၀ ရာခိုင်နှုန်းခန့်သာ ကျောင်းနေကြရသည်။ အများစုမှာ ၎င်းတို့၏ဘဝများကို ပြန်လည်တည်ဆောက်ရန်နှင့်ကောင်းမွန်သော ပညာရေးအခွင့်အလမ်းများရရှိရန် မျှော်မှန်းလျက်ရှိနေကြသည်။ ဒုက္ခသည်စခန်းများ၌ မည်သူမျှကြာရှည်နေလိုကြမည် မဟုတ်ပေ။ တူရကီနိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်လွယ်ကူစေရန် မကြာသေးမီက ဥပဒေကြောင်းအရ စတင်ခွင့်ပြုပေးသော်ငြားလည်း ဒုက္ခသည်များအတွက် အလုပ်အကိုင်ရရှိရေး ခက်ခဲနေဆဲပင်ဖြစ်သည်။

**သူတို့ဥရောပကို ဘာကြောင့်တရားဝင်မသွားရတာလဲ၊ သွားရောက်ဖို့အတွက် တူရကီသံရုံးမှာ ဘာကြောင့်မလျှောက်ထားသလဲ**

နေထိုင်ခွင့်ရှာဖွေသူများအနေဖြင့် ၎င်းတို့ရောက်ရှိသောတိုင်းပြည်၌ လုံခြုံရေးအတွက် အဦးဆုံး ထည့်သွင်းစဉ်းစားသင့်ကြောင်း ဗြိတိန်ပြည်ထဲရေးဌာနက ဆိုသည်။ ဗြိတိန်သည် တူရကီကိုလုံခြုံစိတ်ချရသော နိုင်ငံအဖြစ် ယူဆသောကြောင့် ဒုက္ခသည်များက အန်ကာရာရှိ သံရုံးတွင် အင်္ဂလန်သို့သွားရောက်ရန် ကြိုးစားမှုမှာ အထမမြောက်နိုင်ပေ။ ယခုကဲ့သို့ လုပ်ဆောင်ချက်သည်လည်း အင်္ဂလန်တစ်နိုင်ငံတည်းသာ မဟုတ်ဘဲ အခြားနိုင်ငံများမှာလည်း ထိုနည်းတူစွာပင်ဖြစ်သည်။ တရားဝင်လမ်းကြောင်းဖြင့် သွားရောက်ရန်မှာ နည်းလမ်းအနည်းငယ်သာရှိသည်။ နိုင်ငံအများစုမှာ အန္တရာယ်စက်ကွင်းမှ ထွက်ပြေးလာသူများအတွက် ၎င်းတို့လေယာဉ်လက်မှတ် ကြိုတင်မှာယူရေး၊ စိတ်ချလုံခြုံစွာ စီးနင်းရေးနှင့် နေထိုင်ခွင့်လျှောက် ထားနိုင်ရေးတို့အတွက် ဗီဇာထုတ်ပေးခြင်းမရှိပေ။ သို့သော်လည်း ဘရာဇီးနိုင်ငံကဲ့သို့ နိုင်ငံအနည်းငယ်မှာ လူသားချင်းစာနာမှုဆိုင်ရာ အထူးဗီဇာဖြင့် ကမ်းလှမ်းမှုရှိခဲ့သည်။ ဆီးရီးယား၏ အိမ်နီးချင်းနိုင်ငံများရှိ ဘရာဇီးသံရုံးများသည် ဗီဇာများထုတ်ပေးသဖြင့် ဒုက္ခသည်များအနေဖြင့် တရားဝင်သွားလာနိုင်သည်။ ၎င်းတို့အတွက် ဘရာဇီးသို့ရောက်လျှင် ရောက်ချင်း နေထိုင်ခွင့်တောင်းဆိုလျှောက်ထားနိုင်သည်။

အင်္ဂလန်သည် ၂၀၂၀ ပြည့်နှစ်မတိုင်မီ ယခုလွှတ်တော်ကာလအတွင်း ဆီးရီးယားနိုင်ငံသား နှစ်သောင်းကို အင်္ဂလန်၌ အခြေချနေထိုင်ရေး ကတိပေးခဲ့သည်ကို ပြည်ထဲရေးဌာနက ထောက်ပြကြသည်။ ဒုက္ခသည်များအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အကူအညီဖြင့် ဆီးရီးယား၏အိမ်နီးချင်းနိုင်ငံများမှ ရွေးချယ်ချထားပေးမည် ဖြစ်သည်။ ဥရောပသို့ ဝင်ရောက်ရန် မြေထဲပင်လယ်ကို ဖြတ်ကူးသူများမှာ တရားဝင်ရွေးချယ်မည့်အထဲ ပါဝင်နိုင်မည် မဟုတ်ပေ။

**ဆီးရီးယားဒုက္ခသည်တွေ ဘာကြောင့်အိမ်နီးချင်းနိုင်ငံတွေဆီ မသွားချင်တာလဲ**

အိမ်နီးချင်းနိုင်ငံများ၌ ဆီးရီးယားဒုက္ခသည်များကို အများအပြားလက်ခံထားရှိပြီးဖြစ်သည်။ အရေအတွက်အားဖြင့် တူရကီ၌ ၂ ဒသမ ၅ သန်း၊ လက်ဘနွန်၌ တစ်သန်း၊ ဂျော်ဒန်၌ ၆၂၀၀၀၀ နှင့် အီဂျစ်၌ ၁၁၇၀၀၀ တို့ဖြစ်သည်။ ထို့ပြင် ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ယူအေအီး၊ ကာတာ၊ ဘာရိန်းနှင့် အိုမန်တို့တွင်လည်း ဆီးရီးယားနိုင်ငံသား ၁ ဒသမ ၅ သန်းခန့်ရှိကြောင်း ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီမှ ထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါနိုင်ငံများသည် ဒုက္ခသည်များအတွက်သဘောတူညီမှုစာချုပ် ချုပ်ဆိုထားခြင်း မရှိသည့်အတွက် ဆီးရီးယားနိုင်ငံသားများသည် UNHCR၏ ၄ ဒသမ ၉ သန်းရှိသော ဒုက္ခသည်စာရင်းဇယားတွင်ပါရှိသည်ဟု တရားဝင်ရေတွက်နိုင်ခြင်းမရှိပေ။ အချို့မှာအဆိုပါ နိုင်ငံများသို့ စစ်မဖြစ်မီကပင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်ခဲ့ကြသူများဖြစ်သည်။

**အခြားဥရောပနိုင်ငံတွေအနက် သူတို့ဘာကြောင့်အင်္ဂလန်ကို သွားချင်တာလဲ**

ရွှေ့ပြောင်းသွားလာသူ အမြောက်အမြားသည် အခြားဥရောပတိုင်းပြည်များတွင် နေထိုင်ခိုလှုံခွင့်ရရန် တောင်းခံလျှောက်ထားကြသည်။ ၂၀၁၅ ခုနှစ်က ဂျာမနီနိုင်ငံ၌ နေထိုင်ခွင့်လျှောက်ထားသူစုစုပေါင်း ၄၄၁၉၀၀ ရှိသည့်အနက် ၁၅၈၇၀၀ မှာ ဆီးရီးယားနိုင်ငံသားများဖြစ်ကြောင်း UNHCR ၏စာရင်းဇယားများအရ သိရသည်။ ထို့ပြင်ဆွီဒင်နိုင်ငံ၌လည်း နေထိုင်ခွင့်လျှောက်လွှာအသစ် ၁၅၆၄၀၀ ရှိသည့်အနက် ဆီးရီးယားနိုင်ငံသားများ ၅၀၉၀၀ ရှိကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သောနှစ် အောက်တိုဘာလက ပြည်ထဲရေးဌာန၏ ထုတ်ပြန်ချက်အရ အင်္ဂလန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်ကတည်းက ခိုလှုံခွင့်ရှာဖွေသူ ဆီးရီးယား ဒုက္ခသည်ပေါင်း ၅၀၀၀ ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် မတ်လတွင် ခိုလှုံခွင့်တောင်းခံသူစုစုပေါင်း ၁၉၈၁ ဦးကို အာမခံထားပေးပြီးအခြား ၁၆၆၇ ဦး ကျန်ရှိနေသေးကြောင်း သိရသည်။

**ဘာကြောင့်ဆီးရီးယားလူငယ်တွေဟာသူတို့ရဲ့ နိုင်ငံမှာပဲနေပြီး တိုင်းပြည်အတွက် တိုက်ခိုက်နေကြတာလဲ**

တိုက်ပွဲများအတွင်းအချို့မှာ ၎င်းတို့၏မြို့များကို ကာကွယ်ရန် ခုခံတိုက်ခိုက်ကြပြီး ရှုံးနိမ့်ခဲ့သောကြောင့် ထွက်ပြေးခဲ့ကြရသည်။ အခြားသူများမှာ လက်နက်ကိုင်တပ်ဖွဲ့များသို့ ၎င်းတို့ဆန္ဒမပါဘဲ အတင်းအကျပ် ဝင်ရောက်ခဲ့ကြရသည်။ စစ်ဆေးရေးဂိတ်များ၌ တားဆီးမှုများရှိကြသဖြင့် အများစုသည် အိုင်အက်စ်(သို့မဟုတ်)အခြားလက်နက်ကိုင်တပ်ဖွဲ့များအတွက် တိုက်ခိုက်ပေးရခြင်းကို ရှောင်ရှားရန် ကြိုးပမ်းလာကြသည်။ ဆီးရီးယားနိုင်ငံသားအချို့မှာ တိုင်းပြည်ကောင်းစားရေးအတွက် မည်သည့်အုပ်စုဘက်မှ တိုက်ခိုက်ရမည်ကိုပင် မသေချာမရေရာ ဖြစ်နေကြရသည်။

**မိုဘိုင်းဖုန်းတွေသူတို့ဘယ်လိုကိုင်နိုင်ကြသလဲ**

စစ်မဖြစ်မီက ဒုက္ခသည်များတွင် လစာကောင်းသည့် အလုပ်အကိုင်များရှိကြပြီး လူတန်းစေ့လည်း နေထိုင်နိုင်ကြသည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် မိသားစုနှင့် ဆက်သွယ်ရန်၊ အဆက်အသွယ် သတင်းအချက်အလက်များ ရရှိရန်ဖုန်းသည် မရှိမဖြစ်ပင်ဖြစ်သည်။ ၎င်းတို့ထံ၌စမတ်ဖုန်းတစ်လုံး မရှိခဲ့လျှင်တောင် ဥရောပသို့သွားရောက်ရန်ကြိုးပမ်းသည့် မိ သားစုတစ်ခုတွင်တစ်လုံးခန့်ကို မည်သည့်နည်းဖြင့်ဖြစ်စေ ဝယ်ယူကြမည်သာ ဖြစ်သည်။

**ကိုးကား - ဘီဘီစီ (၁၅- ၇ -၂၀၁၆)**



**အများစုမှာ ၎င်းတို့၏ဘဝများကို ပြန်လည်တည်ဆောက်ရန်နှင့် ကောင်းမွန်သော ပညာရေးအခွင့်အလမ်းများရရှိရန် မျှော်မှန်းလျက်ရှိနေကြသည်။ ဒုက္ခသည်စခန်းများ၌ မည်သူမျှကြာရှည်နေလိုကြမည် မဟုတ်ပေ**

# တူရကီဆူပူအုံကြွမှုအတွင်း ဒီမိုကရေစီကိုအလေးထားရန် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး တိုက်တွန်း

**အူလန်ဘာတာ ဇူလိုင် ၁၇**

တူရကီ၌ စစ်ဘက်အာဏာသိမ်းမှုဖြစ်ပွားသည့် လုပ်ရပ်အပေါ် ဒီမိုကရေစီ သဘောတရားများကို အလေးထားရန် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက စနေနေ့တွင် ပြောကြားခဲ့သည်။

"အခြေအနေကို ပုံမှန်အတိုင်း ထိန်းသိမ်းနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ ငြိမ်းချမ်းရေးကို တတ်နိုင်သလောက်ထိန်းသိမ်းရပါမယ်" ဟု ဝန်ကြီးချုပ်က ဖော်ပြချက်တွင်ဆိုထားသည်။ မွန်ဂိုလီးယားမြို့တော် အူလန်ဘာတာ၌ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတွင် စိုးရိမ်စရာ တူရကီအရေးအခင်းနှင့်ပတ်သက်ပြီး အာဘေးက ပြောဆိုလိုက်ခြင်းဖြစ်သည်။

တူရကီ၌ရှိနေသော ဂျပန်နိုင်ငံသားများ၏ လုံခြုံရေးအတွက် အတွင်းဝန်ရုံးများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း အခြေအနေနှင့်ပတ်သက်၍ သတင်းအချက်အလက်များ စုဆောင်းရန်လည်း ပြောခဲ့သည်။

ဂျပန်နိုင်ငံသားများကို အပြင်သို့မထွက်ရန် တိုက်တွန်းထားကြောင်း နိုင်ငံခြားရေးဝန်ကြီးကပြောသည်။ အန်ကာရာရှိ ဂျပန်သံရုံးကိုလည်း နိုင်ငံတွင်းရှိဂျပန်လူမျိုးများနှင့် ခရီးသွားများအား အခြေအနေတည်ငြိမ်အေးချမ်းသည်အထိ သတိပြုနေထိုင်သွားကြရန် အီးမေးများပေးပို့ထားကြောင်းသိရသည်။

(ကျိုဒို)





စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုရ မုံရွာခရိုင်အသင်းသားများ အောင်ပွဲခံနေစဉ်

# မုံရွာခရိုင်က ကလေးခရိုင်ကိုအနိုင်ယူကာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားဆွတ်ခူး

**စစ်ကိုင်း ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ယင်းမာပင်ခရိုင်၊ ကန့်ဘလူခရိုင်၊ ကလေးခရိုင်၊ မုံရွာခရိုင်၊ မော်လိုက်ခရိုင်၊ ခန္တီးခရိုင်၊ ရွှေဘိုခရိုင်၊ တမူးခရိုင်၊ စစ်ကိုင်းခရိုင်၊ ကသာခရိုင်စသော အသင်း ၁၀ သင်းဝင်ရောက်ယှဉ်ပြိုင်သော တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇူလိုင် ၁၆ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ မုံရွာခရိုင်က ချန်ပီယံဆုဆွတ်ခူးခဲ့သည်။

ဗိုလ်လုပွဲတွင် ကလေးခရိုင်နှင့် မုံရွာခရိုင်တို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ ကစားချိန်အတွင်း ခရိုင်အလိုက် ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ကလေးခရိုင်ကို မုံရွာခရိုင်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည်။ ပြိုင်ပွဲတွင် ပူးတွဲတတိယဆုကို ရွှေဘိုခရိုင်နှင့် စစ်ကိုင်းခရိုင်တို့ ရရှိခဲ့ပြီး ဆုဖလားကို ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ချီးမြှင့်ခဲ့သည်။ ဆုဖလားရရှိခဲ့သော မုံရွာခရိုင်အသင်းသည် အုပ်စု(ဂ)၌ အုပ်စုဗိုလ်အဖြစ်တက်ရောက်လာပြီး ဗိုလ်လုပွဲတွင် ဂိုးသမား၏ အမှားကြောင့် ပထမပိုင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်နေရာမှ ဒုတိယပိုင်းတွင် တိုက်စစ်ကို မြှင့်တင် လိုက်သောကြောင့် အနိုင်ဂိုးများရရှိကာ ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

အဋ္ဌမအကြိမ်မြောက် နေပြည်တော် ဝန်ကြီး ဌာနပေါင်းစုံအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့် ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိရာ ယနေ့ညနေ ၃ နာရီခွဲ ပွဲစဉ်တွင် အုပ်စု(ကက)မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဘောလုံးအသင်းက ၁၁ ဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီသရေဖြစ်ခဲ့သည်။

ဇူလိုင် ၁၈ ရက် ပွဲစဉ်များအဖြစ် ညနေ ၃နာရီခွဲတွင် အုပ်စု(ခခ)မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း အမှတ် (၁)၌ လည်းကောင်း ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# ရတနာပုံအသင်း ချန်ပီယံဖြစ်ပြီ

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ- ဖိုးသော်ဇင်**

၂၀၁၆ ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံအသင်း အိမ်ကွင်း၌ နိုင်ပွဲရယူပြီး ပွဲစဉ်မကုန်မီ ချန်ပီယံဖြစ်ခဲ့သည်။

ဗထူးကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယနေရာမှ မကွေးအသင်း သရေကျခဲ့သောကြောင့် ရတနာပုံအသင်းသည် သရေကျရုံဖြင့် ဗိုလ်စွဲမည်ဖြစ်သော်လည်း ပွဲပြီးခါနီးတွင် သွင်းယူခဲ့သည့် ဝင်းနိုင်စိုး၏ဂိုးဖြင့် အနိုင်ရလဒ်နှင့်အတူ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၄ နှင့် ယခု ၂၀၁၆ ရာသီတို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်း၏ ပွဲထွက်လူစာရင်းတွင် ဒဏ်ရာရထားသည့် အောင်သူပြန်လည်ပါဝင်လာခဲ့ပြီး ဇွဲကပင်အသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ အမာခံကစားသမားအများစု ပါဝင်လာသော်လည်း ရတနာပုံအသင်းမှာ ထင်သလောက် ခြေစွမ်းမရခဲ့ပေ။ ပထမပိုင်းတွင် ဇွဲကပင်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်ခဲ့၍သာ ပထမပိုင်းတွင် ဂိုးမရှိ သရေကျခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်း ကစားအားမြှင့်လာခဲ့ပြီး ဇွဲကပင်အသင်းကလည်း သရေရလဒ်ကို ထိန်းရန်ကြိုးပမ်းခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အခွင့်အရေးကိုယ်စီရရှိခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးကို နာကျင်အချိန်ပိုတွင် ဝင်းနိုင်စိုးက သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် လက်ကျန်လေးပွဲအလိုတွင် ချန်ပီယံဖြစ်သွားခဲ့ပြီး ချန်ပီယံဆု လေးကြိမ်ရထားသည့် ရန်ကုန်အသင်းနှင့် အောင်မြင်မှုစံချိန် တူညီသွားခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းသည် ရခိုင်နှင့် ဂိုးမရှိ သရေကျခဲ့သောကြောင့် ဒုတိယနေရာရယူနိုင်ခွင့်ဆုံးရှုံးခဲ့ရသည်။ တောင်ငူကွင်းပွဲတွင် Southern အသင်းက ဟံသာဝတီကို အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူကာ အဆင့် ၁၀ နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။ ပွဲစဉ်(၁၈) အပြီးတွင် ရတနာပုံအသင်းက ရမှတ် ၄၇ မှတ်ဖြင့် လက်ကျန်လေးပွဲအလိုတွင် ချန်ပီယံဖြစ်ခဲ့ပြီး မကွေးအသင်းက ၃၂ မှတ်၊ ရန်ကုန်အသင်းက ၃၀၊ ဟံသာဝတီနှင့် ဧယျာရွှေမြေ အသင်းက ၂၈ မှတ်စီ၊ ဇွဲကပင်အသင်းက ၂၄ မှတ်၊ ချင်းယူနိုက်တက်က ၁၉ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်၊ Horizon က ခြောက်မှတ်ရရှိထားသည်။






SHANNI DEVELOPMENT PUBLIC CO.,LTD.

## ကြေညာချက်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း၊ ကြီးကြပ်ရေးကော်မရှင်၏ ၁၄-၉-၂၀၁၅ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)နှင့် ၇-၄-၂၀၁၆ ရက်တွင် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ်(၅/၂၀၁၆)တို့တွင် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းနှင့် ကမ်းလှမ်းရောင်းချ ရာတွင်အသုံးပြုမည့် အလားအလာညွှန်းတမ်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သောညှိနှိုင်း ဆောင်ရွက်မှုများကို ဆောင်ရွက်ရန် ညွှန်ကြားလာပါသဖြင့် ကျွန်တော်များ ရှမ်းနီဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၁၅-၇-၂၀၁၆ ရက်စွဲဖြင့် ခေါ်ယူထားသော အစုရှယ်ယာများ ခေါ်ယူခြင်းကို ခေတ္တမျှရပ်ဆိုင်းထားပါသည်။ လိုအပ်သော ဆောင်ရွက်မှုများပြီးလျှင်ပြီးချင်း အစုရှယ်ယာခေါ်ယူခြင်းကို ပြန်လည်ကြေညာပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**BOD**
**Shanni Development Public Co., Ltd**
**ရှမ်းနီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
**(အ-၁၁)၊ ၆၂ လမ်း၊ ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြား၊ (ဃ ရပ်ကွက်)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၆၃၂၁၉၉၊ ၀၉-၄၀၀၀၆၁၆၁၉၊ ၀၉-၄၄၈၅၄၅၃၉၅၊ ၀၉-၄၇၀၀၁၇၇၄**

## ဒေါက်တာဒေါ်အေးလွင်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၅၁နေ ဦးကျော်ဝင်းရှိန်နှင့် ဦးသိန်းရွှေသန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါက်တာအေးလွင်နှင့် အများ သိစေရန် ကြေညာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀အိုင်၁၊ မြေကွက်အမှတ်- I၁၁၊ ဧရိယာ ၀ဒသမ၁၅၂ဧက၊ စတုရန်းပေ ၆၆၀၀ အကျယ်အဝန်းရှိသော နှစ် ၆၀ဂရန်မြေဟုခေါ်တွင်သည့် ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်ရှိ အမှတ် ၂၁၉မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သူဖခင် ဦးစစ်ရှိန်အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် မှတ်သားတည်ရှိပါသည်။ ကျွန်တော်တို့၏ မိဘများဖြစ်သော ဦးစစ်ရှိန်နှင့်ဒေါ်ကီးတုံ ကွယ်လွန်သောအခါ အထက်ပါမြေနှင့်အိမ်သည် အမွေပုံပစ္စည်းအဖြစ်ကျန်ရှိပါသည်။ ၎င်းအမွေပုံပစ္စည်း၏ ဂရန်မူရင်းနှင့်စာချုပ်စာတမ်းများမှာ ကျွန်တော်တို့၏ လက်ဝယ်တွင်ရှိပါသည်။

အထက်ပါမြေနှင့်အဆောက်အအုံတွင် ကျွန်တော်တို့၏ အစ်ကိုကြီး ဦးရဲဝင်းရှိန်(ကွယ်လွန်)၏ ဇနီး ဒေါက်တာဒေါ်အေးလွင်က နေထိုင်လျက်ရှိပါသဖြင့် ကျွန်တော်တို့၏ သဘောတူညီ ခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒတစ်ခုတည်းဖြင့် မြေနှင့် အဆောက်အအုံ တစ်ခုလုံးကိုဖြစ်စေ၊ မည်သည့်အစိတ်အပိုင်းကိုဖြစ်စေ၊ တစ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဂရန်မိတ္တူထုတ်ယူခြင်း၊ အမည်ပြောင်းခြင်း၊ ပိုင်ဆိုင်ကြောင်း ကြေညာခြင်း၊ အဆောက်အအုံပုံစံ ပြောင်းလဲခြင်း၊ တိုးချဲ့ခြင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် စီမံဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် မိမိပိုင်မြေနှင့်အဆောက်အအုံကဲ့သို့ စီးပွားရေးဆောင်ရွက်ခွင့်များကို လုပ်ဆောင်ခွင့်မပြုကြောင်း ဒေါက်တာဒေါ်အေးလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ (LL.B, LLM) Advocate/၇၉၀၃**
**အမှတ် ၁၀၃ (A/B)၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၉၄၄၅၇**

# ထီးစဲခါးရေတံခွန်တွင် ရေနစ်သူကို ဆင်းကယ်ရာမှ အမျိုးသားသုံးဦး ရေနစ်သေဆုံး

**လှိုင်ကော် ဇူလိုင် ၁၇**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာအနီးရှိ ထီးစဲခါးရေတံခွန်တွင် အမျိုးသားတစ်ဦး ရေဆင်းချိုးနေစဉ် ရေနစ်သဖြင့် အမျိုးသားသုံးဦးက ရေနစ်သူကို ဆင်းကယ်ရာမှ ၄င်းအမျိုးသားသုံးဦးတို့ပါ ရေနစ်သေဆုံးခဲ့ရသောဖြစ်ရပ်တစ်ခု ဇူလိုင် ၈ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီခန့်က ထီးစဲခါးရေတံခွန်တွင် အပန်းဖြေခရီးလာရောက်သူ အမျိုးသားသုံးဦးတို့ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးကြောင်း သိရသဖြင့် လွိုင်လင်လေးကျေးရွာ ရဲကင်းစခန်းမှူးရဲအုပ် ဇော်လင်းထိုက်နှင့်အဖွဲ့က အခင်းဖြစ်ရပ်သို့ သွားရောက်စုံစမ်းခဲ့သည်။

စုံစမ်းစစ်ဆေးချက်အရ တောင်ကြီးမြို့ ချမ်းသာရပ်ကွက်နေ ဆာဂျစ်(၁၅ နှစ်)၊ တောင်ကြီးမြို့ မြို့မရပ်ကွက်နေ နေမင်းထွန်း(ခ)ယူနိုက် (၂၇ နှစ်)၊ တစ်ရပ်ကွက်တည်းနေ နေမျိုး(ခ) အီစမိုင် (၃၅ နှစ်) နှင့် တာမွေမြို့နယ် မအူကုန်းရပ်ကွက်နေ ဇေမင်း(ခ) ဇစ်ကရီယာ(၁၉ နှစ်)တို့ လေးဦးသည် ထီးစဲခါးရေတံခွန် ရေအိုင်အတွင်း ရေနက်ပိုင်း၌ ရေဆင်းချိုးကြရာမှ ဆာဂျစ်မှာ ရေနစ်သဖြင့် နေမင်းထွန်း(ခ)ယူနိုက်၊ နေမျိုး(ခ) အီစမိုင်နှင့် ဇေမင်း(ခ)ဇစ်ကရီယာတို့က ဆင်းကယ်ကြရာမှ ၄င်းတို့သုံးဦးပါ ရေနစ်သေဆုံးခဲ့ကြခြင်း ဖြစ်သည်။

သေဆုံးသူများအား ရှာဖွေရာ ဇေမင်း(ခ) ဇစ်ကရီယာ၏အလောင်းအား ယင်းနေ့ ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ နေမင်းထွန်း(ခ) ယူနိုက်၏ အလောင်းအား ညနေ ၄ နာရီခွဲတွင် လည်းကောင်း၊ နေမျိုး (ခ) အီစမိုင်၏ အလောင်းအား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း အခင်းဖြစ်နေရာ အနီးရှိ ချောင်းအတွင်းမှ ရှာဖွေဆယ်ယူရရှိခဲ့ပြီး လွိုင်လင်လေးတိုက်နယ်ဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ဆောင်စစ်ဆေးခဲ့သည်။

ထိုဖြစ်ရပ်နှင့်စပ်လျဉ်း၍ လွိုင်ကော်မြို့မ ရဲစခန်းက အမှုဖွင့်လှစ်ပြီး လွိုင်လင်လေး ရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်းထိုက်က အမှုမှန်ပေါ်ပေါက်ရေး ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင် (လွိုင်ကော်)**



# မင်းပြားမြို့နယ်၌ လူ ၆၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

**မင်းပြား ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် မင်းပြားမြို့မင်းဘာကြီးရပ်ကွက်၌ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက လူကြီးလူငယ် ၆၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွားသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့တင်ပို့၍ အရေးပေါ် ဆေးကုသမှုခံယူလျက်ရှိသည်။ **(အပေါ်ပုံ)**

မင်းပြားမြို့ မင်းဘာကြီးရပ်ကွက်နေ ဒေါ်မသန်းအေး (၅၃ နှစ်) ရောင်းချသော ထမင်းကြော်နှင့် ခေါက်ဆွဲကြော်ကို နံနက်စာစားသုံးမိရာမှ လူကြီးလူငယ် ၆၀ ခန့် မူးဝေအော့အန် သတိမေ့မြောခြင်းများဖြစ်ပွားရာ အစာအဆိပ်သင့်မှုဖြစ်ပွားသဖြင့် ပြည်သူ့ဆေးရုံသို့ အရေးပေါ်တက်ရောက်ခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနက အမြန်ဆုံးဆေးကုသပေးလျက်ရှိသည်။ လူနာများထံသို့ သက်ဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကူညီ စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# လွယ်တော်ခမ်းစစ်ဆေးရေးစခန်း၌ ငွေကျပ် ၅၆ သိန်းခန့်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးတစ်တုံးဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်မှ မိုင်းဆတ်သွားမော်တော်ယာဉ်ပေါ်မှ ငွေကျပ်သိန်းပေါင်း ၅၆ သိန်းခန့်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးတစ်တုံး ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီခွဲက ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်ကြည်လွင် ဦးစီးအဖွဲ့၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးအောင်ပိုင်စိုး ဦးစီးသော ပူးပေါင်းအဖွဲ့သည် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်မှ မိုင်းဆတ်ဘက်သို့ ဦးဝိဝါလ (၅၂ နှစ်) မောင်းနှင်ပြီး ဦးစိုးလွင်(၅၃ နှစ်)၊ ဦးစိုင်းရွက်(၅၂ နှစ်) နှင့် နန်းအီအွေ့(၂၆ နှစ်) တို့ လိုက်ပါလာသော 4D----- နံပါတ်ပါ ပါဂျဲရိုး အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူဘလောက်တုံး တစ်တုံး၊ အလေးချိန် ၃၅၀ ဂရမ်ခန့် ငွေကျပ် သိန်းပေါင်း ၅၆ သိန်းခန့်နှင့် လက်ကိုင်ဖုန်းတစ်လုံးကို တွေ့ရှိသဖြင့် ရဲအုပ်ကြည်လွင်က ၄င်းတို့စီးနင်းလာသော မော်တော်ယာဉ်နှင့်အတူ သိမ်းဆည်းခဲ့သည်။

အမှုမှ မူးယစ်ဆေးဝါး ဝှက်ယူသယ်ဆောင်လာသူနှင့် ပူးပေါင်းပါဝင်သူ လေးဦးတို့ကို တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

■



# ပုလောမြို့နယ် ခိုမောင်းတောကျေးရွာအနီး၌ ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်

**မြိတ် ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပုလောမြို့နယ် မကျည်းကုန်းကျေးရွာအုပ်စု ခိုမောင်းတောကျေးရွာအနီး မိုင်တိုင်အမှတ်(၁၀၂/၄)တွင် ကုန်တင်ယာဉ်တစ်စီး ဇူလိုင် ၁၇ ရက် နံနက် ၃ နာရီခွဲခန့်က တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ဒေသခံခရီးသွားများထံမှ သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဇော်ဦး (၄၂ နှစ်) ဇော်ကလေး-၃ လမ်း ကရပ်ပြင်ရပ်ကွက် ထားဝယ်မြို့နေသူ မောင်းနှင်လာသော 9B/---- NISSAN အမျိုးအစား ၁၂ ဘီးယာဉ်သည် ထားဝယ်မြို့မှ မြိတ်မြို့သို့ ကုန်များတင်ဆောင်မောင်းနှင်လာစဉ် ဇူလိုင် ၁၇ ရက် နံနက် ၃ နာရီခွဲခန့်က ပုလောမြို့နယ် မကျည်းကုန်းကျေးရွာအုပ်စု ခိုမောင်းတောကျေးရွာအလွန် မိုင်တိုင်အမှတ် (၁၀၂/၄) အနီးရှိ ကုန်းတက်အား မောင်းတက်စဉ် နောက်ပြန်လျောကျကာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုသို့တိမ်းမှောက်မှုကြောင့် ကုန်တင်ယာဉ်ပေါ်ပါသူ သုံးဦးတို့ ထိခိုက်မှုမရှိကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် မြို့နယ်ရဲစခန်းတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဇော်ဦး (၄၂ နှစ်) အား ပုလောမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# အရက်သောက်ပြီး ချောင်းဖြတ်ကူးစဉ် ရေနစ်သေဆုံး

**စေတုတ္တရာ ဇူလိုင် ၁၇**

စေတုတ္တရာမြို့နယ်ရှိ ဆမီးချောင်းအတွင်း အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့မှု ဇူလိုင် ၁၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းအရ စေတုတ္တရာမြို့မရဲစခန်းမှ ဒုရဲအုပ်ညီညီထွန်း သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အမှတ်(၁)ရပ်ကွက် စေတုတ္တရာမြို့နေသူ မြင့်နိုင်(၃၉ နှစ်) ဖြစ်ပြီး ၄င်း၏ဇနီးပြောပြချက်အရ ယင်းနေ့နံနက် ၈ နာရီက သားဖြစ်သူအား ကျောင်းပို့ကာ ဈေးဝယ်မှအပြန်တွင် အရက်သောက်ထားပြီး ချောင်းဖြတ်ကူးစဉ် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်သည်။ ၄င်းရေနစ်သေဆုံးမှုနှင့်ပတ်သက်၍ စေတုတ္တရာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ ဦးဝင်းမြင့်(ကထိက၊ မြန်မာစာဌာန)-
ဒေါ်သင်းသင်းလှိုင်(ကထိက၊ မြန်မာစာဌာန)တို့၏မောင်၊
ကိုရဲအောင်အောင်(ဒု/ဦးစီးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်)၏အစ်ကို၊
ဦးငွေးလွင်(ရုံးအုပ်ကြီး၊ က·ပ·ရ၊ အခစ-၄)-ဒေါ်ခင်ဆွေ(အထပြ၊ ငြိမ်း၊ အထက-၂၇)
(ချမ်းမြေ့မွန်မိသားစု-တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့၏သားကြီး

**မောင်ခန့်သူ**

(ဦးစီးအရာရှိ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့) နှင့်
မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နေ ဒေါ်လှမြိုင်(အထပြ၊ အထက စဉ့်ကူး)၏တူမ၊
ဒေါက်တာ ခင်ငြိမ်းငြိမ်းမြင့်(လ/ထ ဆရာဝန်-စဉ့်ကူးမြို့နယ်ဆေးရုံ)၏ညီမ၊
မအိစန္ဒာမြင့်(တောအုပ်ကြီး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်)၏အစ်မ၊
ဒေါက်တာမြင့်သန်း-ဒေါ်သန်းသန်းဆင့်(တက်နေဝန်း-ဆေးခန်း)တို့၏သမီးလတ်

**မခင်ကြူကြူမြင့်**

(ဦးစီးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်)
တို့သည် ၁၇-၇-၂၀၁၆ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ခန့်သူ-မခင်ကြူကြူမြင့်**

## ဖခင်အမည်မှန်

ဇန်းမော်မြို့၊ အထက(၂)နဝမတန်း(D)မှ မအားဆာမီး၊ စတုတ္ထတန်း(B)မှ မောင်လန်ဘော်ဆာနှင့် မောင်လန်ဇော်ဆာ၊ KGတန်းမှ မရီမဂူတို့၏ဖခင် အမည်မှန်မှာ ဦးလဆန်နော်(ခ)ဦးလန်လဲ ၁/ဗမန(နိုင်)၀၃၅၇၈၃ ဖြစ်ပါကြောင်း။ **ဦးလဆန်နော်**

## ဖခင်အမည်မှန်

မိုးမောက်မြို့၊ အထက(ခွဲ)မိုင်းခတ်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဆိုင်းလင်းနှင့် နဝမတန်းမှ မောင်ဥက္ကာဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးလှိုင် ဖြစ်ပါကြောင်း။ **ဦးစိုးလှိုင်**

## အမည်ပြောင်း

ပခုက္ကူမြို့၊ အထက၅ KG (B) မှ အောင်နေမင်းခန့်အား မောင်ထက်မြက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထက်မြက်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/1416 Toyota Hiace KDH 225 L၊ Mini Bus ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းရှိန် ၉/ကပတ(နိုင်)၀၈၃၉၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

ပခုက္ကူမြို့ ရာပြည့်စံကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ခန့်အောင်သန့်၏ ဖခင်အမည်မှန်မှာ ဦးငွေဒွေး ၈/ပခက(နိုင်)၁၀၇၉၀၆ ဖြစ်ပါကြောင်း။ **ဦးငွေဒွေး**

## ဖခင်အမည်မှန်

အမေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ရဲမျိုးထက်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၈/ပခက(နိုင်)၀၅၈၃၆၂ ဖြစ်ပါကြောင်း။ **ဦးမောင်မြင့်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မောင်သက်ထွေးအောင်၏ ဖခင်အမည်မှန်မှာ ဦးထိန်ဝင်း ၅/ယမပ(နိုင်)၀၂၄၅၄၄ ဖြစ်ပါကြောင်း။

## သာသနာရောင်ဝါထွန်းစေဖို့ သမ္ဗုဒ္ဓ ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၀၆ |
| ၃ | အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၃၈၀၅၇၃ |
| ၄ | အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၁၆၀၃၂ |
| ၅ | အမှတ်-၉၆၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ | ၀၉-၇၃၀၅၇၅၆ |
| ၆ | အမှတ်-၁၂၅၊ သံဈေးရှေ့ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ |
| ၇ | အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ |
| ၈ | အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉-၈၆၀၃၀၈၅ |
| ၉ | တိုက်-A၊ အခန်း-၁၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၂၃၂၂ |
| ၁၀ | ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၁၁ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၁၂ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၅၉၇ |
| ၁၃ | အမှတ် (၁၆၉)၊ မင်းဘာကြီးလမ်း၊ ဘောက်သီးစုရပ်ကွက်၊ စစ်တွေမြို့။ | ၀၄၃-၂၁၄၁၂ |
| ၁၄ | အမှတ် (၇၆)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။ | ၀၉-၄၅၃၃၈၀၃၃၉ |
| ၁၅ | ၂/ ၈၃၊ နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ ဆင်ရတနာအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၄၇၇၃ |

သမ္ဗုဒ္ဓဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်

# (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး ဇူလိုင် ၁၇**

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအောင်မြင်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မန္တလာသီရိအားကစားကွင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်တက်ရောက်ပြီး အမှာစကားပြောကြားခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့သည် နိုင်ငံရေးပွဲဖြစ်သည်နှင့်အညီ အနှစ်သာရရှိရှိဖြင့် ပြည်သူများနှင့်အတူ စုပေါင်း၍ ကျင်းပမည့်အခမ်းအနားပင်ဖြစ်ပါကြောင်း၊ နောင်လာမည့်အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများလည်း အာဇာနည်နေ့အကြောင်းကို သိစေချင်ပါကြောင်း၊ အလေးပြုတာကိုလည်း ရင်ထဲ၊ နှလုံးသားထဲကနေပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား နိုင်ငံတော်အတွက် ဘယ်လောက်ကျေးဇူးကြီးမားခဲ့သည်ကို လက်ဆင့်ကမ်းသင့်ပါကြောင်း၊ အာဇာနည်နေ့တွင် အရုဏ်ဆွမ်းဆက်ကပ်ခြင်းအခမ်းအနားကို မြို့တော်ခန်းမနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချအခမ်းအနားကို မန္တလာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ ရဲလွင်က အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။ ယင်းနောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီအသီးသီးတို့က အခမ်းအနားနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလာသီရိအားကစားကွင်းအတွင်းရှိ လွမ်းသူ့ပန်းခွေချအလေးပြုခြင်း ပြုလုပ်မည့်နေရာသို့ရောက်ရှိပြီး ဆပ်ကော်မတီအလိုက် အခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ် လိုက်လံကြည့်ရှု၍ လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် သုံးလက်မခန့်ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဖောင်းပြင်မြို့နှင့် ဟုမ္မလင်းမြို့ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ အောက်ဖော်ပြပါ လမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့်ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မွှာရုံဘေး လမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက် ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင် ၁၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး ၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်/ သံပိုက် /ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာလမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာအစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

**၂၀၁၆ ခုနှစ်(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ**

## အသိပေးကြေညာချက်

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်သံပိုက် /ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၆ ခုနှစ်(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

## အသိပေးကြေညာချက်

**အာဇာနည်ဗိမာန်သို့ ဂါရဝပြုလာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်-**

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်သံပိုက် /ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၆ ခုနှစ်(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

ခရီးသွားမယ်ဆို၊ စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။




## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၀)ရပ်ကွက်၊ တာကိုင်း၊ အကွက်အမှတ် ၁၃၀ တာကိုင်း၊ ဦးပိုင်အမှတ် ၅၇၊ ၆၁-က ဧရိယာ ၀ဒသမ ၅၅၇ ဧကရှိ ဂရန်မြေအား ဧရာပုသိမ် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက် BOD အဖွဲ့အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၀)ရပ်ကွက်၊ တာကိုင်း၊ အကွက်အမှတ် ၁၃၀ တာကိုင်း၊ ဦးပိုင်အမှတ် ၆၄-ဆ ဧရိယာ ၀ဒသမ ၃၅၂ဧကရှိ ဆန်စက်မြေအား ဧရာပုသိမ် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက် BOD အဖွဲ့အမည်ဖြင့် စက်မှုမြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/2952 HINO PROFIA TRUCK ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထွန်း ၃/ကကရ(နိုင်)၀၆၉၅၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## လူပျောက်ကြော်ငြာ



မောင်နေမျိုးဇော် (နားမကြား/စကားမပြောတတ်ပါ။) အသက် (၁၀)နှစ် ကလေးအရွယ် ပျောက်ဆုံးနေပါသည်။ တွေ့ရှိပါက ဖုန်း-၀၉-၂၅၉၀၆၇၇၂၇၊ ၀၉-၉၇၆၀၁၆၆၈၀ တို့သို့ ဆက်သွယ်ပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၀)ရပ်ကွက်၊ တာကိုင်း၊ အကွက်အမှတ် ၁၃၀ တာကိုင်း၊ ဦးပိုင်အမှတ် ၆၀၊ ၆၁-ခ၊ ၆၃-က၊ ၆၈၊ ၆၉၊ ၇၀၊ ၇၂-က၊ ၇၅ ဧရိယာ ၀ ဒသမ ၆၄၇ဧကရှိ ဂရန်မြေအား ဧရာပုသိမ် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက် BOD အဖွဲ့အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးပါရန် လျှောက်ထား ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှ စ၍ ၁၅ရက်အတွင်း ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၃၁၁၁ Jialing 90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဆွေ ၉/စကန(နိုင်)၀၀၃၇၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဇွဲကနာကျေးရွာမြောက်ကွင်းနေ ဦးစိန်လှိုင်-ဒေါ်စန်းလှိုင်တို့၏မြေး၊ ဦးကိုကိုနိုင်-ဒေါ်ယုယုခိုင်တို့၏ သား မောင်ရှိုင်းကိုကို ၁၂/ကတန(နိုင်)၁၂၂၃၈၆ သည် ဘိုးဘွားမိဘဆိုဆုံးမမှုကို လက်မခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မြေး၊ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်လှိုင်-ဒေါ်စန်းလှိုင်**
**ဦးကိုကိုနိုင်-ဒေါ်ယုယုခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၈၀၅၉၁ Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးနိုင် ၁၄/လပတ(နိုင်)၁၄၉၀၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8243 Honda Fit GE 6 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေပွင့်ဦးမောင် ၇/ပခန(နိုင်)၂၄၈၂၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

# ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်း**

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**( ၂၀၁၆ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ကို ဆိုသည်။

(ဂ) **စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဦးဆောင်ညွှန်ကြားရေးမှူး (သို့မဟုတ်) အမှုဆောင်အရာရှိချုပ်** ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ အကြီးအမှူးကို ဆိုသည်။

(င) **ကုန်းလမ်းပို့ဆောင်ရေး** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးခြင်းကို ဆိုသည်။

(စ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားဖြင့်ဖြစ်စေ၊ အခြားစွမ်းအားတစ်ခုခုဖြင့်ဖြစ်စေ အသုံးပြု၍ လမ်းများပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ၊ အဖိုးစားနားသို့မဟုတ် ကတိနှင့်ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့် လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်းလမ်းခရီးဖြင့် ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ မော်တော်ယာဉ်ရပ်နားစခန်းလုပ်ငန်း၊ မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်း၊ မော်တော်ယာဉ်မောင်းသင်တန်း၊ စက်ပြင်သင်တန်း၊ ကုန်သွယ်မှုလုပ်ငန်းအပါအဝင် ဘတ်စ်ကားရပ်နားစခန်းလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းများအပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းတွင်လည်းကောင်း၊ ဒေသတွင်း အဖွဲ့အစည်းများ၏ သဘောတူညီချက်အရ နယ်စပ်ဖြတ်ကျော်၍လည်းကောင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်ပြီး လွယ်ကူအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့်ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

( ခ ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့အား တာဝန်နှင့်လုပ်ပိုင်ခွင့်များအပ်နှင်းနိုင်ရန်၊

( ဂ ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေးနှင့် စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဃ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးနှင့် ငွေကြေးသုံးစွဲမှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာဖြင့် ရေရှည်ရပ်တည်နိုင်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ရန်၊

( င ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံသူများနှင့်ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်စသည့် နှစ်ဖက်သဘောတူလုပ်ကိုင်ခွင့်ပြုသည့်စနစ်ဖြင့်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုနိုင်ရန်၊

( စ ) နိုင်ငံတော်အတွင်းဖြတ်သန်းသည့် အာရှအမြန်လမ်းမကြီးများ (AH1,2,3,14) နှင့်ဒေသတွင်းနိုင်ငံများနှင့် နယ်စပ်ဖြတ်သန်းသွားလာသည့်လမ်းများတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လွယ်ကူအဆင်ပြေချောမွေ့ပြီး လုံခြုံမှုရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ဒေသတွင်းအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

**အခန်း(၃)**

**ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဖွဲ့စည်းခြင်း**

၄။ (က) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဖွဲ့စည်းမှုကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၄) ဖြင့် သဘောတူခွင့်ပြုပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၆-၇-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၄) ဖြင့် ပြင်ဆင်ဖွဲ့စည်းထားသည့် အောက်ပါဖွဲ့စည်းပုံအတိုင်း တည်ထောင်ရမည်-

(၁) ဦးဆောင်ညွှန်ကြားရေးမှူး (သို့မဟုတ်) အမှုဆောင်အရာရှိချုပ်
(၂) အထွေထွေမန်နေဂျာ
(၃) ဒုတိယအထွေထွေမန်နေဂျာ
(၄) ဒုတိယအထွေထွေမန်နေဂျာ(စာရင်း)
(၅) အင်ဂျင်နီယာချုပ်
(၆) လက်ထောက်အထွေထွေမန်နေဂျာ
(၇) မန်နေဂျာ
(၈) လက်ထောက်မန်နေဂျာ

( ခ ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သည် ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၅။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန်အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

( ခ ) ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ မိမိဝန်ထမ်းများ၏ အရည်အချင်းသတ်မှတ်ချက်၊ ဝန်ထမ်းတစ်ဦးချင်း ရာထူးအဆင့်အလိုက် တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို လိုအပ်သလို သတ်မှတ်ထားရှိရမည်။

( ဂ ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေအရ ဖွဲ့စည်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ၊ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့က ပိုင်ဆိုင်သောငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဃ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော မြေ၊ အဆောက်အအုံ၊ မော်တော်ယာဉ်၊ မော်တော်ယာဉ်နှင့် သက်ဆိုင်သည့် ယန္တရား၊ စက်ပစ္စည်းကိရိယာတန်ဆာပလာများ၊ ကုန်ပစ္စည်းစသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

( င ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့်တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၆။ ဝန်ကြီးဌာနသည် -

(က) ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေအရ ဖွဲ့စည်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ၊ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများက ယခင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ကုန်းလမ်းပို့ဆောင်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

( ခ ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို ဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့် ဌာနအဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးနိုင်သည်။

( ဂ ) ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များအား ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ခံစားခွင့်ပြုရမည်။

**အခန်း ( ၄ )**

**ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ မော်တော်ယာဉ် စီးလုံးငှားရမ်းခြင်း လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

( ခ ) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတို့နှင့်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ မတည်ငွေများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် တည်ထောင်ပြီး လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ဃ) ကုန်းလမ်းတစ်လျှောက်ရှိ မြို့ရွာများနှင့် ရပ်နားစခန်းများတွင် ကုန်စည်များ လက်ခံသိုလှောင်ခြင်း၊ တင်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ယင်းလုပ်ငန်းများကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ခြင်း၊

( င ) မော်တော်ယာဉ်ရပ်နားစခန်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများအပါအဝင် ဘတ်စ်ကားရပ်နားစခန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( စ ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ပိုင် မြေနှင့်အဆောက်အအုံများကို အသုံးပြု၍ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဆ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ပိုင် မြေ၊ အဆောက်အအုံ၊ မော်တော်ယာဉ်၊ ယန္တရားနှင့် အခြားဆက်စပ်သောပစ္စည်းများကို ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊

( ဇ ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ပိုင် မော်တော်ယာဉ်နှင့် အသုံးမလိုသည့် ပစ္စည်းများ၊ ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်း၊

(ဈ) ကုန်လမ်းပို့ဆောင်ရေး အာမခံလုပ်ငန်းများကို သင့်လျော်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တာဝန်ယူဆောင်ရွက်ရန် စီမံခန့်ခွဲရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

( ဋ ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် အခြား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

**အခန်း( ၅ )**

**စီမံခန့်ခွဲရေးအဖွဲ့ဖွဲ့စည်းခြင်း**

၈။ ဝန်ကြီးဌာနသည် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့က ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုနှင့် ဦးဆောင်မှုပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုးဦးထက်မပိုသော အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ ဦးဆောင်ညွှန်ကြားရေးမှူး (သို့မဟုတ်) အမှုဆောင်အရာရှိချုပ် | - ဥက္ကဋ္ဌ |
| ( ခ ) | ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကျွမ်းကျင်သူပညာရှင်တစ်ဦး | - အဖွဲ့ဝင် |
| ( ဂ ) | စီးပွားရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | - အဖွဲ့ဝင် |
| (ဃ) | စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | - အဖွဲ့ဝင် |
| ( င ) | ဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်များ | - အဖွဲ့ဝင် |
| ( စ ) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သော အဖွဲ့ဝင်တစ်ဦး | - အတွင်းရေးမှူး |

၉။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) အစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) အစည်းအဝေးသို့တင်ပြသည့် ကိစ္စရပ်အားလုံးကို အစည်းအဝေးတက်ရောက်လာသည့် အဖွဲ့ဝင်အများစု၏မဲဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၀။ (က) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းသို့ မခန့်ထားမီကာလက စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်လုပ်ငန်း တာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

( ခ ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် စီမံခန့်ခွဲရေးအဖွဲ့ကပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပဋိညာဉ်တွင် သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုတစ်ခုခုတွင် သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

( ဂ ) ပုဒ်မခွဲ(ခ)အရ ထုတ်ဖော်ပြောဆိုချက်ကို စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး အကျိုးသက်ဆိုင်သည့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့်သော် လည်းကောင်း ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုနှင့် သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

*(ဆက်လက်ဖော်ပြပါမည်)*

# လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက်အကြောင်း အသိပေးဆွေးနွေး

**တောင်ကြီး ဇူလိုင် ၁၇**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက်အကြောင်း အသိပေးဆွေးနွေးပွဲကို တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ သုံးထပ်ဆောင်၌ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က မသန် စွမ်းသူများသည် နိုင်ငံအတွက်၊ မိသားစုအတွက် အခက်အခဲများဖြစ်သည်ဟု စိတ်အားငယ်စွာ ခံစားနေရခြင်းမှ ကင်းဝေးစေရန် ဤစီမံချက်က ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဤစီမံချက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံမှ ဆေးရုံအုပ်ကြီးက စီမံချက်မန်နေဂျာအဖြစ် တာဝန်ယူပြီး တောင်ကြီးမြို့နယ် စဝ်စံထွန်းဆေးရုံအကြော၊ အဆစ်ပြန်လည်သန်စွမ်းရေးဌာနမှူးတို့ ပူးပေါင်း၍ လုပ်ဆောင်ကြမည်ဖြစ်ရာ ဤဒေသမှ မသန်စွမ်းသူများအတွက် အလွန်ကောင်းမွန်သော စီမံချက်ဖြစ်ကြောင်း၊ စီမံချက်အောင်မြင်ကာ မသန်စွမ်းသူများ အနေဖြင့် မိမိကိုယ်မိမိ အားကိုးပြီး အမှီအခိုကင်းစွာ ရပ်တည်နိုင်သောသူများဖြစ်လာရန်အတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူလူထုအားလုံးကလည်း ပူးပေါင်းပါဝင်ကူညီကြရန် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာနွယ်နွယ်သိန်းက စီမံချက်အကြောင်း ရှင်းလင်းပြောကြားပြီး လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက် လုပ်ငန်းအရာရှိ ဒေါ်အေးအေးမာက စီမံချက်အရ ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မည့် ရည်ရွယ်ချက်ကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက် လုပ်ငန်းအရာရှိနှင့် စီမံချက်တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ် ၂၁ မြို့နယ်မှ ဆရာဝန်များ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



**နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ(၁) နေပြည်တော်မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးမျိုးမင်းဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်တာဝန်ရှိသူများ ပူးပေါင်း၍ ဗိုလ်မင်းရောင်ရပ်ကွက်၌ ဇူလိုင် ၁၅ ရက်က ယာဉ်စည်းကမ်းစစ်ဆေးမှုများ ဆောင်ရွက်စဉ်။** ကိုကိုရှုပ(နေပြည်တော်)

# မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှုစနစ် လက်တွေ့သရုပ်ပြ



**လေးမျက်နှာ ဇူလိုင် ၁၇**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာရှိ စနစ်ကျလယ်မြေ ဧက ၁၀၀ စံပြကွက်၌ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုစနစ် သရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နည်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများကို လက်တွေ့သရုပ်ပြခဲ့ကြပြီး လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**တင်ရွှေ(ပြန်/ဆက်)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ ဆိပ်ဖြူမြို့နယ်၌ အသိပညာပေးဆွေးနွေး

**ဆိပ်ဖြူ ဇူလိုင် ၁၇**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊World Vision Internaitonal Myanmar ဆိပ်ဖြူဒေသဖွံ့ဖြိုးရေးရုံးမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ ကလေးကိုယ်စားလှယ်များနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီများ တက်ရောက်ခဲ့ပြီး မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းငွေးတို့က အမှာစကားပြောကြားသည်။ ထို့နောက် World Vision Internaitonal Myanmar ဆိပ်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးမန်နေဂျာ ဒေါ်မူယာမျိုးတင့်က ကလေးသူငယ်အခွင့်ရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကလေးကိုယ်စားလှယ်များက ကလေး သူငယ်အခွင့်အရေးဆိုင်ရာများကို တင်ပြခဲ့ကာ ဆွေးနွေးပွဲတက်ရောက်သူများက ကလေး သူငယ်အခွင့်အရေးများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မြင်းခြံ ဇူလိုင် ၁၇**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ် (၁၂) ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ဇူလိုင် ၁၅ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ကျန်းမာရေးဌာနမှ ဒေါက်တာသင်းသီရိအောင်၊ ကျန်းမာရေးမှူး ဦးမြင့်သူတို့ပါဝင်သော ကျန်းမာရေးအဖွဲ့ကဦးဆောင်ကာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍အဖွဲ့ ၃၂ ဖွဲ့ခွဲကာ ရပ်ကွက်အတွင်းရှိနယ်မြေ (၁၃) ခုမှ နေအိမ်တိုင်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ရေအိုး၊ရေကန်များကို အဖုံးဖုံးထားခြင်း ၊ ရေအိုးများ၊ ပန်းအိုးများကို တိုက်ချွတ်ဆေးကြော၍ ရေလဲခြင်း၊ ဘုရားပန်းအိုး၊ ညောင်ရေအိုးများကို ဆေးကြောလဲလှယ်ခြင်း၊ ရေအိုး၊ ရေခွက်၊ ရေစည်များတွင် ပိုးလောက်လမ်းများရှိပါက ရေစစ်ဖြင့်ခပ်ပစ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများကို တစ်ပြိုင်တည်း တစ်အိမ်တက်ဆင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို မြင်းခြံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် တာဝန်ရှိသူများကလည်း လိုက်လံကြီးကြပ် အားပေးဆောင်ရွက်ခဲ့သည်။ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကွင်းဆင်းစစ်ဆေးမှုများကို မြင်းခြံမြို့ပေါ်အခြားရပ်ကွက်များသို့လည်း အပတ်စဉ် အလှည့်ကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## သတင်းတိုများ

### စလင်းမြို့၌ မှူခင်းကျဆင်းရေးပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မှုခင်းကျဆင်းရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခင်က မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ မြို့နယ်အတွင်း ဖြစ်မှုကြီးများဖြစ်သော လူသတ်မှု၊ မုဒိန်းမှုများ မဖြစ်ပေါ်စေရေးနှင့် တရားမဝင်အရက်ဆိုင်များ ရောင်းချမှုမရှိစေရေးအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာတို့ကိုပါ အသိပညာပေးဟောပြောခဲ့သည်။ **စစ်ကြည်(စလင်း)**

### မြို့နယ်မီးသတ်စခန်းဆောက်လုပ်ရန် ပန္နက်တင်

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် မြို့နယ်မီးသတ်စခန်းအဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် ပန္နက်တင်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးဌာနမှူး ဦးချမ်းပြေ့ကျော်နှင့် တာဝန်ရှိသူများက ပန္နက်များတင်ပေးခဲ့သည်။ မီးသတ်စခန်းသည့် အလျား ၆၅ ပေ၊ အနံ ၅၂ ပေရှိကာ မီးသတ်ယာဉ် သုံးစီးနှင့် ရေသယ်ယာဉ်သုံးစီးကို ချောင်ချိစွာထားနိုင်မည်ဖြစ်ပြီး နိုဝင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်**

# စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် ကြွက်နှိမ်နင်းနည်းများ ကွင်းဆင်းပညာပေး

**တာချီလိတ် ဇူလိုင် ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းမှ တောင်သူလယ်သမားများ စိုက်ပျိုးရေးနည်းပညာများ တိုးတက်ရရှိစေရန်နှင့် တောင်ယာစပါးခင်းများတွင် ကြွက်များ ဝင်ရောက်ဖျက်ဆီးမှုမှ ကာကွယ်နှိမ်နင်းရေးနည်းစနစ်များကို သိရှိစေရန်အတွက် အသိပညာပေးခြင်းကို တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကျိုင်းလပ်မြို့နယ် မိုင်းပါလျှိုကျေးရွာအုပ်စု နမ့်ဝမ်းအခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇူလိုင် ၁၂ ရက်က သွားရောက်၍ နည်းပညာပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးနည်းပညာများ ဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ငွေး၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မြဥမ္မာ၊ ကျိုင်းလပ်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းရွှေ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးနိုင်မင်းနှင့် တာလေမြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလွှမ်းမိုးသူတို့က စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များ၊ သီးနှံစိုက်ခင်းများနှင့် တောင်ယာစပါးခင်းများတွင် ကြွက်ဝင်ရောက်ဖျက်ဆီးမှုမှ ကာကွယ်နှိမ်နင်းနည်းစနစ်များကို ဒေသခံတောင်သူများအား ပညာပေးဟောပြောခဲ့သည်။ ထို့နောက် လတ်တလော စိုက်ပျိုးနိုင်သည့် ဖူးစားပြောင်း၊ ပဲတောင့်ရှည်မျိုးစေ့များနှင့် ကြွက်သတ်ဆေးများကို ဒေသခံတောင်သူများထံ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ကျိုင်းလပ်မြို့နယ် မိုင်းပါလျှိုကျေးရွာအုပ်စုအတွင်းမှ တောင်ယာစိုက်ခင်းများတွင် ဇူလိုင် ၄ ရက်က ကြွက်များဖျက်ဆီးမှုကြောင့် ဒေသခံတောင်သူ ၇၅ ဦး ၏ တောင်ယာစပါးစိုက်ခင်း ၉၁ ဒသမ ၇၅ ဧကခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ပါမောက္ခချုပ်ဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**သန်လျင် ဇူလိုင် ၁၇**

သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဖလား မိုးရာသီဘောလုံးအားကစားပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှစ၍ သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် ဥပဒေပညာဌာနနှင့် စီမံခန့်ခွဲမှုပညာဌာနအသင်းနှင့် အင်္ဂလိပ်စာဌာနနှင့် စီးပွားရေးပထဝီဝင်ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အင်္ဂလိပ်စာဌာနနှင့် စီးပွားရေးပထဝီဝင်ဌာနအသင်းက ပင်နယ်တီအဆုံးအဖြတ် ငါးဂိုး- လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပါမောက္ခချုပ်ဒေါက်တာရီရီဝင်းက ပထမဆုရရှိသောအသင်းအား ဆုဖလား၊ ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဦးတင်သိန်းက ဒုတိယဆုရရှိသောအသင်းအားဂုဏ်ပြုဆုငွေနှင့်ဆုတံဆိပ်များ ချီးမြှင့်ပြီး တာဝန်ရှိသူများနှင့် ဘောလုံးအားကစားသမားများအတွက် အားကစားဝတ်စုံများထောက်ပံ့ပေးသော DEMO Cafe တို့က တတိယဆုရ ဘောလုံးအသင်းနှင့် ပွဲစဉ်အလိုက် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**



# ရေကြီးရေလျှံမှုမရှိစေရန် ရေတံခါးအထွက်မြောင်းများ တူးဖော်ပေးလျက်ရှိ

**ဖျာပုံ ဇူလိုင် ၁၇**

ဖျာပုံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေယာများအတွင်း ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ ကျွန်းတွင်းမှ ပိုလျှံရေ ထုတ်နုတ်မှုကောင်းမွန်စေရေးနှင့် သီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် ဖျာပုံကျွန်းပတ်တာများရှိ ရေတံခါးအထွက်မြောင်းများမှ လိုအပ်သည့်နေရာများတွင် ဆောင်ရွက်ရန်လိုအပ်သော စက်ယန္တရားများဖြင့် တူးဖော်လျက်ရှိကြောင်း သိရသည်။

ရေမြောင်းတူးဖော်မှုများကို Amphibious Excavator နှင့် Excavator on Pontoon စက်ယန္တရားများ အသုံးပြု၍ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာအတွင်းရှိဖလက်ရေတံခါး၏ အထွက်မြောင်း အလျား ပေ ၆၅၀(အကျိုးပြုဧက ၈၁၇၆ ဧက)တွင်လည်းကောင်း၊ ဘားလားရေတံခါး အထွက်မြောင်း အလျား ပေ ၄၀၀ (အကျိုးပြုဧက ၃၈၁၅ ဧက) တွင်လည်းကောင်း၊ ဒေးဒလူကျွန်းပတ်တာအတွင်းရှိ ဗောဓိမရေတံခါး အထွက်မြောင်း အလျားပေ ၃၅၀(အကျိုးပြုဧက ၄၂၃၈ ဧက)တွင်လည်းကောင်း တူးဖော်နေခြင်းဖြစ်သည်။



ကြက်ဖမွေးဇောင်း ကျွန်းပတ်တာအတွင်းရှိ ဖလက်ရေတံခါးအထွက်မြောင်း တူးဖော်နေစဉ်

ရေမြောင်းများကို ဇွန်လအတွင်းမှ စတင်တူးဖော်ပြီး ဇူလိုင်လအတွင်းအထိ ဆက်တိုက်တူးဖော်ပေးလျက်ရှိကြောင်း၊ ဒီရေနှင့်အတူပါလာသော နုန်းမြေအနည်အနှစ်များ အနည်ထိုင်ပို့ချမှုများကြောင့် ရေတံခါးအထွက်မြောင်းများ တဖြည်းဖြည်း တိမ်ကောလာသဖြင့် ကျွန်းတွင်းရှိ ပိုလျှံရေများကို ပြန်လည်ထုတ်နုတ်ပစ်ရာတွင် ရေထုတ်အားမကောင်းတော့ခြင်း၊ မိုးစပါးစိုက်ခင်းများတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခြင်း၊ ရေစီးရေလာခက်ခဲခြင်းစသည့် အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ရေတံခါးအထွက်မြောင်းများတွင် တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ **သပြေထွန်း**

# ဇီးကုန်းမြို့နယ်တွင် မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးပွဲကျင်းပ

**ဇီးကုန်း ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့အမှတ်(၃) ရပ်ကွက် အမှတ်(၃) အမကကျောင်းဝင်း၌ ဇူလိုင်လဒုတိယပတ်က မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အမကကျောင်းဝင်းအတွင်း ကျွန်း၊ ခရေ၊ သင်းဝင်၊ ပိတောက်၊ မဟော်ဂနီနှင့် မဲဇလီ စုစုပေါင်း အပင် ၁၇၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ သစ်တောဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးနှင့်ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အလားတူ သစ်တောဦးစီးဌာနက ဇီးကုန်းမြို့နယ်အတွင်း ဘုတလက်ကုန်းရွာ အမကကျောင်းဝင်းအတွင်း အပင် ၁၃၀၊ ကံကြီးကျေးရွာ အထက(ခွဲ)ကျောင်းဝင်းအတွင်း အပင် ၄၀၀ ၊ မော်ရကျေးရွာ အမကကျောင်းဝင်းအတွင်း အပင် ၁၆၀ နှင့် ချောင်းစောက်ရွာ အမကဝင်းအတွင်း အပင် ၂၆၀ စုစုပေါင်း အပင် ၉၅၀ စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

# စိုက်ပျိုးရေးဆိုင်ရာဥပဒေများရှင်းလင်း

**ကွန်ဟိန်း ဇူလိုင် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ စိုက်ပျိုးရေးဆိုင်ရာဥပဒေများ ရှင်းလင်းခြင်းနှင့် စိုက်ပျိုးရေး နည်းပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးမြတ်သူဟိန်းက စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း၊ မြို့နယ်စခန်းမှူးက ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များအနေဖြင့် လိုင်စင်ပြုလုပ်ရောင်းချရေး၊ သတ်မှတ်ထားသည့် စည်းကမ်းလိုက်နာရေးကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းနိုင်က ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာရောင်းချမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအကြောင်းကိုလည်းကောင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ စနစ်တကျသုံးစွဲရေးကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာရောင်းချသူများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက သိရှိလိုသည့်အချက်များ ပြန်လည်မေးမြန်းပြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက ရှင်းလင်းဖြေကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# သီပွံနည်းကျ စိုက်ပျိုးနည်းစနစ် လက်တွေ့သရုပ်ပြ

**မိုင်းဖြတ် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် သိပ္ပံနည်းကျ စပါးသီးနှံစိုက်ပျိုး နည်းစနစ်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် လေ့ကျင့်ပညာပေးခြင်းအဖြစ် ပျိုးသက်ငယ် ကောက်ကွက်ကြဲစိုက်ပျိုးနည်းစနစ်(SRI)နှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP)များအတိုင်း စိုက်ပျိုးမှု လက်တွေ့သရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွဋ်လွင်က ပျိုးသက်ငယ် ကောက်ကွက်ကြဲစိုက်ပျိုးနည်းစနစ်နှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအကြောင်းနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆင်းကေရီ(၃) (RS to CS) မျိုး သန့်ပွားစိုက်ခင်းတွင် လက်တွေ့စိုက်ပျိုးမှုများ သရုပ်ပြခဲ့သည်။ ဆင်းကေရီ(၃)စပါးမျိုးသည် မိုင်းဖြတ်မြို့နယ်အတွင်းမှ အဓိကစိုက်ပျိုးလျက်ရှိသည့် စပါးမျိုးဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ကာ ဈေးကောင်းရရှိခြင်းကြောင့် တောင်သူများအတွက် တွက်ခြေကိုက်သော စပါးမျိုးဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တိုင်းရင်းသူရိုးရာဝတ်စုံများကို ဆန်းသစ်ပုံဖော်၍ချုပ်လာသဖြင့် ပန်းထိုးလုပ်ငန်းလုပ်သူများ အဆင်ပြေ

**နမ့်ခမ်း ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိပြီး မိမိတို့၏ ရိုးရာအလိုက် ရိုးရာဝတ်စုံများကိုယ်စီရှိနေကြကာ ဝတ်စုံများကိုချုပ်လုပ်ရာတွင် အရောင်အသွေးစုံဖြင့် ဆန်းသစ်ပုံဖော် ချုပ်လုပ်ကြသည်။ တိုင်းရင်းသားဝတ်စုံများမှ ရှမ်းနှင့် တအာင်း(ပလောင်) တိုင်းရင်းသူအမျိုးသမီးများ၏ ဝတ်စုံများကို ချုပ်လုပ်ရာ၌ ရိုးရာအဆင်ကိုအခြေခံပြီး ဖောင်းကြွပန်းပုံစံအမျိုးမျိုးကို လက်ဖြင့်ထိုး၍လည်းကောင်း၊ စက်ဖြင့်ထိုး၍လည်းကောင်း ပုံဖော်ကြသည်။



လက်ဖြင့်ထိုးသောပန်းမှာ အဆင့်ဆင့် မိမိတို့လိုအပ်သလို အဖောင်းကြွကို ပုံဖော်နိုင်သဖြင့် စက်ဖြင့်ထိုးသော ဖောင်းကြွထက် ဈေးနှုန်းမြင့်သော်လည်း အချိန်ယူလုပ်ကိုင်ရသဖြင့် စက်ထိုးကဲ့သို့ လုပ်ငန်းတွင်ကျယ်မှုမရှိပေ။ ထို့ကြောင့် ရပ်ကွက်ကျေးရွာများ၊ အစုအဖွဲ့များစုပေါင်း၍ ဆင်တူဝတ်စုံများ ချုပ်လုပ်ရာတွင် စက်ထိုးကိုသာ အပ်နှံချုပ်ဝတ်ကြသည်။ အမျိုးသမီးအဖွဲ့များသည် တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက်၊ တစ်ရွာနှင့်တစ်ရွာ အလှူပွဲများ၊ ရိုးရာပွဲများ၊ နှစ်သစ်ကူးပွဲတော်များတွင် တူညီဝတ်စုံများ ဝတ်ဆင်ကြသည့်အခါမျိုးတွင် စက်ပန်းထိုး ရိုးရာဝတ်စုံများကို ဝတ်ဆင်ကြသည်။

စုပေါင်းချုပ်ဝတ်မည့် သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သော ပန်းကွက်ပုံစံကို ကွန်ပျူတာတွင် ကျွမ်းကျင်သူပညာရှင်က ပုံဖော်ပေးပြီး စက်တွင်ရိုက်နှိပ်ရသည်။ တစ်ကြိမ်လျှင် သုံးထည်ကို တစ်ပြိုင်တည်း ရိုက်နှိပ်နိုင်ပြီး ပန်းအစိပ်အကျဲပေါ်မူတည်၍ အချိန်ကြာမြင့်သည်။ စက်တစ်လုံးဖြင့် တစ်ရက်ရိုက်လျှင် သုံးထည်ခန့်သာ ပြီးစီးနိုင်သည်။ စက်ထိုးပန်းပုံဖော်သည့် ဝတ်စုံများမှာ တစ်စုံလျှင် ကျပ်သုံးသောင်းမှ ခြောက်သောင်းအထိသာ ကုန်ကျကြောင်း သိရသည်။

ရိုးရာဝတ်စုံများ ရောင်းချသည့် အရောင်းဆိုင်များအနေဖြင့် ဈေးကွက်တွင်ရောင်းချရန် ဝတ်စုံများကို ကြိုတင်မှာယူထားကြရသည်။ ပွင့်လင်းရာသီကာလ ပွဲလမ်းသဘင် များသည့်အချိန်တွင် ရောင်းအားပို၍ကောင်းကြောင်း ရိုးရာဝတ်စုံ ရောင်းသူတစ်ဦးက ပြောသည်။ “မိုးရာသီ ဝါတွင်းဆိုရင် သိပ်မရောင်းရဘူး။ နည်းနည်းပါးပါးလောက်ပဲ ရောင်းရတယ်။ ဝါကျွတ်ပြီး ပွင့်လင်းရာသီရောက်ရင်တော့ လက်လီ၊ လက်ကား ရောင်းအားကောင်းတယ်။ စက်ထိုးက ချုပ်ဝတ်ရင် ကုန်ကျသက်သာတယ်။ လက်ထိုးကိုတော့ ဆိုင်မှာတင်မရောင်းဘူး။ သတို့သမီးဝတ်စုံအတွက်ပဲ စက်ချုပ်ဆိုင်တွေမှာ တစ်ဦးချင်း အော်ဒါမှာချုပ်ကြတယ်” ဟု အဆိုပါ ဆိုင်ရှင်က ပြောသည်။

လက်ထိုးပန်းဖော်သည့် ရိုးရာဝတ်စုံကိုမူ အလှူကြီးလှူဒါန်းမည့်သူများ၊ သတို့သမီးဝတ်စုံများစသည်ဖြင့် တစ်ဦးချင်းအလိုက်သာ အပ်နှံချုပ်ဝတ်ကြသည်။ လက်ထိုးပန်းဖောင်းကြွပုံဖော်လုပ်ကိုင်ခြင်းကို စက်ချုပ်ဆိုင်များတွင်သာ တွဲဖက်လုပ်ကိုင်ကြကာ အင်္ကျီနှင့်ထမီတစ်စုံ ပြီးစီးရန်အတွက် အချိန်သုံးရက်အထိ ကြာမြင့်ပြီး ပိတ်စ အရည်အသွေးပေါ်မူတည်ကာ အထည်ဖိုးနှင့် လက်ခအပါအဝင် ကျပ်တစ်သိန်းကျော်မှ သုံးသိန်းခန့်အထိ ကုန်ကျလေ့ရှိသည်။

ယခုအခါတွင် ရှမ်းတိုင်းရင်းသားရိုးရာဝတ်စုံများကို ခေတ်နှင့်အညီ ဆန်းသစ်ချုပ်လုပ်ကာ တိုင်းရင်းသူအမျိုးသမီးများအနေဖြင့်လည်း လူကြီးလူငယ်မရွေး ဝတ်ဆင်လာကြသဖြင့် လက်ထိုးပန်းနှင့် စက်ထိုးပန်းလုပ်ငန်း လုပ်ကိုင်သူများမှာ အလုပ်တွင်ကျယ်ကာ ဝင်ငွေကောင်းပြီး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)၊ ဓာတ်ပုံ -ဖြိုး**

# အာဇာနည်နေ့အကြောင်း မျိုးဆက်သစ်တွေ ဘယ်လောက်သိကြသလဲ

**သတင်းအင်တာဗျူး - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ရီရီသန့်**

**ရန်ကုန် ဇူလိုင် ၁၇**

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၉)နှစ်တိုင် ရှိခဲ့ချေပြီ။ မြန်မာ့လွတ်လပ်ရေး အောင်ပန်းကို ဆင်နွှဲခါနီး လက်တစ်ကမ်းအလိုတွင် နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမျိုးသားရေးဝိညာဉ်သည် မြန်မာပြည်ကမ္ဘာတည်သရွေ့ နိုးထရှင်သန်နေမည်သာ။

မျိုးဆက်တစ်ဆက်နှင့် တစ်ဆက်ကြားတွင်လည်း ရှင်သန်ဆဲ၊ နိုးထဆဲ၊ လက်ဆင့်ကမ်း အမွေပေးဝေကြဆဲ။ သို့တစေ တစ်ခေတ်တစ်ခါကမူ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အခန်းကဏ္ဍသည် သမိုင်းသို့ ပြန်လည်တိုးဝင်သွားသည့်အလား တိုးတိတ်ငြိမ်သက်သွားခဲ့ရဖူးသည်။ "အာဇာနည်နေ့ဆိုတာ နာမည်ကြီး အဆိုတော် Rဇာနည်၏ မွေးနေ့"ဟူ၍ပင် တချို့သော မျိုးဆက်သစ်ကလေးငယ်များက ထင်မှတ်ခဲ့ကြသည်။

မြန်မာ့မျိုးဆက်သစ် လူငယ်မောင်မယ်များ၏ နှလုံးသားထဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တည်းဟူသော အမျိုးသားရေးဝိညာဉ်များ၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုမငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားခဲ့သည့် အာဇာနည်စိတ်ဓာတ်များ အစဉ်ကိန်းအောင်းဖြစ်တည်ရေးမှာ အရေးကြီးလှသည်။ သို့ဖြစ်၍ မျိုးဆက်သစ်ကလေးငယ်များအနေဖြင့် ယနေ့ကာလတွင် အာဇာနည်နေ့အကြောင်း ဘယ်ရွေ့ဘယ်မျှ သိကြသည်ကို သူတို့နှင့် တွေ့ဆုံမေးမြန်းကာ သူတို့ပြောပြကြသော အာဇာနည်နေ့နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အကြောင်းကို မြန်မာ့သတင်းစဉ်က ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မဟန်သူသူခိုင်**
**(နဝမတန်း၊ အထက-၅၊ ဗိုလ်တထောင်)**

အာဇာနည်နေ့ဆိုတာက အာဇာနည်ကြီးကိုးဦးကျဆုံးတဲ့နေ့ပေါ့။ အာဇာနည်ခေါင်းဆောင်ကြီးတွေက အသက်စွန့်ပြီး တိုင်းပြည်အတွက် လွတ်လပ်ရေးရအောင် ကြိုးစားခဲ့တယ်။ သမီးတို့က အာဇာနည်ကြီးတွေကို အာဇာနည်နေ့မှ မဟုတ်ဘူး။ အမြဲတမ်းစိတ်ထဲမှာ သတိရအောက်မေ့ပြီး အမြဲတမ်း ချစ်ခင်ရမယ်။ ရှိသေရမယ်။ နောင်လာနောက်သားတွေကလည်း အာဇာနည်ကြီးတွေလိုပဲ အာဇာနည်စိတ်ဓာတ်မွေးပြီး ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်အတွက် ပြည်သူအချင်းချင်း ဝိုင်းဝန်းကညီတဲ့စိတ်တွေ



ရှိရမယ်။ သမီးနဲ့အတူတူ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူပြည်သားအားလုံးလည်း အာဇာနည်နေ့ရောက်တိုင်း ဝမ်းနည်းကြမယ်လို့ ထင်ပါတယ်။ အရင်တုန်းက အာဇာနည်နေ့ဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေကျဆုံးသွားတဲ့ ဝန်ကြီးများရုံးထဲ ဝင်လို့မရဘူး။ မနှစ်က စပြီး ဝင်လို့ရတယ်ဆိုတော့ အာဇာနည်ကြီးတွေ ဘယ်လိုအစည်းအဝေးလုပ်တယ်။ အဲဒီအခန်းတွေကို သွားကြည့်လို့ရတယ်။ ဒီနှစ်လည်း သွားကြည့်မယ်လို့ ဆုံးဖြတ်ထားတယ်။

**မောင်အာကာကျော်ဦး**
**(နဝမတန်း၊ အထက-၃၊ ဗိုလ်တထောင်)**

အာဇာနည်နေ့မှာ အာဇာနည်ကြီးများ ကျဆုံးသွားတဲ့အတွက် ဝမ်းနည်း



ရပါတယ်။ လွတ်လပ်ရေးရအောင်ယူပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများကို ကျေးဇူးတင်ပါတယ်။ သားတို့လည်း ကြီးလာရင် အာဇာနည်ခေါင်းဆောင်ကြီးများလို ဖြစ်ချင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံစာချုပ်တို့၊ ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေ၊ ရေးခဲ့တဲ့စာတွေကို ကြည့်ပြီး အလွန်ဝမ်းနည်းပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို သားတို့ အမြဲသတိရနေပါတယ်။

**မောင်သော်လင်းထက်**
**(နဝမတန်း၊ အထက-၆၊ ဗိုလ်တထောင်)**

အာဇာနည်နေ့က ကျွန်တော်တို့ မမေ့သင့်တဲ့ နေ့တစ်နေ့ပါ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့နေ့ဆိုလည်း မမှား



ပါဘူး။ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးဆိုတော့ မမေ့သင့်ဘူးပေါ့။ အဲဒီအတွက် ဂုဏ်ပြုတဲ့အနေနဲ့ နေ့တိုင်း အလေးပြုသင့်ပါတယ်။ အာဇာနည်နေ့မှာ ဥသြဆွဲရင် ပြည်သူတွေအားလုံးက ငြိမ်သက်စွာ အလေးပြုသင့်ပါတယ်။ အဲဒီနေ့မှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ကျွန်တော်ရောက်အောင် သွားကြည့်မယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အကြောင်းကို ကျောင်းမှာ စာစီစာကုံးရေးရမယ်။ ဗိုလ်ချုပ်ရဲ့ လွတ်လပ်ရေးကြိုးပမ်းပုံ၊ ဗိုလ်ချုပ်ရဲ့အတ္ထုပ္ပတ္တိ၊ လွတ်လပ်ရေးရရှိခဲ့ပုံ အဲဒါတွေ ရေးမယ်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တာကို ကျွန်တော်တို့စိတ်ထဲမှာ အမြဲတမ်းဝမ်းနည်းတယ်ဆိုတာ ပြောချင်ပါတယ်။ ကျွန်တော်တို့လူငယ်တွေအားလုံး ဗိုလ်ချုပ်လို စိတ်ဓာတ်မွေးပြီး နိုင်ငံ့သားကောင်းဖြစ်အောင် ကြိုးစားသွားပါမယ်။

**မသော်တာစန်း**
**(နဝမတန်း၊ အထက-၅၊ ဗိုလ်တထောင်)**

ဗိုလ်ချုပ်အောင်ဆန်းဆိုတာ တိုင်းပြည်အတွက် လွတ်လပ်ရေးရအောင်



လုပ်ပေးခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ အာဇာနည်နေ့ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အမြဲတမ်း အမှတ်ရအောင်လုပ်ပေးတဲ့ နေ့တစ်နေ့ပါ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂါရဝပြုရတဲ့ အာဇာနည်ဗိမာန်ရှိတယ်၊ အဲဒီကိုသွားပြီး သမီးတို့ နှစ်တိုင်းဂါရဝပြုကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကိုလည်း သွားကြည့်ကြတယ်။ အာဇာနည်နေ့ အထိမ်းအမှတ်အနေနဲ့ ကျောင်းမှာ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲတွေ လုပ်ပေးပါတယ်။ သမီးတို့လူငယ်တွေ ဗိုလ်ချုပ်အောင်ဆန်းကို အတုယူပြီး တိုင်းပြည်ကောင်းစားအောင် ကြိုးစားဖို့လိုပါတယ်။ အဲဒီနေ့ရောက်တိုင်း သမီးတို့ရင်ထဲမှာ ဝမ်းနည်းတယ်။

**မောင်မင်းခန့်ကို (အထက-၁၊ ဒဂုံ )**

ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေက



နိုင်ငံ့အတွက် အသက်ကိုပေးပြီး လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့ကြတယ်။ ဖက်ဆစ်ဂျပန်နဲ့ အင်္ဂလိပ်တွေကို ရဲရဲဝံ့ဝံ့နဲ့ တိုက်ထုတ်နိုင်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကိုလည်း ရောက်ဖူးပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှာ ဗိုလ်ချုပ်ရဲ့အင်္ကျီ၊ ကား၊ စားပွဲပေါ်မှာ တင်ထားတဲ့ ပဲပြုတ်နဲ့နံပြား၊ ဗိုလ်ချုပ်မိသားစုပုံတွေ တွေ့ရပါတယ်။ အဲဒါတွေကိုကြည့်ပြီး သားစိတ်ထဲမှာ အရမ်းစိတ်မကောင်းဖြစ်မိပါတယ်။ အာဇာနည်နေ့ကျရင် ဗိုလ်ချုပ်တို့လုပ်ကြံခံခဲ့ရတဲ့ ဝန်ကြီးများရုံးကိုလည်း သွားရောက်လေ့လာပါဦးမယ်။

**မဖူးပွင့်သူ**
**(အဋ္ဌမတန်း၊ အထက-၅၊ ဗိုလ်တထောင်)**

အာဇာနည်နေ့က ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးတဲ့နေ့ပေါ့။ အဲဒီနေ့မှာ ဂုဏ်ပြုကြတယ်။ ကျန်တာတွေ သမီးမသိပါဘူး။

**မမေသက်ပန်**
**(ဆဋ္ဌမတန်း၊ အထက-၅၊ ဗိုလ်တထောင်)**

အာဇာနည်နေ့ဆိုတာ ဗိုလ်ချုပ်



အောင်ဆန်းတို့ ကျဆုံးတဲ့နေ့ပါ။ အစည်းအဝေးလုပ်နေရင်း ဗိုလ်ချုပ်တို့ လုပ်ကြံခံရတဲ့နေ့ပါ။ အာဇာနည်ကြီး ကိုးဦးပေါ့၊ အဲဒီနေ့ရောက်တိုင်း ဝမ်းနည်းမိတယ်၊ အာဇာနည်ဗိမာန်တို့ ဗိုလ်ချုပ်ပြတိုက်တို့ကို အဲဒီနေ့ရောက်တိုင်း သွားချင်ပါတယ်။ ဒါပေမဲ့ အိမ်ကမအားတော့ လိုက်မပို့ကြဘူး။ အတွင်းဝန်ရုံးလည်း မရောက်ဖူးဘူး။ ဗိုလ်ချုပ်အောင်ဆန်းက ဖြောင့်မတ်တယ်။ ရိုးသားတယ်။ တည်ကြည်တယ်။ စကားကိုလည်း ပြတ်ပြတ်ပဲပြောတတ်တယ်။ နောင်လာနောက်သားတွေကိုလည်း ဗိုလ်ချုပ်အောင်ဆန်းလို နိုင်ငံ့သားကောင်းတွေ လူတော်လူကောင်းတွေ ထွက်ပေါ်လာပါစေလို့ ဆုတောင်းပါတယ်။

**မောင်ကောင်းဇာနည်ချစ် (သတ္တမတန်း၊ အထက-၅၊ ဗိုလ်တထောင်)**

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်



ခေါင်းဆောင်ကြီးတွေကို နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောနဲ့အဖွဲ့က လုပ်ကြံခဲ့တယ်။ အဲဒီနေ့မှာ မိုးတွေရွာနေတယ်လို့ သိရတယ်။ ဗိုလ်ချုပ်က ရိုးသားတယ်။ သူ့လိုပဲ အားလုံးကျင့်ကြံသင့်တယ်။

# ပုဏ္ဏားကျွန်း ဂူဝရေကန်ကြီး တာပေါင်များခိုင်ခံ့စေရန် စုပေါင်းပြုပြင်

**ပုဏ္ဏားကျွန်း ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မှ ပြည်သူများ၏ သောက်သုံးရေအတွက် အားထားနေရသော ဂူဝရေကန်ကြီးတွင် တာပေါင်များ မိုးရေတိုက်စားပျက်စီးနေသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်ရဲမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်းပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဂူဝရေကန်ကြီးမှာ မြို့လူထု၏ သောက်သုံးရေအဖြစ် အဓိကအားထားရာ ကန်ကြီးဖြစ်ပြီး ပြည်သူ့ကောင်စီခေတ်ကတည်းက ဆည်ဖို့ခဲ့သော တစ်ဖက်ဆည် ကန်ကြီးဖြစ်သည်။ ရေကန်ကြီးကို ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေ ကျပ်သိန်း ၁၅၀၀ အကုန်ကျခံ၍ အကြီးစားပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့ကာ မြို့ရေပေးရေးပိုက်လိုင်းများကိုပါ ပြုပြင်ဆောင်ရွက်ပေးခဲ့၍ သောက်သုံးရေ ပိုမိုရရှိရန် ပြည်သူများမျှော်လင့်ခဲ့ကြသော်လည်း မျှော်လင့်သလိုဖြစ်မလာဘဲ ဆည်ဖို့ထားသောတာပေါင်မှ ရေများယိုစိမ့်ကာ ကန်၏ ရေသိုလှောင်နိုင်မှုကို များစွာထိခိုက်လျော့နည်းစေလျက်ရှိသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကာ ဂူဝရေကန်ကြီးကို ခိုင်ခံ့မှုအပြည့်ရှိလာရန် စုပေါင်းပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။ ရေကန်ကြီး တာပေါင်များ ခိုင်ခံ့လာရန်နှင့် မြို့လူထုအတွက် လိုအပ်သောသောက်သုံးရေပြဿနာကို ဖြေရှင်းနိုင်စေရန်အပြင် ပြည်သူများ အနားယူအပန်းဖြေနိုင်သည့် သဘာဝနေရာတစ်ခုဖြစ်လာစေရန်အတွက်ပါ ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် တာဝန်ရှိသူများက ဇူလိုင် ၁၄ ရက်က လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို့)**

## သတင်းတိုများ

### အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲကျင်းပ

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ အမက(၂၆)ကျောင်း၌ အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များအကြောင်းကို တာမွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးတိုးဝင်းက ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့ကာ ကျောင်းသားလူငယ်များအား အာဇာနည်နေ့နှင့် ပတ်သက်သည့် မေးခွန်းများ ပြန်လည်မေးမြန်းပြီး ဖြေဆိုနိုင်သူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ၏အကြောင်းကို ကလေးငယ်များ မူလတန်းအရွယ်မှစ၍ သိရှိနားလည်ထားရန်အတွက် ဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**လှလှ**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေးဟောပြော

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထက(၁)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ခရမ်းမြို့နယ် လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများ ဇူလိုင် ၁၂ ရက်က ပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ခရမ်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးမြင့်ဆွေက လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် အခြေခံအချက်များ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မည်သည့်လျှပ်စစ်ဓာတ်ကြိုးကိုမဆို လျှပ်စစ်ဓာတ်အားရှိနိုင်သည်ဟု မှတ်ယူ၍ ကျောင်းသွားကျောင်းပြန်ချိန်များတွင် မိမိပတ်ဝန်းကျင်၌ ဓာတ်ကြိုးများပြတ်ကျနေသည်ကိုတွေ့ပါက ဝေးဝေးမှခွာ၍ သတိနှင့်သွားကြရန်၊ မိသားစုအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက်လည်း လျှပ်စစ်အသုံးပြုလျှင် သတိပြု၍ သုံးကြရန် စသည့်အချက်များကို အသိပညာပေးဟောပြောခဲ့ပြီး လျှပ်စစ်အန္တရာယ်အကြောင်း သတိပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ဖြန့်ဝေပေးခဲ့သည်။

**ကိုမင်း(ခရမ်း)**

# ကမ္ဘာ့ဘောလုံးလောကစင်မြင့်သို့ တက်လှမ်းဖို့ ပြင်ဆင်နေတဲ့ တရုတ်နိုင်ငံ

❑ မိုးမြင့်လင်းလက် ❑

ဥရောပကလပ်တွေရဲ့ ဘောလုံးသမားအပြောင်းအရွှေ့တွေ၊ လုပ်ခလစာတွေ၊ နည်းပြခေါ်ယူမှုတွေနဲ့ ပြိုင်ပွဲတွေကြောင့် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အာရှ၊ တောင်အမေရိက၊ အာဖရိက စတဲ့တိုက်တွေက ဘောလုံးလောကလှုပ်ရှားမှုတွေဟာ မှေးမှိန်နေပါတယ်။ ကမ္ဘာ့ဘောလုံးပရိသတ်တွေကို လွှမ်းမိုးထားနိုင်တဲ့ ဥရောပဘောလုံးပြိုင်ပွဲတွေကို ထိုးဖောက်နိုင်ဖို့အတွက် ပြင်ဆင်လာတာကတော့ တရုတ်နိုင်ငံပဲဖြစ်ပါတယ်။

တရုတ်ဘောလုံးလောကကို တိုးတက်ဖွံ့ဖြိုးဖို့ကြိုးစားနေတဲ့ တရုတ်နိုင်ငံက တာဝန်ရှိသူတွေဟာ လာမယ့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ China Cup ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တရုတ်လက်ရွေးစင်အသင်းအပါအဝင် ဥရောပ၊ အမေရိကနိုင်ငံတွေက ဘောလုံးအသင်း သုံးသင်း ပါဝင်ဆင်နွှဲမယ့် အဲဒီ China Cup ပြိုင်ပွဲကို တရုတ်နိုင်ငံရဲ့စီးပွားရေးအင်အားတောင့်တင်းတဲ့ ဒါလီယန်ဝန်ဒါကုမ္ပဏီက တာဝန်ယူဆောင်ရွက်မှာဖြစ်ပါတယ်။

ဒါလီယန်ဝန်ဒါကုမ္ပဏီဟာ အက်သလက်တီကိုအသင်းရဲ့ အစုရှယ်ယာအချို့ကို ဝယ်ယူထားတဲ့အပြင် ကမ္ဘာ့ဘောလုံးလောကကို ဝင်ရောက်ဖို့ ကြိုးစားနေတဲ့ ကုမ္ပဏီတစ်ခုလည်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို တရုတ်ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တွေရဲ့ ထောက်ခံမှုလည်း ရရှိထားပြီဖြစ်တာမို့ China Cup ပြိုင်ပွဲကို ကမ္ဘာ့အဆင့်ပြိုင်ပွဲအဖြစ် အကောင်အထည်ဖော်ဖို့ စတင်တာစူခြင်းလည်း ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ ပြည်တွင်းကလပ်တွေကလည်း တရုတ်စီးပွားရေး ကုမ္ပဏီတွေက ကျောထောက်နောက်ခံပြုပေးထားတဲ့အတွက် အခုဆိုရင် ဥရောပထိပ်တန်းကလပ်တွေက ကမ္ဘာကျော်ဘောလုံးသမားတွေကို လုပ်ခလစာမြင့်မြင့်ပေးပြီး ခေါ်ယူနေတာတွေကို နှစ်စဉ်တွေ့မြင်နေရပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံက ဘောလုံးကလပ်တွေကို ရောက်ရှိလာတဲ့ ဘောလုံးသမားအများစုဟာ အသက်အရွယ်ကြီးရင့်ပြီး ခြေစွမ်းကျဆင်းနေတဲ့ ကစားသမားတွေဖြစ်နေပေမယ့် ခြေစွမ်းပိုင်းရော ကျော်ကြားမှုတွေမှာပါ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိနေတဲ့ ကစားသမားတွေဖြစ်ပါတယ်။

တရုတ်စူပါလိဂ်ကလပ်တွေမှာ ကစားနေတဲ့ နာမည်ကျော်ဘောလုံးသမားတွေကို ကြည့်ရင် ရှန်ဟိုင်း SIPG အသင်းမှာ ကစားနေတဲ့ ဘရာဇီးတိုက်စစ်မှူး ဟော့ခ်ရဲ့ လုပ်ခလစာဟာ တစ်ပတ်လစာငွေ ယူရို ၃၈၄၀၀၀ ဖြစ်ပြီး တစ်နှစ်ကို ယူရိုသန်း ၂၀ ကျော်ရရှိနေပါတယ်။ အဲဒီလစာငွေဟာ ကမ္ဘာပေါ်မှာ လုပ်ခလစာအကောင်းဆုံးဖြစ်တဲ့ စီရော်နယ်ဒိုနဲ့ မက်ဆီတို့ပြီးရင် တတိယမြောက် လုပ်ခလစာအများဆုံးဖြစ်နေပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်အသင်းမှ မကြာမီကပြောင်းရွှေ့လာတဲ့ အီတလီလက်ရွေးစင်တိုက်စစ်မှူး ပယ်လေရဲ့လစာကလည်း တစ်နှစ်ပေါင် ၁၃ ဒသမ ၆ သန်းရှိနေပါတယ်။

တရုတ်စူပါလိဂ်အသင်းတွေဖြစ်တဲ့ ရှန်တုန်လူနင်၊ ရှန်ဟိုင်း SIPG၊ ကွမ်ကျိုးအဲဗာဂရင်း၊ ရှန်ဟိုင်းရှင်ဟွာ၊ ဟူဘေးဖော်ကျွန်းစတဲ့ အသင်းတွေမှာ ကမ္ဘာကျော်ဘောလုံးသမားတွေကို ခေါ်ယူပြီး ကမ္ဘာ့ပရိသတ်တွေ စိတ်ဝင်စားမှုရှိလာအောင်နဲ့ တရုတ်ဘောလုံးလောကကို မြှင့်တင်ရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ခေါ်ယူကစားစေခဲ့တာဖြစ်ပါတယ်။

လောလောဆယ် တရုတ်စူပါလိဂ်မှာ ကစားနေကြတဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေကိုကြည့်ရင် ဟူဘေးဖော်ကျွန်းကလပ်မှာ ဂျာဗင်ဟို၊ ကာကူတာနဲ့ လာဗက်ဇီတို့ရှိနေပြီး ကျန်းဆုဆန်နင်းကလပ်မှာ ရာမီရက်စ်၊ အဲလက်စ်တိုင်ဆီရာတို့ ကစားနေပါတယ်။ ဒါ့အပြင် ရှန်ဟိုင်းရှင်ဟွာအသင်းမှာ အိုဘာဖီမီမာတင်စ်နဲ့ ဒမ်ဘာဘားတို့ကစားနေပြီး ရှန်ဟိုင်း SIPG အသင်းမှာ အဆာဗိုဂျန်၊ ဟော့ခ်တို့ရှိနေပါတယ်။ ဆက်လက်ပြီး ရှန်ဟိုင်းလူနင်းမှာ ပယ်လေ၊ ဟန်ကျိုးဂရင်းတောင်းမှာ တင်ကာဟေး၊ ကွမ်ကျိုးအဲဗာဂရင်းမှာ မာတီနက်စတဲ့ ကမ္ဘာကျော်ကစားသမားတွေ ကစားနေကြပါတယ်။

ဒါကြောင့် တရုတ်စူပါလိဂ်ကလပ်အသင်းတွေဟာ အသင်းလိုက် ကမ္ဘာကျော်ကစားသမားတွေကိုခေါ်ယူပြီး စွမ်းဆောင်ရည်မြင့်တင်နေသလို နိုင်ငံအလိုက်ကလည်း အခုဆိုရင် China Cup လိုပြိုင်ပွဲကိုကျင်းပပြီး ကမ္ဘာ့အဆင့်ပြိုင်ပွဲတစ်ရပ် ပုံစံမျိုးဖော်ဆောင်တော့မှာဖြစ်လို့ တရုတ်ဘောလုံးလောကဟာ ကမ္ဘာ့စင်မြင့်ထက်ကို တက်လှမ်းဖို့ စတင်ကြိုးစားလာပြီဖြစ်ပါတယ်။ ။



# ဘယ်လ်ဂျီယံနည်းပြ ဖြစ်လာနိုင်တဲ့ ဗန်ဟားလ်

ဘယ်လ်ဂျီယံအသင်းအနေနဲ့ နိုင်ငံတကာအတွေ့အကြုံများတဲ့ နည်းပြတစ်ဦးကို အမြန်ရှာဖွေနေပါတယ်။ နည်းပြမက်ဝီမော့နေရာ အစားထိုးဖို့ ဘယ်လ်ဂျီယံနည်းပြတစ်ဦးကို အမြန်ရှာဖွေနေတယ်လို့ ဘယ်လ်ဂျီယံဘောလုံးအဖွဲ့ချုပ်က ဆိုပါတယ်။ မန်ယူနည်းပြဟောင်း ဗန်ဟားလ်ကိုတော့ အဆက်အသွယ်ပြုလုပ်ထားပြီဖြစ်ကြောင်း ဘယ်လ်ဂျီယံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကီးယားစမတ်ကာက ဆိုပါတယ်။ သူလျှောက်ထားမယ်ဆိုရင် ရွေးချယ်ဖို့ အလားအလာရှိပါတယ်လို့လည်း စမတ်ကာက ပြောဆိုလိုက်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ယူရို ၂၀၁၆ ကွာတားဖိုင်နယ်မှာ ဝေးလ်အသင်းကိုရှုံးပြီး ထွက်ခဲ့ရပြီးနောက် ဝီမော့ကို အလုပ်ဖြုတ်ခဲ့ပါတယ်။ ဘယ်လ်ဂျီယံအသင်းအနေနဲ့ ကမ္ဘာ့အဆင့်(၂)ရှိတဲ့ အသင်းအတွက် နည်းပြတစ်ဦးကို အမြန်ရှာဖွေနေပါတယ်။ ဘယ်လ်ဂျီယံအသင်းဟာ ဥရောပအကောင်းဆုံးကစားသမားတွေပါဝင်တဲ့ အသင်းပါ။ ချယ်လ်ဆီးကွင်းလယ်ကစားသမား ဟာဇက်၊ ဂိုးသမား ကော်တွိုက်စ်နဲ့ မန်ယူတောင်ပံ တိုက်စစ်မှူး ဒီဘရိုင်းတို့ ပါဝင်တဲ့ အသင်းကောင်းဖြစ်ပါတယ်။ ဒီအသင်းကို ကိုင်တွယ်မယ့် နည်းပြသစ်ဟာ ဗန်ဟားလ်ဖြစ်လာဖို့များနေပါတယ်။

# ချယ်လ်ဆီးက ပေါင်သန်း ၃၀ နဲ့ စာချုပ်ဖို့ နီးစပ်နေတဲ့ ကန်တီ



ချယ်လ်ဆီးအသင်းအနေနဲ့ လက်စတာအသင်း ကွင်းလယ်လူ အင်န်ဂိုလိုကန်တီကို ပေါင် သန်း ၃၀ နဲ့ စာချုပ်ဖို့ နီးစပ်နေပြီလို့ဆိုပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ နည်းပြသစ် အန်တိုနီယိုကွန်တီက အသင်းအနေနဲ့ ကစားသမားတွေ စုဆောင်းဖို့ ကြိုးစားနေတယ်လို့ ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ရာသီအကုန်မှာ ဘယ်လ်ဂျီယံတိုက်စစ်မှူး မီချိုင်းဘတ်ရှူရီကို ပေါင် ၃၂ သန်းပေးပြီး ခေါ်ယူလိုက်ပါတယ်။ ကန်တီဟာ ချယ်လ်ဆီးက နွေရာသီမှာ စာချုပ်ချုပ်မယ့် ဒုတိယမြောက် ကစားသမားဖြစ်လာဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီးက လက်စတာအသင်းကို ပရီမီယာလိဂ် ဖလားရအောင် ကစားပေးခဲ့တဲ့ အသက် ၂၅ နှစ်အရွယ် ကန်တီကို ပေါင်သန်း ၃၀ နဲ့ ငါးနှစ်စာချုပ်ဖို့ နီးစပ်နေပြီလို့ ဆိုပါတယ်။

ပရီမီယာလိဂ် ချန်ပီယံလက်စတာအသင်းအနေနဲ့ ပြီးခဲ့တဲ့နှစ်က ကိန်းစ်အသင်းမှခေါ်ယူခဲ့ရာ ချယ်လ်ဆီးကို ရောင်းမယ်ဆိုရင် ပေါင် ၂၄ သန်း အမြတ်ကျန်မယ်လို့ ဆိုပါတယ်။ ပြင်သစ်နိုင်ငံသား ကန်တီဟာ ပြီးခဲ့တဲ့ ယူရိုပြိုင်ပွဲမှာတော့ ခြေစွမ်းသိပ်မပြနိုင်ခဲ့ပါဘူး။

# အက်သလက်တီကိုက ပြန်လည်ခေါ်ယူနေတဲ့ ကော်စတာ

စပိန်ထိပ်သီးကလပ် အက်သလက်တီကိုက ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာကို ပြန်လည်ခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်ထားတယ်လို့ အက်သလက်တီကိုအသင်းဥက္ကဋ္ဌ အန်းနရစ်ခရက်ဇိုက ဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်ဟာ ကော်စတာအတွက် စိတ်ပျက်စရာကောင်းတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။

နာမည်ကြီး တိုက်စစ်မှူးတစ်ဦးအနေနဲ့ အသင်းအတွက် ကောင်းမွန်တဲ့ရလဒ်တွေ ဖန်တီးပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ ကော်စတာဟာ ဥရောပတစ်ဝန်း ကလပ်အများအပြားကခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပါတယ်။ အက်သလက်တီကိုကတော့ ကော်စတာကို ပြန်ခေါ်ဖို့ ဆုံးဖြတ်ထားပြီလို့ ဆိုပါတယ်။ ကော်စတာဟာ ချယ်လ်ဆီးသို့မပြောင်းမီ အက်သလက်တီကိုအသင်းကို ၂၀၁၃-၂၀၁၄ ရာသီမှာ စပိန်လာလီဂါဖလားရအောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အသင်းအနေနဲ့ တိုက်စစ်မှူးကောင်းတစ်ဦးကို ရှာဖွေရတာပါ။ ကမ္ဘာ့အကောင်းဆုံး



ဘောလုံးသမားတွေကိုလည်း အဆက်အသွယ်ပြုလုပ်ထားတာပါ။ ဒီအထဲမှာတော့ ကော်စတာက ခေါ်ယူဖို့ အသင့်တော်ဆုံးပါပဲလို့ အသင်းဥက္ကဋ္ဌ ခရစ်ဇိုက ဆိုပါတယ်။ ကော်စတာဟာ အက်သလက်တီကိုအသင်းမှာ နှစ်နှစ်တာကာလအတွင်း ပွဲပေါင်း ၁၃၅ ပွဲ ကစားရာမှာ ၆၄ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# တပ်မတော် နယ်လှည့်ဆေးကုအဖွဲ့က ကွင်းဆင်းဆေးကုသပေး

**ဒလ ဇူလိုင် ၁၇**

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်မတော် နယ်လှည့်ဆေးကုသမှုအဖွဲ့က အဆိုပါစာသင်တိုက်၌ အခြေပြု၍ အခမဲ့ ဆေးဝါးကုသမှုများကို ဇူလိုင် ၁၅ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တပ်မတော် နယ်လှည့်ဆေးကုသမှုအဖွဲ့မှ ဗိုလ်မှူးဝင်းကျော်ရွှေ ဦးစီး၍ အထွေထွေရောဂါကု ဆရာဝန်များ၊ သွားနှင့်ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း ပါရဂူများ၊ မျက်စိပါရဂူများနှင့် ဓာတ်မှန်ဌာနတို့ ပါဝင်သောအဖွဲ့က တပ်မတော်ယာဉ်သုံးစီးဖြင့် လာရောက်ပြီး ဒေသခံပြည်သူများ၏ အထွေထွေရောဂါများ အပါအဝင် သွေးတိုး၊ ဆီးချို၊ နှလုံး၊ အသက်ရှူလမ်းကြောင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ အသည်း၊ ဦးနှောက်နှင့် အာရုံကြော၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း၊ တီဘီ၊ မျက်စိ၊ အရိုး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားရောဂါများနှင့် ကလေးရောဂါအမျိုးမျိုးကို အခမဲ့ ကုသပေးခဲ့ခြင်းဖြစ်သည်။

အလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်က "ကျောင်းတိုက်မှာရှိတဲ့ စာသင်ရဟန်းသံဃာ အပါး ၂၀၀ ကျော်နဲ့ ဘုန်းတော်ကြီးသင် ကျောင်းသား ကျောင်းသူ ၆၅၆ ဦးတို့အပြင် ရပ်ကွက်အသီးသီးက လာကြတဲ့ ဝေဒနာရှင်တွေကို အခုလို လာရောက်ဆေးကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု မိန့်ကြားသည်။

ဝေဒနာရှင်များအား ဓာတ်မှန်ရိုက်စစ်ဆေးခြင်း၊ အီးစီဂျီရိုက်စစ်ဆေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးသည့်အပြင် လိုအပ်သော ဆေးဝါးများကိုလည်း အခမဲ့ပေးပြီး ကုသပေးခဲ့ရာ သံဃာတော်များနှင့် ကျောင်းသား ကျောင်းသူများ အပါအဝင် ဒေသခံပြည်သူ ၁၄၀၀ ကျော်ကို အခမဲ့ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**



# ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးနည်းစနစ်များ သရုပ်ပြ

**နေပြည်တော် ဇူလိုင် ၁၇**

ပြောင်းလဲလာသော ရာသီဥတုအခြေအနေတွင် သီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် နေပြည်တော်စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြုထားသော စိုက်ပျိုးနည်းစနစ်များ၊ ရေနှင့် ဓာတ်မြေသြဇာ အကျိုးရှိစွာ အသုံးချနိုင်သည့် နည်းစနစ်များကို တောင်သူများအား ပညာပေးသရုပ်ပြခြင်းနှင့် နည်းစနစ်ဆိုင်ရာ ဆွေးနွေးပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန သီးနှံစိုက်ပျိုးရေးစနစ် ဌာနစုကွင်း၌ ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် သင့်တော်ပြီး ကုန်ကျစရိတ်အနည်းဆုံးဖြင့် စိုက်ပျိုးနိုင်သော စိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေး သုတေသနဦးစီးဌာနအနေဖြင့် သုတေသနပြုပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တောင်သူများအား အသိပညာပေး ဖြန့်ဝေလျက်ရှိကာ တောင်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အမှန်တကယ် တိုးတက်စေမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကောက်စိုက်စက်ကို အသုံးပြု၍ ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် မျိုးစေ့ကုန်ကျမှု သက်သာပုံ၊ ငွေကြေးအကုန်အကျသက်သာပုံ၊ အချိန်မြန်ဆန်စွာ ပြီးစီးပုံ၊ လုပ်သားရှားပါးမှုအခက်အခဲအတွက် အဆင်ပြေစေပုံများကို လက်တွေ့သရုပ်ပြသည်။ ဆက်လက်၍ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ပညာရှင်များက ရေကို အကျိုးရှိစွာ အသုံးချသော ရေစီမံခန့်ခွဲမှုနည်းပညာနှင့် လယ်မြေများတွင် ဓာတ်မြေသြဇာကို အလေအလွင့်နည်းပါးပြီး အကျိုးရှိစွာအသုံးပြုခြင်းဆိုင်ရာများကို တောင်သူများအား ပညာပေးဟောပြောခဲ့ကြသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုများ ဆွေးနွေး

**မိတ္ထီလာ ဇူလိုင် ၁၇**

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်ရဲတပ်ဖွဲ့မှူးက ဦးဆောင်၍ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ဇူလိုင် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီးရဲထွင်က ရက် ၁၀၀ စီမံချက်ပါ အပိုင်းကြီးလေးပိုင်းမှ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်သို့ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းနှင့် အနှစ်သာရတိုးတက်အောင် ကြိုးကြပ်ကွပ်ကဲခြင်းများ၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်များကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန် ရှင်းလင်းမှာကြားခဲ့သည်။

**တင်လှိုင်(မိတ္ထီလာ)**

# နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သစ္စာစီမံချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၄) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇူလိုင် ၁၃ ရက်က အခမဲ့ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရန်ကုန်အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဦးစီးဌာနမှူး ဦးခင်မောင်ညွန့်တို့က ဦးဆောင်၍ ဝန်ထမ်းများက ပြုလုပ်ပေးခြင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**




အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊

စာမေးပွဲတွင် အမှန်အသုံးပြုရမည့် ပုံစံနှင့်အညီ လော့ဂရမ်သင်္ချာပြဇယားများအား လွယ်ကူစနစ်ကျစွာ အသုံးပြုတတ်စေရန် နည်းလမ်းကောင်းများကို ဖော်ပြထားပြီး အရည်အသွေးကောင်း စက္ကူများဖြင့် ထုတ်လုပ်ထားသော ...

**အလင်းသစ်လော့ဂရမ်သင်္ချာ**

**အလင်းသစ်စာတည်းအဖွဲ့**

ဆိုင်များတွင်ရပြီ

အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ မြို့မရပ်ကွက်နေ အိမ်နံပါတ် (၁၅၁) ဦးအောင်ကျော်နိုင် ၆/သရခ(နိုင်)၀၂၇၂၇၁၊ ဒေါ်မြစန်းမူ ၆/သရခ(နိုင်)၀၀၂၇၉၂ တို့၏သား မောင်သက်ဂျွန်ထွေးအား မောင်သက်နိုင်ထွေးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သက်နိုင်ထွေး**

## ဖခင်အမည်မှန်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း (A)မှ မပန်းဝတ်ရည်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစန်းထွေး ၁၂/ဒဂရ(နိုင်)၀၀၀၃၇၀ ဖြစ်ပါကြောင်း။

**ဦးစန်းထွေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၄၂၂၈ Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ထွန်း ၃/ပကန(နိုင်)၀၀၆၃၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## မြေကွက်ရောင်းဝယ်ရေး

မာ်

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?

SEVEN ၀ိ နှင့်ဆက်သွယ်လိုက်ပါ။

အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံးဝ မယူပါ"

Ph: 09-33 333 511

09-33 333 514

09-33 333 644

## ဂျပန်နိုင်ငံရဲ့ အင်ဂျင်နီယာနည်းပညာတွေ သင်ယူချင်ပါသလား?

▶▶ Okayama နည်းပညာတက္ကသိုလ်မှာ အဆင့်မြင့် အင်ဂျင်နီယာနည်းပညာတွေသင်ယူနိုင်ပါတယ်။ ကျောင်းတက်ရင်း Part Time အလုပ်လုပ်ရင်း ဝင်ငွေရှာနိုင်ပါတယ်။

▶▶ ဆယ်တန်းအောင်မြင်ပြီး ဂျပန်စာအခြေခံရှိသူတိုင်း (အမှတ်စာရင်းမလို) Automotive Eng , Electrical Eng ; Civil and Surveying , Architure , Manufacturing , Information System , Bioscience , Audio & Visual စတဲ့ Major တွေကို နှစ်သက်ရာ ရွေးချယ်နိုင်တက်ရောက်နိုင်ပါတယ်။

▶▶ လိုအပ်တဲ့ ဂျပန်စာအခြေခံကို GLORY မှာသင်ယူပြီး ဂျပန်ကျောင်းဝင်ခွင့်နဲ့ ကျောင်းတက်ရန်၊ Part Time အလုပ်ရရှိရေး ကိစ္စရပ်များအတွက် ဝန်ဆောင်ခ မယူဘဲ အခမဲ့ GLORYမှ ကူညီ ဆောင်ရွက်ပေးပါတယ်။

ဂျပန်စာ တန်းခွဲသစ် စပြီ

GLORY No.138 / 140 ၊ ဒုထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
www.glory-education.com ☎ 09-73121717,09-5197817

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)
## ဆေးဘက်ဆိုင်ရာဝန်ထမ်းများ အလိုရှိသည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် (၃၈)ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဆေးဝန်ထမ်းများ လိုအပ်လျက်ရှိသည်-

(က) ဆရာဝန်များ

(ခ) သူနာပြုဆရာကြီး/ဆရာမကြီးများ

(ဂ) အထက်တန်းသူနာပြု/သူနာပြုများ

၂။ လျှောက်ထားသူသည် ကိုယ်တိုင်ရေးသားသည့် လျှောက်လွှာနှင့်အတူ C.V Form ဘွဲ့လက်မှတ်/ဒီပလိုမာလက်မှတ်မိတ္တူ၊ သက်တမ်းရှိသော ဆေးကုသခွင့်လိုင်စင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်များပါရှိရမည်ဖြစ်ပါသည်။ ဤဆေးရုံကြီးတွင် အနည်းဆုံးငါးနှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်၍ နိုင်ငံ့ဝန်ထမ်းအဖြစ် အငြိမ်းစားယူပြီးသည့် အသက် (၆၅)နှစ်မကျော်သေးသူများလည်း လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး ဖုန်း-၀၁-၅၅၈၄၃၄ နှင့် အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၁-၅၄၁၇၈၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**

## ဝန်ထမ်းအလိုရှိသည်

၁။ **Marketing Assistant** **M/F (6)Post**

B-Tech (Civil) (သို့) Engineering နှင့်သက်ဆိုင်သော Diploma ဘွဲ့တစ်ခုခုရရှိထားသူ။

၂။ **Sales** **M (6)Post**

မြို့တွင်း/နယ်ဝေးသွားလာနိုင်သူ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ။

၃။ **Office Staff** **F (2)Post**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ။ ကွန်ပျူတာစာစီ/စာရိုက် ကျွမ်းကျင်သူ။ စာရင်းအင်းနှင့် သက်ဆိုင်သည်များကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ။

၄။ **Driver** **M (4)Post**

လိုင်စင်သက်တမ်း(၂)နှစ်အထက်၊ မြို့တွင်းနယ်ဝေး ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ၊ အရက်သေစာကင်းရှင်းသူကို ဦးစားပေးမည်။

- အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်ဖြစ်ပြီး၊ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ နှစ်ပတ်အတွင်း ဖော်ပြပါဖုန်းနံပါတ်သို့ တိုက်ရိုက်ဆက်သွယ် လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၅၃၆၁၈၅၅/၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၀ယ/၃၄၈၉၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန့်ဇင်ထွန်း ၈/မကန(နိုင်)၀၆၂၆၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၄၇၁၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးစောဆာလော်လာ ၂/ဒမဆ(နိုင်)၀၀၅၂၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျပင်းကျေးရွာ၊ အထက(ခွဲ)၊ ဆဋ္ဌမတန်းမှ မောင်နော်ထူးအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လွင် ၈/စလန(နိုင်)၁၃၂၃၈၅ ဖြစ်ပါကြောင်း။

**ဦးခင်မောင်လွင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၆၅၇၇ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်ဇင်မြင့် ၅/ကဘလ(နိုင်)၀၅၂၄၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ တောင်နီ အထက၊ တက္ကသိုလ်ဝင်တန်း (က)မှ မောင်ကျော်ရဲလွင်အား ယနေ့မှစ၍ မော်ဟေ(စ်)ကူမာရ် ၁၃/ကလန(ဧည့်) ၀၀၀၆၉၁ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မော်ဟေ(စ်)ကူမာရ်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ တောင်နီ အထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မော်ဟေ(စ်)ကူမာရ်၏ ဖခင်အမည်မှန်မှာ ရှီဘာလာက် ၁၃/ကလန(နိုင်) ၀၅၀၇၅၈ ဟု ဖြစ်ပါကြောင်း။

**ရှီဘာလာက်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၃၁၂၈၊ ဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ ဦးမျိုးမြင့်မောင်အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ဦးမျိုးမြင့်မောင် ၉/မလန(နိုင်)၀၀၃၉၃၉ (ဘ)ဦးလှဝင်းမှပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန်မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်
နေ့စဉ်ဘဝကို အကျိုးရှိစေသည်
ဈေးဝယ်ကူပွန်များ၊ ကံစမ်းမဲများ၊ သတင်းများ၊ မြန်မာ့ဝတ္ထုတိုများနှင့်
အခြားစိတ်ဝင်စားဖွယ် အသစ်များကို နေ့စဉ် အခမဲ့ ရရှိနိုင်ပါသည်။
လိုတရ lotayamm.com
[သို့] "7000" သို့ "LTY" ဟု SMS ပေးပို့လိုက်ပါ
မာတိကာများ
New!! ကူပွန်
စားသောက်ဆိုင်နဲ့ Spa များအပါဝင် ကုမ္ပဏီများမှ အထူးလျှော့ဈေး လက်ဆောင်များစသော အထူးခံစားခွင့် အမျိုးမျိုးပါဝင်သောကူပွန်များ အခမဲ့ရရှိနိုင်ပါပြီ။ MPT အသုံးပြုသူများအားလုံး (CDMA အသုံးပြုသူများမှလွဲ၍) ယခုပင်အကျိုးခံစားခွင့်များကို လိုတရကူပွန်များနဲ့အတူ ရယူလိုက်ပါ!
New!! ကံစမ်းမဲ
MPT အသုံးပြုသူအားလုံး (CDMA အသုံးပြုသူများမှလွဲ၍) လိုတရကံစမ်းမဲကို ဝင်ရောက်ကံစမ်းနိုင်မည်ဖြစ်ပြီး တစ်ရက်လျှင် ကံထူးသူ အယောက် (၃၀) ကို ၁၀၀၀ ကျပ်တန်ငွေဖြည့်ကဒ်များ ကံစမ်းပေးနေပါပြီ။ ကံမထူးခဲ့လျှင်လည်း မိနစ် (၃၀) အကြာတစ်ခါပြန်လည်ကံစမ်းနိုင်မည်ဖြစ်သောကြောင့် ယခုပင်ဝင်ရောက်ကံစမ်းလိုက်ပါ!
နောက်ဆုံးရ သတင်းများ၊
မိုးလေဝသသတင်း အချက်အလက်များ၊
နေ့စဉ် ငွေလဲလှယ်နှုန်းများ၊
ဉာဏ်စမ်း ပဟေဠိများ၊
မြန်မာ့ဝတ္ထုတိုများ၊
ဈေးဝယ်ကူပွန်များနှင့်
အခြားစိတ်ဝင်စားဖွယ်အသစ်များ၊
အထက်ပါအကြောင်းအရာတို့ကို အချိန်နှင့်တပြေးညီ နေ့စဉ် အခမဲ့ရရှိနိုင်ပါသည်။
လိုတရ အသုံးပြုပုံ
lotayamm.com
1. သင့် ဖုန်းအတွင်းမှ Internet Browser ကိုဖွင့်ပါ။
2. Lotayamm.com ဟု ရိုက်နှိပ်ပြီး ရှာဖွေနိုင်ပါသည်။
[သို့]
"7000" သို့ "LTY" ဟု SMS အခမဲ့ ပေးပို့လိုက်ပါ
1. သင့်ဖုန်းအတွင်းမှ Message ကိုဖွင့်ပါ။
2. 7000 သို့ LTY ဟု ရိုက်နှိပ်ပေးပို့လျှင် Lotaya သို့ဝင်ရောက်ရန် Link ရရှိမည်ဖြစ်သည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန(MIEDC)တွင် ဇူလိုင်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**General Management Course for Entrepreneurs**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၂၀-၇-၂၀၁၆ ရက်မှ ၂၉-၇-၂၀၁၆ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
**သင်တန်းကြေး** - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)
အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။
**သင်တန်းစုံစမ်းရန်** - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၀၉-၂၅၂၈၅၄၃၃၉

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ ၂၃၀ ကေဗွီ မန်စံ-ရွှေစာရံ ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ရွှေကျင်-သာယာကုန်း ဓာတ်အားလိုင်းများ၌ OPGW ကြိုးအား Live Line စနစ်ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၈-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့တွင် ပေ (၉၈×၆၀× ၁၇)ရှိ ရေ၊ မီး၊ ဆေး အပါအဝင် မော်တော်ယာဉ်များစစ်ဆေးသည့် Steel Structure နှင့် သံကူကွန်ကရစ် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၇-၂၀၁၆ရက်
(ခ) **နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၉-၈-၂၀၁၆ရက် ညနေ ၄:၃၀နာရီ

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများကို ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၈၁-၂၁၂၃၈၄၈၊ ၀၈၁-၂၁၂၁၅၈၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတက္ကသိုလ်(လှိုင်ကော်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(လှိုင်ကော်)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) **Electrical and Electronic Lab**
- (၁) Main Mother Units
- (၂) Electrical Engineering System Modules
- (၃) Electric Machines Engineering System Modules
- (၄) Power Electronic Engineering System Modules

(ခ) **ပရိဘောဂများ**
- (၁) Meeting table (2'6"x2'6"x2'6") ၂လုံး
- (၂) Computer Table ၆၆လုံး
- (၃) Meeting table (5'x2'6"x2'6") ၁၁လုံး
- (၄) ဗီရို (Leeco CBO3) (3'x1'6") ၈လုံး
- (၅) 4 Drawers Cabinet ၈လုံး
- (၆) Leeco Locker ၈လုံး

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၈-၇-၂၀၁၆ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၂-၈-၂၀၁၆ရက် ၁၆:၀၀နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(လှိုင်ကော်)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ်(လှိုင်ကော်) ဖုန်း-၀၉-၅၆၀၀၄၈၆နှင့် ၀၈၃-၂၁၄၇၅တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(လှိုင်ကော်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိရွှေဘိုခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းနှင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်း၊ တိုင်းဒေသကြီး အထူးပြင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့် ရွှေဘိုခရိုင်မြို့နယ်များမှ တာဝန်ယူဆောင်ရွက်ရသော လမ်းနှင့်အဆောက်အအုံလုပ်ငန်းများအတွက် လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၈-၈-၂၀၁၆ရက် ညနေ ၄:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၈-၂၀၁၆ ရက် နံနက် ၁၀:၀၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရွှေဘိုမြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရွှေဘိုခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၅-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၇၅-၂၁၀၀၇၊ ၀၇၅-၂၂၉၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ရွှေဘိုခရိုင်**
**ဖုန်း-၀၇၅-၂၁၀၀၇**
**Fax-၀၇၅-၂၂၉၃၇**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်/ယန္တရားများကို နိုင်ငံပိုင် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| 1 | Excavator Mounted Sheet Pile Vibro Hammer | 1 Set | Any Brand | DDP(Yangon) |
| 2 | Hydraulic Pile Breaker | 1 Set | Any Brand | DDP(Yangon) |
| 3 | Girder Launching Device Machine | 1 Set | Any Brand | DDP(Yangon) |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၈-၂၀၁၆ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)ရုံး တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ၊ ပင်မအလုပ်ရုံ(တောင်)၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၄၇၁၂၉၊ ၀၉-၄၀၁၅၆၀၀၀၉၊ ၀၉-၂၅၄၂၂၀၀၉**

## လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း
## ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း (၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၄-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်နေရာ** - မင်းကွန်းတိပိဋကကျောင်း (ငွေရတုခန်းမ) အမှတ် (၁၆)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်
**ကျင်းပမည့်အချိန်** - နံနက် ၉:၀၀နာရီတွင် တရားနာပါမည်။ နံနက် ၁၀:၀၀နာရီတွင် သံဃာတော်များအား နေ့ဆွမ်းကပ်ပြီးကြွရောက်လာသော ဧည့်သည်များအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

လျှပ်စစ်ဝန်ထမ်းဟောင်း အသင်းသား၊ အသင်းသူများအားလုံး ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အမှတ် (၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်ရှိ အသင်းရုံး ဖုန်း-၀၁-၂၃၀၁၀၇၄နှင့် ၀၉-၄၂၀၀၆၅၆၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**
**ဖုန်း-၂၃၀၁၀၇၄**

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်)မှ ကြီးမှူး၍ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသား၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက် ၂၀၁၆ ခုနှစ် ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉:၀၀နာရီ (သင်္ကန်းကပ်လှူပူဇော်ခြင်းနှင့်တရားတော်နာရေစက်ချခြင်း) နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ (ဧည့်ခံကျွေးမွေးခြင်း)
**နေရာ** - မြိတ်ကျားကျောင်းအိမ်တော်ရာဘုရားဝင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

အသင်းသူ၊ အသင်းသားများ လှူဖွယ်ပစ္စည်းများအား အသင်းရုံးခန်းသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ပြီး ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ပါကြောင်းလည်း အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**အမှတ်(၇၀)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၉-၇၃၂၅၄၉၃၅**

## မကွေးမြို့၊ မြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း (၁၀) ရက်မှ သီတင်းကျွတ်လကွယ်နေ့အထိ ၁၁-၁၀-၂၀၁၆ရက်မှ ၃၀-၁၀-၂၀၁၆ရက်အထိ ရက် (၂၀) ကျင်းပပါမည်။ ယခုနှစ် ဆိုင်ခန်းလျှောက်လွှာများကို ယခင်နှစ်ဆိုင်ခန်းပြေစာများနှင့် ပူးတွဲလျက်ရောင်းကုန်အမည်ဖော်ပြ၍ ဆိုင်ခန်းတစ်ခန်းလျှင် ကြိုတင်ငွေ ကျပ်၁၈၀၀၀/-(ကျပ်တစ်သောင်းရှစ်ထောင်တိတိ) တင်သွင်း လျှောက်ထားရပါမည်။ ဆိုင်မထွက်လျှင် ငွေပြန်မအမ်းပါ။ ဈေးဆိုင်ဟောင်းများလျှောက်လွှာကို ၁၃၇၈ခုနှစ် ဝါခေါင်လပြည့်နေ့ (၁၈-၈-၂၀၁၆ရက်) နောက်ဆုံးထား၍လည်းကောင်း၊ ဈေးဆိုင်သစ်များလျှောက်လွှာကို ဝါခေါင်လပြည့်ကျော် ၆ ရက်မှ တော်သလင်းလပြည့်နေ့ (၂၄-၈-၂၀၁၆ရက်မှ ၁၆-၉-၂၀၁၆ရက်)ထိ နောက်ဆုံးထား၍လည်းကောင်း တင်သွင်းကြရပါမည်။

ဇာတ်/အငြိမ့်/ဘားဆပ်ကပ် ကပွဲရုံ(၁)ရုံမြေနေရာကို ၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက် ၂၇-၇-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးခန်း၌ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။

**မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ မကွေးမြို့**
**ဖုန်း-၀၉-၆၅၆၁၃၃၁၊ ၀၉-၂၅၆၁၄၄၄၆၅**

**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်**
**( ကြော်ငြာချက်)**

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၁၅-၂၀၁၆ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၂၁-၇-၂၀၁၆ရက်နေ့ ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂၂-၇-၂၀၁၆ ရက်နေ့၊နံနက်(၁၀:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပွဲတော်ကာလတွင် သိမ်းဆည်းထားသည့် ရွှေမိုက်များ**

| | | |
|---|---|---|
| (က)ရွှေလှောင်စက္ကူ(၁၃တင်းအိတ်) | ၁၃၂ | အိတ် |
| ( ခ)သုတ်ဖတ် | ၃၃၉ | လုံး |
| ( ဂ)ကန်မြေ(မြွေခွံအိတ်၃အိတ်) | ၂၂ | ပိုင်း |
| (ဃ)မြောင်းမြေ(မြွေခွံအိတ်၃အိတ်) | ၆ | ပိုင်း |

**ကျောက်လုံးတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူသည့်လုပ်ငန်းမှရရှိသည့်ရွှေမိုက်များ**

| | | |
|---|---|---|
| (က)ရွှေလှောင်စက္ကူ(၁၃တင်းအိတ်) | ၁၈ | ပိုင်း |
| ( ခ)သုတ်ဖတ်(ပလပ်စတစ်ကြွပ်ကြွပ်အိတ်) | ၁၈ | ထုပ် |
| ( ဂ)ရွှေမှုန်ရောရာသစ်စေးသရိုးဖတ် | ၁ | ပီသာခန့် |
| (ဃ)ရွှေပန်းချီအဝတ်၊ပုဆိုး(မြွေခွံအိတ်) | ၁ | ထုပ် |

ကျိုက်ထီးရိုးစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့

## ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့မှကြီးမှူး၍ ရန်ကုန်မြို့ရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ မြို့နယ်အသင်းများနှင့် အခြားအလှူရှင်များ စုပေါင်းကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက် ၂၄-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ရခိုင်သူ/ရခိုင်သားများနှင့် အခြားအလှူရှင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ စုံစုံညီညီကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ် ၂၁၀-၃၀၂-၂၁၀၀၀၀၆၁၅၀၁ သို့ နီးစပ်ရာဘဏ်တွင် ငွေပေးသွင်းလှူဒါန်းပြီး အောက်ဖော်ပြပါပုဂ္ဂိုလ်များသို့ ဆက်သွယ်ပေးပါရန် ဖြစ်ပါသည်။

ဦးတင်ညွန့် ဖုန်း-၀၉-၄၂၁၁၁၈၅၆၊ ဦးစောသိန်း ဖုန်း-၀၉-၅၀၀၁၃၀၁၊ ဦးလှမောင် ဖုန်း-၀၉-၅၀၀၇၈၉၉၊ ဦးဝင်းမောင် ဖုန်း-၀၉-၇၃၀၀၁၄၄၇

**အလုပ်အမှုဆောင်အဖွဲ့**
**ဖုန်း-၀၉-၃၁၅၄၇၂၁၅**

## ရပ်ရှင်လောကသားများ သိသာရန်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများသည် ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုရာ၌ ဂုဏ်ထူးဖြင့် အောင်မြင်သူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဂုဏ်ပြုပွဲကျင်းပမည်ဖြစ်ပါသဖြင့် လျှောက်လွှာပုံစံများ လာရောက်ထုတ်ယူပြီး ၁၅-၈-၂၀၁၆ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

**၁။ ကျောင်းသား/ကျောင်းသူအမည်**
**၂။ ဖခင်/မိခင်အမည်နှင့် အစည်းအရုံးဝင်ကတ်ပြားမိတ္တူနှင့် သန်းခေါင်စာရင်းမိတ္တူ**
**၃။ နိုင်ငံသားမှတ်ပုံတင်မိတ္တူ**
**၄။ ဂုဏ်ထူးရဘာသာအမှတ်စာရင်း**
**၅။ လိုင်စင်ဓာတ်ပုံ(၂)ပုံ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ဆေးရုံဝင်းနေ ဦးချစ်တင်၏သမီး မမြမြဝင်း ၅/ခဉတ(နိုင်)၀၂၆၈၁၆၏ မွေးသက္ကရာဇ်မှာ ၂၂-၁၂-၁၉၆၄နှင့် မမြဝင်း ၅/ခဉတ(နိုင်)၀၂၆၈၁၆၏ မွေးသက္ကရာဇ်မှာ ၂၁-၁၂-၁၉၆၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/2377 Suzuki Carry DA63T အမည်ပေါက်သူ ဦးဇေယျာ ၁၄/ပသန(နိုင်)၂၃၈၁၉၀ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကနည၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ AMM Family Co., Ltd. ၏ ကုမ္ပဏီမှတ်ပုံတင်၊ ထသကလက်မှတ်နှင့်အတူ အခြားစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၅၁၇၄၆၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်-၂၉၂/ခ၊မြေကွက်အမှတ်-၂၃၊မြေကွက်တည်နေရာ-၂၉၂/ခ၊မြတ်လေးလမ်း၊၅-ရပ်ကွက်၊ရွှေပြည်သာဒေါ်စန်းစန်းရီ(၁၂/အစန(နိုင်)၀၀၉၀၆၈)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်စန်းစန်းရီ(၁၂/အစန(နိုင်)၀၀၉၀၆၈)မှပါမစ်ပျောက်ဖြင့်ထုတ်ယူထားသောဂရန်မူရင်းတင်ပြ၍အရောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၀၁၆၁)၊ ဧရိယာ ၀.၁၁၁၀ဧကရှိ နှစ် ၃၀ မြေငှားစာချုပ်မြေကွက်၏ မြေကွက်အမည်ပေါက် ဦးတက်တိုးကွယ်လွန်သွားပါ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ် (S-127) အား ဦးချစ်ကျော်(ဘ)ဦးဝမ်ရှင်းဟွမ် ၉/မရမ(နိုင်)၀၇၈၈၅၇ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နေရာချထားပေးသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ မြေပေးစလစ်မူရင်းပျောက်ဆုံးသွားပါ၍ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှု အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးချစ်ကျော်အမည်ပေါက် မြေပေးစလစ်မူရင်းအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ် (S-117) အား ဦးချစ်ညဏ်(ဘ)ဦးဝမ်ရှင်းဟွမ် ၉/မရမ(နိုင်)၀၇၈၈၅၈ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နေရာချထားပေးသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ မြေပေးစလစ်မူရင်းပျောက်ဆုံးသွားပါ၍ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှု အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးချစ်ညဏ်အမည်ပေါက်မြေပေးစလစ်မူရင်းအား ပယ်ဖျက်၍ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မုံရွာခရိုင်တရားမရုံး၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၇**

ဦးဝင်းငွေး — နှင့် — ၁။ ဒေါ်ယဉ်ယဉ်အေး
၂။ ဒေါ်မိုးမိုးခိုင်

**တရားလို** — **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြဝတီရပ် (ယခင်သလ္လာမြို့သစ်ရပ်) စံပယ်လမ်းနေ ဒေါ်မိုးမိုးခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုဦးဝင်းငွေးက ဝင်းမြေနှင့်အဆောက်အအုံမှ ဖယ်ရှားထွက်ခွာသွားစေရန်နှင့် လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်တင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ လက်ပံခါးလှကျေးရွာနေ ဒေါ်ဇင်မာချစ် ၈/မကန(နိုင်)၁၆၁၈၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် ၂၉-၅-၂၀၁၆ရက်စွဲပါ ပဋိညာဉ်စာချုပ်အားဖျက်သိမ်းကြောင်းနှင့် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ (၃/၂) လမ်းတွင် ငှားရမ်း၍ ဖွင့်လှစ်ထားသော ရွှေပဒုမ္မာဖိနပ်ဆိုင်လုပ်ငန်းမှာ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းပိုင်ဆိုင်သည့်လုပ်ငန်းဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေသဘောမတူဘဲ ရွှေပဒုမ္မာဖိနပ်ဆိုင်လုပ်ငန်းအမည်ကို အသုံးချ၍ တစ်စုံတစ်ရာအသုံးပြုခြင်းမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့စိန် (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၈၀၊ နေပြည်တော်**

## အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၂)၊ အကွက်အမှတ်(၄၇/လုံလော့ရပ်)၊ ဦးပိုင်(၄၆/ခ)၊ ဧရိယာ ၀ ဒသမ ၀၄၀ ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၁၈၂-၅/၂၀၀၉-၂၀၁၀(A)ဖြင့် ဦးရှုယိန်ချောင်(ခ)တင်အောင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏သားဖြစ်သူ ဦးရှုမိန်(ခ)ဥူန်နီ ၁၃/လရန(ဧည့်)၀၀၀၃၆၈ သို့ မေတ္တာဖြင့် ပေးကမ်းခဲ့ပြီး အမည်ပြောင်းလျှောက်ထားခြင်းအား ကန့်ကွက်လိုသူများရှိပါက ခရိုင်ထွေအုပ်ရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးရှုမိန်(ခ)ဥူန်နီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၂၁၁၃/ ဒ-၂၁၁၅)၊ ဧရိယာ ၀.၂၂၉ ဧကရှိ ပါမစ်မြေကွက်အား ဒေါ်ခင်မာနွယ် (ဘ)ဦးကြင် ၁၂/ဒဂန(နိုင်)၀၁၇၀၃၀ မှ ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ မြေပေးမိန့်ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဒေါ်ခင်မာနွယ် အမည်ပေါက် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၁၁/ဈ)၊ ဗျူဟာလမ်းအရှေ့၊ ဦးပိုင်အမှတ်(၄၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၂၀ ဧကရှိသော ဒေါ်မမလေး အမည်ပေါက်သောမြေကွက်ကို သားဖြစ်သူ ဦးတင်မောင်လေးအား လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ရက်စွဲပါ (၁၉-၆-၂၀၀၆)ဖြင့် အိမ်မြေကွက်မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်အမှတ်(၁၇၇/၂၀၀၆)ဖြင့် ပေးကမ်းခဲ့ပြီး ခင်ပွန်းဖြစ်သူ ဦးတင်မောင်လေးမှာ လွန်ခဲ့သော ၇-၂-၂၀၁၁ ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်ကို ဇနီးဖြစ်သူ ဒေါ်နန်းငွေးငွေးမြင့်မှ အိမ်မြေကွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုပြီးအမည်ပြောင်းလျှောက်ထားခြင်းကို ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း ၂၀အတွင်း ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်နန်းငွေးငွေးမြင့် ၁၃/လရန(နိုင်)၀၁၄၂၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (S-024/S-062) မြေကွက် (၂) ကွက်အား ဦးဇော်ထွန်း(ဘ)ဦးဘတင့် ၅/ဆလန(နိုင်)၀၅၇၂၈၇ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နေရာချထားပေးသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်၏ မြေပေးစလစ်မူရင်းပျောက်ဆုံးသွားပါ၍ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှု အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးဇော်ထွန်းအမည်ပေါက် မြေပေးစလစ်မူရင်းများအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (S-025) အား ဒေါ်နန်းချောကလျာ(ဘ)ဦးထွန်းမြင့် ၁၃/နခန(နိုင်)၀၀၄၄၇၇အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နေရာချထားပေးသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်၏ မြေပေးစလစ်မူရင်းပျောက်ဆုံးသွားပါ၍ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှုအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါ်နန်းချောကလျာ အမည်ပေါက် မြေပေးစလစ်မူရင်းအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မိတ္ထီလာမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၃**

ဦးလင်းလတ်ထွန်း — နှင့် — ၁။ ဦးမြင့်သိန်းထွန်း
၂။ ဦးနေဝင်း
၃။ ဒေါ်နီနီအေး
၄။ ဒေါ်ဆွေဆွေဝင်း

**တရားလို** — **တရားပြိုင်များ**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်၊ နယ်မြေ (၁၄)၊ နွားပွဲဟောင်းလမ်း၊ အိမ်အမှတ် (၁၈၀)တွင် နေထိုင်သူ (၁) ဦးမြင့်သိန်းထွန်း၊ (၂) ဦးနေဝင်း၊ (၃) ဒေါ်နီနီအေး၊ (၄)ဒေါ်ဆွေဆွေဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ တရားလိုက သင့်အပေါ် မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်၊ မြေကွက်အမှတ်(၁၆-၄/ရန်မျိုးအောင်)၊ ဦးပိုင်အမှတ်(၇၉)၊ဧရိယာ ၀ဒသမ ၀၅၁ ဧကရှိ ဝိုင်းမြေနှင့်အကျိုးသက်ဆိုင်ခွင့်အရပ်ရပ်တို့အတွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မိတ္ထီလာမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆၇နှင့် ဆက်နွှယ်သည့်**
**၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၃၀**

ဦးသိန်းစိုးထိုက် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်မင်းအောင်) — နှင့် — ၁။ ဦးကိုကိုကြီး
၂။ ဒေါ်ခင်မာထွေး

**ဒီကရီအနိုင်ရသူ** — **တရားရှုံးများ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၆၁နေ ဦးကိုကိုကြီး၊ ဒေါ်ခင်မာထွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆၇တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးသိန်းစိုးထိုက် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်မင်းအောင်) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ်၊ ဇူလိုင် ၂၉ရက် (၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ခုနှစ်၊ ဇူလိုင် ၁၄ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နော်မာဂရက်သာမီး)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄**

ဦးတောအောင် — နှင့် — ၁။ ဦးကျော်မင်းဦး
၂။ ဦးမောင်မောင်သိန်း(ခ)ဘဒွေး
၃။ ဦးညီညီလင်း

**တရားလို** — **တရားပြိုင်များ**

ဦးညီညီလင်း၊ အင်းရွာလမ်းခွဲ၊ ရွှေရောင်ပြကျေးရွာ၊ အင်ဒေါင်အုပ်စု၊ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတောအောင်က နစ်နာကြေးငွေ ကျပ် သိန်း၁၅၀ နှင့် ဆေးကုသစရိတ်ငွေ ကျပ် သိန်း၅၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ကဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၅ ရက် (၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူက တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကိုကျော်လင်းထက် (တောင်ကြီး)

**အသက်(၄၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် ၁၁၂နေ ဦးတင်မောင်ရွှေ-ဒေါ်ညိုညိုသန်းတို့၏သား၊ ကိုကျော်စိုးမိုး၊ ကိုစိုးမြတ်မင်း၊ ကိုသူရိန်တင်တို့၏ အစ်ကိုသည် ၁၅-၇-၂၀၁၆ရက်(သောကြာနေ့)ညနေ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၂၂၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၂၉/ခ)၊(၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးတင်မြ (W/RGN- ၀၁၂၈၂၆)အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်မြ(ကွယ်လွန်သဖြင့်)အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၇၄၇၃/၂၇-၁၁-၂၀၁၅)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ရစ်ငုတ်ကျင်(ခ) ဒေါ်ငုတ်ကျင်၁၂/ဒဂတ(နိုင်)၀၀၉၈၉၃မှ နှစ် ၆၀ မြေငှားဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှကွင်းဆင်းစိစစ်ရာ တစ်ထပ် ပျဉ်ထောင်သွပ်မိုး(၁)လုံးရှိပြီး လျှောက်ထားသူ၏ အိမ်ငှား ဦးလှမြင့်မိသားစုနေထိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။သို့ပါ၍ ဒေါ်ရစ်ငုတ်ကျင်(ခ)ဒေါ်ငုတ်ကျင်မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇**

၁။ ဦးမောင်မြင့် — နှင့် — ၁။ ဦးကျော်မင်းဦး
၂။ ဦးမျိုးမင်းခိုင် — ၂။ ဦးမောင်မောင်သိန်း(ခ) ဘဒွေး
၃။ မအေးအေးထွန်း — ၃။ ဦးညီညီလင်း

**တရားလိုများ** — **တရားပြိုင်များ**

ဦးညီညီလင်း၊ အင်းရွာလမ်းခွဲ၊ ရွှေရောင်ပြကျေးရွာ၊ အင်ဒေါင်အုပ်စု၊ ထီးချိုင့် မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မြင့်ပါ -၃ က နစ်နာကြေးငွေကျပ် ၁၃၅ သိန်းနှင့် ဆေးကုသစရိတ်ငွေ ကျပ် ၁၁၅ သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ကဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၅ ရက် (၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူက တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၂၂)**
**ပြည်ကြီးတံခွန်မြို့နယ် တရားမရုံးတော်၌**
**၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၄နှင့် ဆက်နွှယ်သည့်**
**၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၀**

ဦးကျော်မြင့်လွင် — နှင့် — ဦးတင်ဝင်း

**ဒီကရီအနိုင်ရသူ** — **တရားရှုံး**

ဦးတင်ဝင်း အကွက် (၆/၃၅)၊ ကဥ္စဏမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ် ၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤ ရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ် စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ်၊ ဇူလိုင် ၂၈ရက် (၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ခုနှစ်၊ ဇူလိုင် ၈ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူခိုင်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ (၃၇)နေ ဦးစိုးမြင့် ၁၄/လပတ(နိုင်)၀၀၅၃၂၃၏ သား မောင်သန့်ဖြိုးလွင် ၁၄/လပတ(နိုင်)၁၇၆၄၂၁သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံခြင်း၊ စိတ်ဆင်းရဲစေသည့် အပြုအမူများကို အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေသည့် မိဘတို့ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုမူဆောင်ရွက်သွားပါသဖြင့် ၁၁-၇-၂၀၁၆ ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် ဦးစိုးမြင့် ၁၄/လပတ(နိုင်)၀၀၅၃၂၃**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် UNFC ခေါင်းဆောင်များ ရင်းနှီးသောမိသားစုဝင်များအဖြစ် တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဇူလိုင် ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအင်ဘန်လ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးခွဲ၌ ရင်းနှီးသော မိသားစုဝင်များအဖြစ် ပထမဆုံးအကြိမ် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် အစိုးရဘက်မှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဦးမိုးဇော်ဦးတို့ တက်ရောက်ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC)ဘက်မှ UNFC ဥက္ကဋ္ဌ ဦးအင်ဘန်လနှင့်အဖွဲ့ဝင် ဦးနိုင်ထောမွန်၊ ဦးခွန်းအေဘယ်တွိဒ်၊ ဦးဆေထင်နှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation - DPN) ခေါင်းဆောင် ခူဦးရယ်အပါအဝင် အဖွဲ့ဝင် ရှစ်ဦးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ခြောက်ရက်ကြာပိတ်ထားသော ချင်းတွင်းမြစ် ရေယာဉ်ခရီးစဉ်များ ပြန်ဖွင့်



**မုံရွာ ဇူလိုင် ၁၇**

စိုးရိမ်ရေမှတ်ထက် ကျော်လွန်ကာ သွားလာရေးတွင် အန္တရာယ်ရှိနိုင်သောကြောင့် ချင်းတွင်းမြစ်သွားရေယာဉ်များကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့က သွားလာမှုခရီးစဉ်များကို ခြောက်ရက်ပိတ်ထားရာမှ ဇူလိုင် ၁၇ ရက်က စိုးရိမ်ရေမှတ်အောက် လျော့ကျသွားသောကြောင့် ပြန်လည်သွားလာခွင့်ပြုရာ ခရီးသည်တင်ရေယာဉ် ၁၄ စင်းနှင့် ကုန်တင်ရေယာဉ် ၅၁ စင်း စုစုပေါင်း ၆၅ စင်းသည် ယနေ့ နံနက် ၄ နာရီခွဲတွင် ထွက်ခွာသွားကြကြောင်း သိရသည်။

"ဒီနေ့မနက် ၄ နာရီခွဲမှာ ကုန်တင်ရေယာဉ် ၅၁ စင်းနဲ့ ခရီးသည်တင်ယာဉ် ၁၄ စင်း စတင်ထွက်ခွာသွားပါပြီ။ ပိတ်ထားတဲ့ရက်က ခြောက်ရက်ဆိုတော့ သွားမယ့် ခရီးသည်တွေကများတဲ့အတွက် အချို့အသင်းတွေဆိုရင် နှစ်စင်းထွက်တာရှိတဲ့အတွက် ၁၄ စင်း အထိထွက်ကြတာပါ။ ကုန်တွေကလည်း ခြောက်ရက်လောက်မပို့ရတဲ့အတွက်

*စာမျက်နှာ ၄ ကော်လံ ၅*

## ဝဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဝဝန်မြစ်တစ်လျှောက်မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

